ကြေးမုံ The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့၊ (21-9-2014) (၇၉၇၀)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် က (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

**မိဘပြည်သူများခင်ဗျား-**

ယနေ့ကျရောက်သည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့တွင် မိဘပြည်သူများထံသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ "ငြိမ်းချမ်းရေးသည် လူသားအားလုံးရရှိခံစားသင့်သည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။" ဟူ၍ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ကြေညာချက်တွင်ဖော်ပြခဲ့သည့် (၃၂)နှစ်ပြည့်မြောက်သည်ကို ရည်စူး၍ ယနေ့အခမ်းအနားကို ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပကြခြင်းဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်လျက်ရှိနေသော အဖြစ်အပျက်များနှင့်သာဓကများက ငြိမ်းချမ်းရေးသည် လူ့အဖွဲ့ အစည်းတစ်ရပ်အတွက် မည်မျှအရေးကြီးသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း တွေ့မြင်ကြရပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိခဲ့သည့်အတွက် လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ခဲ့ရာ ပြည်ထောင်စုအတွင်းရှိ ဒေသများစွာမှ ပြည်သူများသည် ယနေ့တိုင် ငြိမ်းချမ်းရေးအနှစ်သာရကို ပြည့်ဝစွာခံစားရရှိခြင်းမရှိသည်ကို သိရှိကြပြီးဖြစ်ပါသည်။ ယင်းကိစ္စသည် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရာဒေသများမှ ပြည်သူများကိုသာမက နိုင်ငံတွင်းရှိ ပြည်သူတစ်ဦးချင်းစီ၏ ဘဝများကိုပါ ရိုက်ခတ်လျက်ရှိသည်ကိုလည်း သိရှိကြပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုသည် နိုင်ငံသားတစ်ဦးချင်းစီအတွက် အလွန်အရေးပါသော ဖြစ်စဉ်ကြီးတစ်ရပ်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့အစိုးရတာဝန်ယူချိန်မှစတင်၍ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကိစ္စကို အထူးအလေးထားလျက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် အထက်၌ ဖော်ပြထားသကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့်သက်ဆိုင်သည့် "ငြိမ်းချမ်းရေး" ကိစ္စအား အစိုးရချည်းသာမဟုတ်ဘဲ လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးတို့နှင့် လက်တွဲဆောင်ရွက်ကြရပါသည်။ ဝမ်းမြောက်အားတက်ဖွယ်ကောင်းသည့်ကိစ္စမှာ ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ အဖွဲ့အစည်း အသီးသီးနှင့် လူပုဂ္ဂိုလ်များအားလုံးသည် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြင်းပြစွာရှိနေကြပြီး နိုင်ငံရေးစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာလျက်ရှိပါသည်။ မကြာမီတွင် ကျွန်ုပ်တို့အားလုံး အတူတကွကြိုးပမ်းမှုဖြင့် ပေါ်ပေါက်လာသောရလဒ်များကို အခြေခံ၍ တစ်နိုင်ငံလုံး

**နိုင်ငံအတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များအားလုံးသည် ငြိမ်းချမ်းရေးအတွက် ဆန္ဒပြင်းပြစွာရှိနေကြပြီး နိုင်ငံရေးစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာလျက်ရှိ။**

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## မိုးရွာသွန်းမှု

၂၀-၉-၂၀၁၄

| | |
|---|---|
| ခန္တီး | ၃ ဒသမ ဂ၆ လက်မ |
| ကသာ | ၂ ဒသမ ၅၆ လက်မ |
| မာန်အောင် | ၂ ဒသမ ၃၆ လက်မ |
| ကန့်ဘလူ | ၁ ဒသမ ဂ၅ လက်မ |
| ငါန်းဇွန် | ၁ ဒသမ ဂ၅ လက်မ |
| ရေဦး | ၁ ဒသမ ၇၇ လက်မ |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# မိုးရွာသွန်းမှုများပြားသောကြောင့် ပုသိမ်ကြီးရေတံခွန်တောင်ရေတံခွန် လှပစွာစီးဆင်းလျက်ရှိ




ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်ကိုတွေ့ရစဉ်။

**မန္တလေး စက်တင်ဘာ ၂၀**

မိုးရွာသွန်းမှုနှင့်အတူ ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ ရေတံခွန်သည် စီးဆင်းလျက်ရှိပြီး လာရောက်အပန်းဖြေသူများ၊ ရေချိုးသူများ၊ ရေတံခွန်အလှကို ခံစားသူများဖြင့် များပြားလျက်ရှိကြောင်း သိရသည်။ ရေတံခွန်သည် အမြဲစီးဆင်းနေသည်မဟုတ်ဘဲ မိုးရွာသွန်းမှုများပြားမှသာ လှလှပပဖြာကျ စီးဆင်းလျက်ရှိသည်။ အခါကြီးရက်ကြီးများမှအပ သာမန်အချိန်များတွင် ရေတံခွန်တောင်သို့ လာရောက်လည်ပတ်သူ အနည်းငယ်သာရှိသော်လည်း ယခုကဲ့သို့ ရေများဖြင့် လှလှပပဖြစ်နေချိန်တွင် လာရောက်မှုပိုမိုကြောင်း တောင်ခြေရှိ ဈေးရောင်းသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ရေတံခွန်တွင် သုံးကြိမ်ထိ ရေစီးဆင်းခဲ့သော်လည်း ယခုနှစ်တွင် ယခုအကြိမ်သည်စတင်၍ ရေစီးဆင်းခြင်းဖြစ်ပြီး လာရောက်လည်ပတ်သူများစွာ ရှိနေပြီဖြစ်သည်။ "ရေတံခွန်ကနေ တစ်ခါလောက် ရေကျရင် အနည်းဆုံး တစ်ပတ်ကျော် နှစ်ပတ်လောက်အထိ ကြာတတ်ပြီး မိုးဆက်ရွာရင် အဲဒီထက်ပိုပြီး ရေစီးတယ်" ဟု ရေတံခွန်တောင်ခြေတွင် နေထိုင်သူတစ်ဦးကပြောသည်။ လက်ရှိအခြေအနေတွင် ပုသိမ်ကြီး ရေတံခွန်တောင်ရှိ ရေတံခွန်သည် တသွင်သွင်စီးဆင်းလျက်ရှိပြီး သဘာဝ

**စာမျက်နှာ ၇ ကော်လံ ၅ သို့** ○



ကြေးမုံစာတည်းရှုထောင့် ၂၁-၉-၂၀၁၄၊ တနင်္ဂနွေနေ့

# လမ်းလျှောက်ကြပါစို့

"စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" တစ်ချိန်က နံနက်ချိန်ခါ မင်္ဂလာတေးသံသာ ရေဒီယိုမှလာနေကျ ကျန်းမာရေးနှိုးဆော်တေးတစ်ပုဒ် မကြားရတာ ကြာခဲ့ပါပြီ။ "ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ ပျော်ဖို့၊ ရွှင်ဖို့၊ ကျန်းမာစေဖို့၊ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" သီချင်းစာသားက ယနေ့ထိတိုင် မဟောင်းနိုင်သေး။ အနှစ်သာရပြည့်ဝနေဆဲ။

လူတစ်ယောက်အတွက် အိပ်စက်ချိန်အနည်းဆုံး ရှစ်နာရီရှိသင့်သည်ဟု ဆေးပညာရှုထောင့်မှ ထောက်ပြထားသည်။ ပုံမှန် ည ၉ နာရီအိပ်စက်လျှင် နံနက်လင်းအားကြီးချိန် ၅ နာရီ နိုးထ၊ သာမန်လူသားတစ်ယောက်အတွက် ကျန်းမာရေးနှင့်ညီညွတ် ပုံမှန်အလုပ်၊ ရောင်နီလာစအချိန် တိုက်ခတ်သော သန့်ရှင်းလတ်ဆတ် လေနုအေးကို အဝရှူရှိုက်ရင်း လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေပါသည်။ အထူးသဖြင့် မြို့ပြနေပြည်သူများအတွက် ထိုအချိန်ခဏတာသည် ကြုံတောင့်ကြုံခဲရခဲသည်။ ရောင်နီပြူထွက်လာသည်နှင့် အပူငွေ့တွေ ဒလဟောထုတ်လွှတ်မည့် စက်ရုံ၊ အလုပ်ရုံများ၊ ကားများကြောင့် မြို့ပြလေထုညစ်ညမ်းလာတော့မည်။

တတ်နိုင်လျှင် စောစောအိပ်ကာ နံနက် ၄ နာရီနိုးထ၊ ကျန်းမာရေးအတွက် လမ်းမလျှောက်မီ စိတ်ကျန်းမာရေးလေ့ကျင့်ခန်းကိုလည်း ပုံမှန်လုပ်ပေးသင့်ပါသည်။ အခြားတစ်ဖက်တွင်လည်း "ငှက်ကျော် ကျီးကျော် မအိပ်ကောင်းဘူး၊ အသက်တိုတတ်တယ်၊ ငှက်မနိုး ကျီးမနိုးခင် ထရတယ်" ဟု ရှေးလူကြီးသူမများကဆိုထားရာ စောစောထခြင်းသည် အသက်ကို ဉာဏ်စောင့်ရာလည်း ရောက်ပါသည်။

"စောစောထပါ၊ စိတ်အာရုံကို တစ်ခုတည်းမှာ စုစည်းပြီး ၁၅ မိနစ်ခန့် ငြိမ်သက်စွာထိုင်ပါ၊ သင်တစ်နေ့တာလုံး စိတ်ချမ်းသာလိမ့်မည်။" စောစောထပြီး စိတ်ကျန်းမာရေးလေ့ကျင့်ခန်း ပုံမှန်လုပ်ဖို့သတိပေးထားသည်။ မည်သို့ဆိုစေ နံနက်ချိန်ခါသည် လူသားတစ်ဦးအတွက် စိတ်ရောကိုယ်ပါ လန်းဆန်းနေသည့် အချိန်အခါဖြစ်သလို သဘာဝလောကဓာတ်ကြီးသည်လည်း လှပသာယာရှိနေပါသည်။ ဤအချိန်ကို အမိအရဆုပ်ကိုင်ကျင့်ကြံနေထိုင်တတ်သူအတွက် တစ်နေ့တာလုံး လုပ်သမျှအောင်၊ ဆောင်တိုင်းမြောက်လျက် မင်္ဂလာအတိရှိနေပါလိမ့်မည်။

သို့သော် မြို့ကြီးပြကြီးနေ ပြည်သူတချို့မှာ ထိုသို့မဟုတ်ကြပါ။ အချိန်နှောင်းမှ အိပ်ရာဝင်တတ်ကြသလို အချိန်လွန် နေမြင့်မှ အိပ်ရာမှ နိုးထတတ်ကြသည်။ များသောအားဖြင့် ပုံမှန်ထချိန် နံနက် ၇ နာရီ။ တချို့ဆိုလျှင် ၈ နာရီအထိ အိပ်စက်မပျက်။ ထိုအချိန် အိပ်ရာထသူများ မည်သို့ခံစားရမည်ကို သတိထားကြည့်လျှင် သိနိုင်ပါသည်။ ဦးနှောက်မကြည်လင်။ မူးတူးမှိုင်တိုင်နှင့် လန်းဆန်းမှု နတ္ထိဖြစ်နေပါလိမ့်မည်။ မင်္ဂလာနံနက်ချိန်ခါ အခါကောင်းနှင့် လွဲသွားရ၍ ဖြစ်ပါသည်။

စောစောထကာ စိတ်ကျန်းမာရေးလေ့ကျင့်ပြီး ကိုယ်လက်ကျန်းမာရေးအတွက် လမ်းလျှောက်ကာ လန်းဆန်းတက်ကြွရှိနေရမည့် အချိန်ကောင်းနှင့် လွဲသွားသူများအတွက် တစ်နေ့တာ အဆီအငေါ်မတည့်၊ အလိုလိုနေရင်း စိတ်အလိုမကျ ဒေါသတွေဖြစ်နေရတတ်သည်။

ဤသို့ နံနက်ချိန်နှင့်လွဲ၊ ကျန်းမာရေးလေ့ကျင့်ခန်းမလုပ်ဖြစ်သူများအား အကြံပေးလိုပါသည်။ ခရီးလမ်းကြောင်းပေါ်တွင် ကားစီးသွားမည့်အစား စက်ဘီးစီးသွားခြင်း၊ လမ်းလျှောက်ခြင်းများ ပြောင်းလဲလုပ်ဆောင်ကြည့်စေလိုပါသည်။ မြို့ပြတွင် တစ်နေရာနှင့် တစ်နေရာ တစ်မိုင်သာသာခရီးကိုလည်း နာရီဝက်မက ကားစောင့်စီးနေကြရသည်။ နမူနာအားဖြင့် မဟာရန်ကုန်တွင် ကားစီးရေ သုံးသိန်းကျော် ဝင်ရောက်နေရာယူနေသည်။ မြို့တွင်းလမ်းများဆိုလျှင် တစ်နေကုန် ကားတွေနှင့် ကျပ်သိပ်လျက်ရှိနေသည်။ အထူးသဖြင့် ရုံးတက်၊ ရုံးဆင်းချိန်များမှာ ပိုဆိုးသည်။

ဤသို့ဖြင့် စက်ဘီးစီး၊ လမ်းလျှောက်ပြောင်းလဲကျင့်သုံးခြင်းသည် တစ်ချက်ခုတ် နှစ်ချက်ပြတ် ကျန်းမာရေးအတွက်ကောင်းမွန်ပြီး အချိန်မီလည်း ခရီးပေါက်မြောက်နိုင်ပါသည်။ မော်တော်ကားဖြင့် ခရီးသွား၊ အလုပ်သွားနေကြသူများထက် လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီး၍ သွားနေသူများက စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများ ပိုမိုရရှိကာ ကျန်းမာခြင်းသုခကို ပိုမိုရရှိစေနိုင်ကြောင်း သုတေသနပညာရှင်တစ်စုက သုံးသပ်ဖော်ပြထားသည်။ ဗြိတိန်နိုင်ငံတစ်ဝန်းတွင် ကားစီး၍ အလုပ်သွားသူ ၇၃ ရာခိုင်နှုန်းရှိပြီး ၁၃ ရာခိုင်နှုန်းမှာ လမ်းလျှောက်သွားကာ သုံးရာခိုင်နှုန်းက စက်ဘီးစီး၍ အလုပ်သွားကြသည်ဟု ဆိုသည်။ ကားစီးအလုပ်သွားကြသူအများစုသည် ကျန်းမာရေးသုခရရှိမှုအနည်းဆုံးဟု သုတေသီများ၏ဖော်ထုတ်ချက်က မိမိတို့နိုင်ငံ မြို့ပြနေပြည်သူများအတွက် သတင်းကောင်းတစ်ရပ်ဟု ဆိုနိုင်ပါသည်။

မကြာမီ မိုးကုန်ပြီး သီတင်းကျွတ်လရောက်တော့မည်။ အဆင်ပြေမည်ဆိုပါက သာယာသောရာသီဥတုအောက်တွင် လမ်းလျှောက်၊ စက်ဘီးစီးလျက် ခရီးဆက်နိုင်ကြမည်ဆိုပါလျှင် ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်၊ လုပ်ငန်းခွင်သို့လည်း အချိန်မီရောက်ရှိကာ အကျိုးထူးရရှိမည်မှာ အမှန်ဖြစ်ပါကြောင်း။ ။

# ပြခန်းများနှင့် စိုက်ခင်းများအား စစ်ဆေး


**နေပြည်တော် စက်တင်ဘာ ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးခင်ဇော်တို့သည် ယမန်နေ့ နံနက် ၇ နာရီတွင် (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပမည့် နေပြည်တော် မြန်မာကွန်ဗင်းရှင်းစင်တာ-၁ (MICC-1) ၌ ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Horizon Lake View Hotel ၌ သစ်သီးဝလံများ ခင်းကျင်းပြသရန် ပြင်ဆင်နေမှုနှင့် သစ်သီးဝလံများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဥတ္တရသီရိမြို့နယ် ဧက ၉၀၀ စိုက်ကွင်းရှိ သစ်တောထွက် တန်ဖိုးမြင့်ထုတ်ကုန်များပြခန်း၊ သဘာဝပျားမွေးမြူရေးပြခန်း၊ ရွှေဖရုံသီးစိုက်ခင်း၊ ဘူးစိုက်ခင်း၊ ဖရဲသီးစိုက်ခင်း၊ ရွှေတောင် (၈)နှင့် ငွေချည် (၉)ချည်မျှင်ရှည်ဝါစိုက်ခင်း၊ ကြံစိုက်ခင်း၊ ဖလံတောင်ဝှေးစိုက်ခင်း၊ ကညွတ်စိုက်ခင်း၊ ပြောင်းချိုစိုက်ခင်း၊ နေကြာစိုက်ခင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် သစ်သီးဝလံအရောင်းပြခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပျို့ရွယ်သူကျန်းမာရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ပျို့ရွယ်သူကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကျောင်းသားမိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာ ဆက်ဆံရေးနှင့် မိဘများ၏ တာဝန်ဝတ္တရားများအကြောင်း၊ ဆယ်ကျော်သက်အရွယ်ကလေးများ၏ ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေးပြောကြားသည်။

ဆက်လက်၍ လက်ထောက်ဆရာဝန်များက အလယ်တန်းနှင့်အထက်တန်း ကျောင်းသား ကျောင်းသူများကို အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ပျို့ရွယ်သူမျိုးဆက်ပွားကျန်းမာရေး HIV/AIDS၊ အရက်၊ ဆေးလိပ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ အာဟာရနှင့် မတော်တဆကြုံတွေ့ရသော အန္တရာယ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ပြီး သိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

## နှစ်နိုင်ငံအစိုးရအဆင့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၀**

သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ နှစ်နိုင်ငံအစိုးရအဆင့် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဂျပန်နိုင်ငံ Ministry of Economy Trade and Industry မှ ဒုတိယဝန်ကြီး Mr. Norihiko Ishiguro၊ ဂျပန်သံရုံးနှင့် သက်ဆိုင်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် သီလဝါအထူးစီးပွားရေးဇုန်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများ၊ One Stop Service Centre ဆိုင်ရာကိစ္စများ၊ Technical Assistance ဆိုင်ရာကိစ္စရပ်များနှင့် သီလဝါအထူးစီးပွားရေးဇုန်ကို အထောက်အကူပြုမည့် Services များ၊ အလုပ်သမားများ နေထိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်စွာ အကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်

☆ ရွှေဖုံးမှ

အတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် မူဘောင်များရေးဆွဲခြင်းနှင့် ကျယ်ပြန့်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း စသည့်အဆင့်များသို့ အဆင့်ဆင့်တက်လှမ်းကြမည်ဖြစ်ရာ ပြည်သူတစ်ဦးချင်းစီအနေဖြင့် မိမိတို့ တတ်စွမ်းသည့်အနေအထားမှ ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများပေါ်ပေါက်လာပြီဖြစ်ပါသည်။

လက်ရှိအခြေအနေအထိ ရရှိထားသော ငြိမ်းချမ်းရေးဖြစ်ထွန်းမှုများကြောင့်ပင်လျှင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစပြုလာသောနေရာဒေသများမှ ပြည်သူများသည် ငြိမ်းချမ်းရေး၏အကျိုးကျေးဇူးကို စတင်ခံစားရရှိလာကြပြီဖြစ်ပါသည်။ ဤဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်အောင် ကျွန်ုပ်တို့အားလုံး ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး အားလုံး၏စိတ်ကောင်းစေတနာရှိမှု၊ ငြိမ်းချမ်းရေးရလိုစိတ်ပြင်းပြမှုနှင့် အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းမှ ကြိုးပမ်းတည်ဆောက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် အောင်မြင်စွာအကောင်အထည်ပေါ်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။ ဤနေရာတွင် ကျွန်ုပ်အနေဖြင့် "စစ်ပွဲများကိုပေါ်ပေါက်စေခဲ့သည့် လူသားများ၏ စိတ်နှလုံးသားများထဲမှာပင် စစ်ပွဲများကိုဟန့်တားနိုင်သော ချစ်ခြင်းမေတ္တာနှင့် ကိုယ်ချင်းစာတရားများကို ပြုစုပျိုးထောင်သွားကြရမည်"ဟူသည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ အဆိုအမိန့်ကို အလေးဂရုပြုဖော်ပြလိုပါသည်။

ထို့ကြောင့် စင်စစ်တွင် ငြိမ်းချမ်းရေးသည် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းခြင်းထက် ပိုမိုကျယ်ပြန့်သည့်ကိစ္စပင်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းအတွင်း၌ မတူကွဲပြားသော ကြွန်အင်လက္ခဏာများ၊ အတွေးအခေါ်များနှင့် အယူဝါဒများကို အပြန်အလှန်နားလည်လက်ခံပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သော သဟဇာတဖြစ်မှုမျိုးသည်သာလျှင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။ ဤသည်ကြောင့်ပင်လျှင် ငြိမ်းချမ်းရေးသည် လူတစ်ဦးချင်းတစ်ယောက်ချင်းအတွက် လွန်စွာအရေးကြီးသည့်ကိစ္စဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ အခွင့်ကောင်းအခါကောင်းများနှင့် တိုက်ဆိုင်နေသည့်အချိန်တွင် ငြိမ်းချမ်းရေးသည် လူသားများ၏ ရပိုင်ခွင့်ဖြစ်သည်ဟူသော စဉ်းစားတွေးခေါ်မှုမျိုးဖြင့် အခြားသော လူ့အခွင့်အရေးများနှင့် တန်းတူရရှိစေရန် ကျွန်ုပ်တို့အားလုံး၏ ဝိုင်းဝန်းကြိုးပမ်းမှုများအရ ပေါ်ပေါက်လာသော ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုက်ရပေသည်။



ဗိုလ်လုပွဲရောက် နေပြည်တော်အသင်း။

## ရာဇဝတီနှင့် နေပြည်တော်တို့ ဗိုလ်လုမည်

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Ooredoo ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် MFF Ooredoo Cup ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ဗိုလ်လုပွဲအဖြစ်အသင်းကြီးနှစ်သင်းဖြစ်သည့် ရာဇဝတီအသင်းနှင့် နေပြည်တော်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ရှုံး/ထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၂ ခုနှစ်တွင် ရာဇဝတီအသင်းတို့က ဗိုလ်စွဲထားပြီး ၂၀၁၃ ခုနှစ်တွင် ပြိုင်ပွဲမကျင်းပနိုင်ခဲ့ပေ။ ယင်းအတွက်ကြောင့် ၂၀၁၂ ချန်ပီယံရာဇဝတီအသင်းမှာ နှစ်ကြိမ်ဆက် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်ပြီး ချန်ပီယံဆုကို ကာကွယ်ရမည်ဖြစ်သည်။ နေပြည်တော်အသင်းမှာ MNL ပြိုင်ပွဲများတွင် ချန်ပီယံဆုရရှိဖူးခြင်းမရှိဘဲ ၂၀၁၁ ရှုံး/ထွက်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုပြိုင်ပွဲတွင် နှစ်သင်းစလုံး၏ ဖြတ်ကျော်မှုကိုကြည့်လျှင် ရာဇဝတီအသင်းက တတိယအဆင့်မှစတင်ကစားရပြီး နေပြည်တော်အသင်းမှာ ကွာတားအဆင့်မှ စတင်ကစားခဲ့ရသည်။ ရာဇဝတီအသင်းမှာ တတိယအဆင့်တွင် ဇေယျာရွှေမြေ၊ ကွာတားအဆင့်တွင် ဇွဲကပင်၊ ဆီမီးအဆင့်တွင် ရတနာပုံတို့ကို ကျော်ဖြတ်လာခြင်းဖြစ်သလို နေပြည်တော်အသင်းမှာ ကွာတားအဆင့်တွင် မကွေး၊ ဆီမီးအဆင့်တွင် ချင်းအသင်းတို့ကို ပင်နယ်တီများဖြင့် အနိုင်ရလာခြင်း ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ကစားမည့် ဗိုလ်လုပွဲတွင် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်၁၀၀၀၊ ရိုးရိုးတန်း ကျပ်၅၀၀သတ်မှတ်ထားပြီး ပရိသတ်များအတွက် ဟန်းဆက်သုံးလုံးနှင့် ဆင်းကတ် ၂၀ မဲဖောက်ပေးသွားမည်ဖြစ်သည်။

(သတင်းနှင့်ဓာတ်ပုံ- ချစ်ကိုကို)

## ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်များဖြစ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၀

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်ရှိ FAME ဆေးဝါးစက်ရုံ၌ ကျင်းပသည့် အလုပ်ရုံများနှင့် လုပ်ငန်းဌာနများကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်များဖြစ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ILO ရန်ကုန်ရုံးခွဲမှ တာဝန်ရှိသူများ၊ လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ/အလုပ်ရုံများနှင့် ဌာနများမှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ၏ သက်ရောက်မှုဖြစ်သည့် Industrial Impact များကို လျစ်လျူရှုပြီး ဆောင်ရွက်၍မဖြစ်နိုင်ကြောင်း အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်နှင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စများကို မျက်ကွယ်ပြုထား၍ မရကြောင်း၊ နိုင်ငံ၏စီးပွားရေးကိုအဓိကမောင်းနှင်အားပေးမည့် လုပ်သားအင်အားထုသည် စွမ်းဆောင်ရည်ပြည့်ဝနေစေရန်နှင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ကျန်းမာသန်စွမ်းပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် အလုပ်သမားအင်အားထုကို လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သင့်တော်ကောင်းမွန်သည့် လုပ်ငန်းခွင်များဖြစ်သည့် Safe, Healthy and Decent Workplaces များကသာ မွေးထုတ်ပေးနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အမြတ်အစွန်းတစ်ခုတည်းကိုသာမကြည့်ဘဲ လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးကို တာဝန်ယူဆောင်ရွက်သည့် Corporate Social Responsibility (CSR)ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ဖို့လိုကြောင်း၊ အလုပ်သမားများ၏ လူမှုဘဝနှင့် ကျန်းမာရေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွက်သာမက သက်ဆိုင်ရာလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် အလုပ်သမားများအတွက် ကုန်ထုတ်စွမ်းအားယှဉ်ပြိုင်နိုင်စွမ်းကိုပါ တိုးတက်စေသလို ဂုဏ်သိက္ခာမြင့်မားမှုကိုလည်း ပေးစွမ်းနိုင်မှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ FAME ဆေးဝါးစက်ရုံ MD ဒေါက်တာခင်မောင်လွင်နှင့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လုပ်ငန်းရှင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး လာရောက်လေ့လာကြည့်ရှုကြသည့် လုပ်ငန်းရှင်များကိုယ်စား Asia Rose အထည်ချုပ်စက်ရုံမှ ဦးသန်းထွဋ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလှူ

မော်လမြိုင် စက်တင်ဘာ ၂၀

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ တပ်ဖွဲ့ဝင်အရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၂၅ ဦးတို့က မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး၏ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ခေတ္တပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကျော်ဦးနှင့် ပြည်နယ်အဆင့် ရဲအရာရှိများ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းတင်၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်း၊ အထွေထွေရောဂါကုဆေးရုံကြီးမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၉-၂၀၁၄ (တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ် | | (အပိုင်း-၇၆) |
| ၇း၃၀ | MRTV-4 သတင်း | ၁၁း၂၀ | Forever Music Tribute ထူးအိမ်သင် ဂီတပွဲတော် (အပိုင်း-၄) (ပထမပိုင်း) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် | | |
| ၈း၀၀ | Kid's Show | ၁း၁၀ | "ကောင်းခြင်းလေးဖြာ" [ပညာကောင်းခြင်း] (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ) |
| ၈း၂၅ | ကလေးတို့ ကမ္ဘာ | | |
| ၈း၄၅ | ရန်ကုန်မြင်ကွင်းကျယ် | | |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သောပျော်ရွှင်မှု" | ၅း၁၀ | ဓလေ့ရိုးရာ မမေ့သာ |



# အမ်အိပ်ချ်-၁၇ လေယာဉ်ပျက်ကျမှု စုံစမ်းရာတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍလိုအပ်ဟု ရုရှားပြော

**ကုလသမဂ္ဂ စက်တင်ဘာ ၂၀**

အမ်အိပ်ချ်-၁၇ ခရီးစဉ်ပျံသန်းလာသော ခရီးသည်တင်လေယာဉ် ပျက်ကျရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ကုလသမဂ္ဂ၏ ပါဝင်မှုရှိသင့်သည်ဟု ရုရှားနိုင်ငံက တောင်းဆိုလိုက်ကြောင်း ကုလသမဂ္ဂသတင်းရပ်ကွက်က စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်နေခြင်းကို ရုရှားနိုင်ငံက ဝေဖန်လိုက်ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုဖြစ်ရပ်နှင့် ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးလျက်ရှိသည်ကို ကုလသမဂ္ဂက သိရှိ လင့်ကစား စုံစမ်းစစ်ဆေးရာတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗိုက်တယ်လီချာကင်က တောင်းဆိုခဲ့သည်။



အမ်အိပ်ချ်-၁၇ ခရီးသည်တင်လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်ကြသည့်မှတ်တမ်းပုံ။

နယ်သာလန်လေကြောင်း လုံခြုံရေးအဖွဲ့၏ ပဏာမအစီရင်ခံစာသည် ပြည့်စုံမှုမရှိကြောင်း၊ လေယာဉ်ပျက်ကျမှုကို ဖြစ်ပေါ်စေခဲ့သော အခြေအနေ အကြောင်းတရားများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များ မပါရှိကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံ၏ အစည်းအဝေးတွင် ရုရှားသံအမတ်ကြီးက ပြောကြားသည်။ အဆိုပါအစည်းအဝေးကို ရုရှားနိုင်ငံ၏ မေတ္တာရပ်ခံချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အိပ်ချ်-၁၇ ခရီးစဉ်ပျံသန်းလာသော လေယာဉ်၏ ကိုယ်ထည်ကို စွမ်းအားမြင့် အရာဝတ္ထုပစ္စည်း အများအပြားက ထိုးဖောက်ခဲ့ခြင်းကြောင့် ပျက်ကျခဲ့ရသည်ဟု ပဏာမ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဇူလိုင် ၁၇ ရက်က မလေးရှားလေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်သည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ ပျက်ကျခဲ့ရာတွင် ၂၉၈ ဦးသေဆုံးခဲ့ရသည်။ **ရိုက်တာ။**



ဩဂုတ် ၂၆ရက်က မင့်ခ်မြို့၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သည့် မှတ်တမ်းပုံ။

# ယူကရိန်းနှင့် ခွဲထွက်ရေးသမားများ မင့်ခ်ဆွေးနွေးပွဲ၌ သဘောတူညီမှုရရှိ

**မင့်ခ်(ဘီလာရုစ်) စက်တင်ဘာ ၂၀**

ယူကရိန်းအစိုးရနှင့် ခွဲထွက်ရေးသမားတို့သည် ငြိမ်းချမ်းရေးအစီအစဉ်အတွက် စာချုပ်မူကြမ်းတစ်ခုကို သဘောတူညီခဲ့ကြကြောင်း ယနေ့ဘီဘီစီက ဖော်ပြသည်။

ယင်းမူကြမ်းတွင် အချက်ကိုးချက်ပါဝင်ရာ ၁၉ မိုင်ရှည်လျားသော စစ်မဲ့ဇုန်ထူထောင်ရေး၊ ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် စစ်လေယာဉ်များ ပျံသန်းခြင်းကို တားမြစ်ရေးနှင့် နှစ်ဖက်လုံးမှ နိုင်ငံခြားကြေးစားစစ်သည်များ ထွက်ခွာစေရေးစသည့် အချက်များပါဝင်သည်။

စက်တင်ဘာ ၅ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ရာ ဘီလာရုစ်နိုင်ငံမြို့တော် မင့်ခ်၌ ကျင်းပသော ဆွေးနွေးပွဲတွင် အဆိုပါသဘောတူညီချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

ဧပြီလမှစ၍ နိုင်ငံအရှေ့ပိုင်းဒေသနှစ်ခု၌ ဖြစ်ပွားသော တိုက်ပွဲများတွင် လူ ၃၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးကို မကြာခဏချိုးဖောက်မှုများရှိသော်လည်း ဆက်လက်တည်မြဲဆဲဖြစ်သည်။

ယူကရိန်းနိုင်ငံ၊ ရုရှားနိုင်ငံ၊ အရှေ့ပိုင်းခွဲထွက်ရေးသမားများနှင့် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များသည် ညဥ့်နှောင်းပိုင်းတိုင်အောင် ဆွေးနွေးခဲ့ကြပြီးနောက် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

**ဘီဘီစီ။**

# သူပုန်တို့၏ စိန်ပြောင်းကျည်ထိမှန် ယီမင်တီဗွီ အဆောက်အအုံ မီးလောင်

**ဆာနား စက်တင်ဘာ ၂၀**

ယီမင်နိုင်ငံ မြို့တော်ဆာနား၌ သူပုန်တပ်ဖွဲ့က စိန်ပြောင်းများဖြင့် သုံးရက်ကြာတိုက်ခိုက်ခဲ့ကြောင်း၊ နိုင်ငံပိုင်ရုပ်မြင်သံကြားဌာန အဆောက်အအုံမှာ တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ခံရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ဆာနားဆင်ခြေဖုံးဒေသ၌ ဆွန်နီဟူသီသူပုန်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့အကြား တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ အစိုးရဌာနများနှင့် နီးကပ်စွာတည်ရှိသော နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနအဆောက်အအုံ တစ်စိတ်တစ်ဒေသမှာ မီးလောင်ခံရကြောင်း၊ စက်တင်ဘာ ၂၀ ရက် နံနက်က စိန်ပြောင်းများဖြင့် အပြင်းအထန်တိုက်ခိုက်ခဲ့ချိန်အတွင်း ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း ရုပ်မြင်သံကြားဌာန ဝန်ထမ်းများက ပြောကြားကြသည်။

စိန်ပြောင်းကျည်ထိမှန်ခံရသော ရုပ်မြင်သံကြားဌာနအဆောက်အအုံအတွင်း ဝန်ထမ်းရာပေါင်းများစွာ ပိတ်မိနေခဲ့သည်။ ထိုစဉ်အတွင်း သူပုန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆာနားတက္ကသိုလ်ကိုလည်း စက်တင်ဘာ ၂၀ ရက်တွင် ပိတ်လိုက်ရကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ၂၀၁၅ခုနှစ်တွင် ဂျပန်နိုင်ငံက ဝေလငါးဖမ်းမှု ပြန်လည်စတင်မည်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံသည် အငြင်းပွားဖွယ်ရာ ဝေလငါးဖမ်းယူမည့်အစီအစဉ်ကို ၂၀၁၅ခုနှစ်တွင် အန္တာတိတ်ဒေသ၌ ပြန်လည်စတင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၁၈ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဝေလငါးကော်မရှင်၏ အစည်းအဝေး၌ ဂျပန်နိုင်ငံ၏ ဝေလငါးဖမ်းယူရေး အစီအစဉ်သည် တရားမဝင်ကြောင်း မဲခွဲဆုံးဖြတ်ခဲ့သည်။ ဂျပန်နိုင်ငံသည် သုတေသနပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝေလငါးဖမ်းဆီးခြင်းမဟုတ်ကြောင်း မဲခွဲဆုံးဖြတ်ခဲ့သော်လည်း ဂျပန်အစိုးရ၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဝေလငါးကော်မရှင်၏ ဆုံးဖြတ်ချက်မှာ ဝမ်းနည်းဖွယ်ရာကောင်းလှကြောင်း ဂျပန်အစိုးရအဖွဲ့အတွင်းဝန် ယိုရှီဟိဒဲစုဂကက ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံက နှစ်စဉ် ဝေလငါးဖမ်းဆီးခြင်းသည် သုတေသနလုပ်ငန်းသက်သက်အတွက်သာ ဖြစ်သည်ဆို၏။

သတ်ဖြတ်ခံရသော ဝေလငါးများ၏အသားကို ဂျပန်နိုင်ငံတွင် စီးပွားဖြစ်ရောင်းချကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**




တောင်ဝင်ရိုးစွန်းဒေသ၌ ဂျပန်သုတေသနသင်္ဘောတစ်စင်း ဝေလငါးဖမ်းဆီးနေစဉ်။

# တူရကီကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများနှင့် မိသားစုများကို အီရတ်ရှိ အိုင်အက်စ် စစ်သွေးကြွအဖွဲ့ ပြန်လွှတ်ပေး

**အန်ကာရာ စက်တင်ဘာ ၂၀**

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ တူရကီကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများနှင့် မိသားစုများကို အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)က ဓားစာခံအဖြစ်ဖမ်းဆီးထားခဲ့ရာမှ ပြန်လွှတ်ပေးလိုက်သည့်အတွက် ယနေ့ တူရကီသို့ ပြန်ရောက်လာခဲ့ပြီဖြစ်သည်။

စနေနေ့နံနက်စောစောပိုင်းတွင် ပြန်ရောက်ရှိလာကြသော ၄၉ ဦးကို အန်ကာရာမြို့တွင် နိုင်ငံတော်အလံများဝှေ့ယမ်း၍ လူအုပ်ကြီးက ကြိုဆိုခဲ့ကြသည်။

ဝန်ကြီးချုပ်အာမက်ဒါဗူတိုဂလူက ၎င်းတို့လွှတ်မြောက်ရေးကို တူရကီထောက်လှမ်းရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း ပြောကြား၍ အသေးစိတ် အချက်အလက် အနည်းငယ်မျှသာ ပြောသည်။

အိုင်အက်စ်စစ်သွေးကြွများက ဇွန်လတွင် မိုဆူးလ်မြို့ကို ဝင်ရောက်သိမ်းပိုက်ရာတွင် တူရကီကောင်စစ်ဝန်ရုံးဝန်ထမ်းများ အဖမ်းခံရခြင်းဖြစ်သည်။

ဓားစာခံများလွှတ်မြောက်ရေးနှင့် ပတ်သက်၍ စိုးရိမ်သည့်အတွက် အိုင်အက်စ်ကို စစ်ရေးအရအရေးယူ ဆောင်ရွက်ရာ၌ တိုက်ရိုက်ပါဝင်ရန် တူရကီနိုင်ငံက ငြင်းဆိုခဲ့သည်။

လွှတ်မြောက်လာသည့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများတွင် တူရကီ ၄၆ ဦးနှင့် ဒေသခံအီရတ်သုံးဦးတို့ ပါဝင်ပြီး သံတမန်ဝန်ထမ်းများ၊ ကလေးများနှင့် အထူးတပ်ဖွဲ့ဝင်တို့ ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

**မပါဝင်**

တူရကီနိုင်ငံသည် အိုင်အက်စ်အဖွဲ့ကို တိုက်ဖျက်မည့် စစ်ရေးညွန့်ပေါင်းအဖွဲ့တွင် ပါဝင်မည်မဟုတ်ဟုပြောကြားခဲ့သည်။ တူရကီနိုင်ငံသည် နေတိုးအဖွဲ့တွင် ဒုတိယအကြီးဆုံးတပ်မတော်ကို ပိုင်ဆိုင်ထားပြီး အမေရိကန်စစ်စခန်းတစ်ခုကို လက်ခံထားသည်။

တူရကီနိုင်ငံသည် အီရတ်နှင့် ဆီးရီးယားတို့နှင့် နယ်စပ်ချင်းထိစပ်နေပြီး အကြမ်းဖက်မှုဘေးအန္တရာယ် ခြိမ်းခြောက်ခံနေရသော နိုင်ငံလည်းဖြစ်သည်။

**ဘီဘီစီ။**

# ဒီမိုကရေစီရဲ့ အဆင်အယင်များကို ထည်ထည်ဝါဝါ မျက်မြင်တွေ့ရှိနေရ

**၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ပြည်သူလူထုကိုယ်စားပြု ကိုယ်စားလှယ်က တင်ပြသည့် စာတမ်း**

ကျွန်တော်ကတော့ လယ်ဝေးမြို့နယ်မှ ပြည်သူလူထုကိုယ်စားပြု ဦးဝင်းအောင်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှာ ပြည်သူတစ်ဦးအနေနဲ့ရော၊ အများပြည်သူအနေနဲ့ပါ ဒီမိုကရေစီနဲ့စပ်လျဉ်းတဲ့ ခံစားတွေ့ရှိချက်များကို တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ရဲ့နိုင်ငံမှာ စက်တင်ဘာ ၁၅ ရက်နေ့တိုင်း အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ကျင်းပလာခဲ့တာဟာ ၂၀၁၁ ခုနှစ်ကတည်းကပင် ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်ရဲ့ ဂုဏ်ယူဝင့်ကြွားအပ်သော လွှတ်တော်အဆောက်အအုံကြီးထဲ၌ နိုင်ငံတော်အကြီးအကဲ ခေါင်းဆောင်များ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားရေးဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လူထုလူတန်းစားကိုယ်စားပြုပုဂ္ဂိုလ်များ ဒီမိုကရေစီနေ့အခမ်းအနားကို စုံစုံလင်လင် တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုနှစ်မှာလည်း အလားတူ အရောင်အသွေးစုံလင်စွာ၊ ကိုယ်စားပြုမှုစုံလင်စွာ ဖိတ်ကြားထားသူအားလုံး ဂုဏ်ယူဝမ်းမြောက်စွာ တက်ရောက်လျက်ရှိပါတယ်။ ဒီရဲ့အနက်အဓိပ္ပာယ်ဟာ ကျွန်တော်တို့ရဲ့နိုင်ငံဟာ အုပ်ချုပ်သော အစိုးရအဖွဲ့တစ်ရပ် ပြောင်းလဲတာထက် ကျော်လွန်တဲ့ ခေတ်စနစ်သစ်တစ်ခုစီသို့ အခြေခံကျကျ ပြောင်းလဲနေမှုဖြစ်စဉ်ကြီးတစ်ရပ်ကို ဆင်နွှဲလျက်ရှိတဲ့ လက်တွေ့ပြယုဂ်ပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီမိုကရေစီရဲ့ အဆင်အယင်များကို ထည်ထည်ဝါဝါ မျက်မြင်တွေ့ရှိနေရသလို အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကိုလည်း ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် အခမ်းအနားဖြင့် ခံ့ခံ့ညားညား ကျင်းပနေခြင်းဖြစ်တဲ့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဟာ စိတ်ကူးစိတ်သန်းလက်တွေ့ကျကျ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေတဲ့၊ အရှိန်အဟုန်ရှိတဲ့အဆင့်မှာ ရောက်ရှိနေတာဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားလိုပါတယ်။

သို့ရာတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့်အတူ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့လိုအပ်ချက်၊ ပြည်သူများရဲ့ မျှော်လင့်ချက်များဟာ ဆက်လက်ဖြည့်ဆည်းပေးရန် များစွာကျန်ရှိပြီး နိုင်ငံတော်ကလည်း အကောင်းဆုံး၊ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ကွင်းဆက်ကျကျ အားသွန်ခွန်စိုက် အရှိန်အဟုန်ရှိရှိ ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်နိုင်မှသာ ပြည်သူများရဲ့ မျှော်လင့်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း တွေ့မြင်နေရပါတယ်။

ဒေသဖွံ့ဖြိုးရေးအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူများရဲ့ လိုအပ်ချက်များကို ပြည့်စုံလုံခြုံစွာ ဖြည့်ဆည်းပေးရေးတို့ဟာ တိုင်းပြည်ရဲ့ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူအားလုံးနဲ့ ပြည်သူအားလုံးက တက်ညီလက်ညီ ဦးပွဲ့ထမ်း အားထုတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တွေ့ရှိနေရပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရမည့်ခရီးကို ညီညီညွတ်ညွတ် ဇွဲရှိရှိဖြင့် လျှောက်လှမ်းရဦးမှာဖြစ်ပါတယ်။ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထများကို နိုင်ငံသားတစ်ဦးချင်း တစ်ယောက်ချင်းသာမက အဖွဲ့အစည်းအလိုက် လေ့ကျင့်စောင့်ထိန်းပြီး ဥပဒေအပေါ်၌ မည်သူမျှမရှိ၊ ဥပဒေရှေ့မှောက်၌ လူတိုင်းတန်းတူဖြစ်ရေး၊ မျက်နှာမလိုက်ရေး၊ တရားဥပဒေစိုးမိုးမှုရှိရေးတို့ကို လေးလေးနက်နက် အကောင်အထည်ဖော်ကြရန် အရေးကြီးလျက်ရှိပါတယ်။ ဒါ့အပြင် ကိုယ့်ကျင့်တရားအလေးထားပြီး သိက္ခာ၊ သမာဓိရှိတဲ့၊ မျိုးချစ်စိတ်ရှိတဲ့ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပြီး ပခုံးပြောင်းတာဝန်ပေးခြင်းတို့ကို အစီအစဉ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါတယ်။ မိမိတို့ရဲ့သားစဉ်မြေးဆက် အဆက်ဆက် တာဝန်သိ၊ တာဝန်ယူတတ်သော စိတ်ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်းများရှိမှသာ နိုင်ငံတော်၏ ရှေ့ရေး၊ ဒီမိုကရေစီရေးတို့အတွက် စိတ်ချရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။



ပိုင်ရှင်မဲ့သိမ်းဆည်းရမိ ခဲယမ်းများနှင့် အိုက်နွန်း (ခ) လုံးလုံးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါး၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

## အားကစားသမားများလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့အားကစား အစဉ်တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများ အောင်မြင်မှုရရှိပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အားကစားဝန်ကြီးဌာနအနေဖြင့် ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်ပြင်ဆင်နေမှုများကို ယမန်နေ့ ညနေ ၃ နာရီခွဲက မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဘောလုံးကွင်း၌ လေ့ကျင့်လျက်ရှိသော ပြေးခုန်ပစ်၊ မြားပစ်၊ ဘော်လီဘော၊ လက်ဝှေ့၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုများ၊ ဆန်းစစ်ပြုလုပ်နေမှုများကို ကြည့်ရှုခဲ့ပြီး အားကစားသမားများနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ အားကစားနည်းအလိုက် နည်းပြဆရာများအနေဖြင့် ယခုလေ့ကျင့်လျက်ရှိသော လူငယ်လက်ရွေးစင် အားကစားသမားများအား (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်အဆင့် ရောက်အောင် စံချိန်စံညွှန်းများ တိုးတက်လာစေရန် သင်ကြားပေးစေလိုကြောင်း၊ အားကစားနည်းအလိုက် သက်ဆိုင်ရာ နိုင်ငံများ၏ သံရုံးများနှင့် ဆက်သွယ်ပြီး နိုင်ငံတကာ Joint Training များ စေလွှတ်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လားရှိုးမြို့နယ်တွင် ဘိန်းဖြူ ၃ ဒသမ ၂ ဂရမ် စိတ်ကြွရူးသွပ်ဆေးပြား ၅၀ နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုးမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက်က နယ်မြေခံတပ်၊ နယ်မြေခံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဝမ့်မိုက်ကျေးရွာအနီးတွင် ပိုင်ရှင်မဲ့ရပ်ထားသည့် တိုရိုတာခဲရောင်ယာဉ်အား ရှာဖွေရာ ယာဉ်ရှေ့ခန်း တူးဘောက်အတွင်းနှင့် ယာဉ်နောက်ခန်းထိုင်ခုံပေါ်မှ ဘိန်းဖြူ ၃ ဒသမ ၂ ဂရမ်၊ M-22 ကျည်အိမ်တစ်ခု၊ M-16 ကျည်အိမ်အတိုနှစ်ခု၊ M-22 ကျည်နှစ်တောင့်၊ M-16 ကျည် ၄၈ တောင့်၊ ပစ္စတိုသေနတ်အိတ်တစ်ခု၊ မှန်ပြောင်းတစ်လက်နှင့် ချပ်ဝတ်တန်ဆာတစ်ခုတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဝမ့်မိုက်ကျေးရွာဘက်မှ ရေတံခွန်တောင်ဘက်သို့ လမ်းလျှောက်လာသူ အိုက်နွန်း (ခ) လုံးလုံးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၊ ချပ်ဝတ်တန်ဆာ တစ်ခု၊ M-22 ကျည် ၁၀ တောင့်စီပါ ကျည်အိမ်သုံးခု စုစုပေါင်း အတောင့် ၃၀နှင့် Icon အမျိုးအစား စကားပြောစက်တစ်လုံးတို့အား သိမ်းဆည်းရမိသဖြင့် အိုက်နွန်း (ခ) လုံးလုံး (၅၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ပိုင်ရှင်မဲ့သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ တရားခံ အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ဟင်္သာတခရိုင်တရားသူကြီးနှင့်အဖွဲ့ မြန်အောင်မြို့မရဲစခန်းရှိ အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**မြန်အောင် စက်တင်ဘာ ၂၀**


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်တရားသူကြီး ဒေါ်ချစ်ချစ်နှင့် ဒုတိယခရိုင်တရားသူကြီး ဒေါ်အေးအေးထွန်းတို့သည် စက်တင်ဘာ ၂၀ ရက်က မြန်အောင်မြို့မရဲစခန်းရှိ အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာ မြန်အောင်မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်တာက မြန်အောင်မြို့မရဲစခန်းရှိ အချုပ်ခန်းများ ခိုင်လုံကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်စွာ ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ခရိုင်တရားသူကြီးနှင့်အဖွဲ့က အချုပ်သားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ စားသောက်နေထိုင်မှုနှင့် ကျန်းမာရေး အခြေအနေများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း ရှိ/မရှိ တစ်ဦးချင်း မေးမြန်းခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်/ဆက်)**

## ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု အာဟာရကျွေးမွေးလှူဒါန်း


**ဖြူး စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)မြောက် ရွှေရတုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ၆၅ ဦးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ဖြူးမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၉ ဦးတို့အား နံနက်စာ အာဟာရ မုန့်ဟင်းခါး ကျွေးမွေးလှူဒါန်းကြသည်။ **(ဖြူး-မြင့်ဦး)**










## လောက်ကိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အမှတ်(၂၁) မူးယစ်တပ်ဖွဲ့စု ကွမ်းလုံမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်က လောက်ကိုင်-ရန်လုံကျိုင်းသွားလမ်း ရန်လုံကျိုင်းအဝင်မုခ်ဦးအနီး၌ လမ်းလျှောက်လာသူ ချွေဟိုင်ပေါ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် ချွေဟိုင်ပေါ် (၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

**ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ**



# ပခုက္ကူသို့ တစ်ခေါက်

ဦးဟန်ညွန့်(ဥပဒေ)

## ပခုက္ကူသို့

ပခုက္ကူမြို့သို့ ရောက်ခဲ့ပြန်သည်။ တာဝန်နှင့်ရောက်ခြင်းဖြစ်သည်။ ပခုက္ကူသားတစ်ယောက်အနေဖြင့် ပခုက္ကူတွင်ဖွင့်လှစ်မည့် ပညာရေးအထက်တန်းကျောင်းဖွင့်ရန် တာဝန်ဖြစ်ပါသည်။

## ပခုက္ကူမြို့

ပခုက္ကူမြို့သည် သမိုင်းရာဇဝင်ရှိသည်။ ပုဂံခေတ် အလောင်းစည်သူမင်းတရားလက်ထက် မယ်ညိုစိမ့်ဇာတ်လမ်း ထင်ရှားသည်။ တစ်ခါက မေတစ်ပါး၏ "သားထုတ်ဂူ"ကို အခြေခံသည်။ "သထုတ်ဂူ"ဟူ၍ အမည်ပြောင်းသည်။ ကာလရွေ့လျောလာ၍ "သထုတ်ဂူ"မှ ပခုက္ကူဖြစ်လာသည်တဲ့။

## အမျိုးသားပညာရေးဥပဒေ

ယနေ့ချိန်ခါသည် အမျိုးသားပညာရေးဥပဒေ ရေးသားနေချိန်ဖြစ်ပါသည်။ ပညာရေးသည် နိုင်ငံအတွက် အရေးကြီးလှသည်။ ယနေ့ခေတ်ကလည်း ပညာခေတ်မဟုတ်ပါလား။ တိုးတက်သော ကမ္ဘာခေတ်။ ပညာရေးခေတ်ဖြစ်နေပြီ။ ဘာပဲလုပ်လုပ်၊ ပညာရေးကို အခြေခံသည်။ ပညာရေး၏ တိုးတက်မှုအရှိန်အဟုန်က ပြင်းထန်လွန်းလှသည်။ နောက်ကျန်နေ၍ မဖြစ်။ တိုးတက်သော ပညာရေးကို မီအောင်လိုက်မှဖြစ်မည်။ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပေးမှ ဖြစ်မည်။ ဘွဲ့ရပြီးဘာမှ မလုပ်တတ်၊ မကိုင်တတ်၊ စာတွေ့သာရှိ လက်တွေ့ဘာမှ အကောင်အထည်မပေါ်။ ခေတ်ပေါ်နည်းစနစ်အသစ်၊ ပညာခေတ်ကို တကယ်သိမှ ဖြစ်တော့မည်။ ထို့ကြောင့် ပညာရေးစနစ်သစ်နှင့်အညီ ပခုက္ကူမြို့တွင် "ဧရာဂုဏ် ပညာရေးအကယ်ဒမီ" ဖွင့်မည်။ ကိုယ်ပိုင်အထက်တန်းကျောင်း ဖွင့်မည်။ ပခုက္ကူသား ရင်သွေးမောင်မယ်များအတွက် အဓိကရည်ရွယ်သည်။

## ဖွင့်လှစ်ခြင်း ရည်ရွယ်ချက်

၁။ အခြေခံပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများ အတန်းအဆင့်မီစွာ တတ်မြောက်ရေး၊
၂။ အကျင့်စာရိတ္တ၊ အတွေးအခေါ် ကောင်းမွန်ခြင်း၊ နှင့်အတူ ယဉ်ကျေးလိမ္မာစွာပြောဆို ပြုမူနေထိုင်တတ်ရေး၊
၃။ စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေး၊
၄။ အောင်ချက်ရာနှုန်း ကောင်းမွန်ခြင်းနှင့်အတူ ဂုဏ်ထူးရှင်များ မွေးထုတ်နိုင်ရေး၊
၅။ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကို ကျန်းမာပျော်ရွှင်စွာ သင်ယူနိုင်ရေး၊
၆။ ဘဝ၏ စိန်ခေါ်မှုများကို ရင်ဆိုင်အောင်နိုင်ပြီး အနာဂတ်ဘဝ သာယာလှပငြိမ်းချမ်းရေး၊
၇။ မိဘများအနေဖြင့် သားသမီးများ၏ ပညာရေးကို နောက်ဆံမတင်းရဘဲ ကိုယ်ပိုင်စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရေးဆိုသည့် အချက်(၇)ချက်ဖြင့် ဧရာဂုဏ်ပညာရေး အကယ်ဒမီကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသော လူငယ်ကျောင်းသားများအတွက် အထူးအစီအစဉ်အဖြစ် အခမဲ့သင်ပေးမည်။ အဆင့်အတန်းမရွေးပါ။

## တည်နေရာ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၂) ရွှေချောင်းတံတားအနီး အာဆီယံလမ်းမကြီးပေါ်၌ တည်ရှိသည်။ "ဧရာဂုဏ်ပညာရေးအကယ်ဒမီ"ဟု အမည်တပ်သည်။ ဒါရိုက်တာ၊ အဖွဲ့ခေါင်းဆောင် ဒေါက်တာလှိုင်မိုး ဦးဆောင်သည့် ပညာရေးဝန်ထမ်း အငြိမ်းစားများဖြင့် ဖွဲ့စည်းသည်။ စေတနာကို အခြေခံသည်။ အသပြာမဆန်၊ ပကာသနမရှိ၊ ပကတိ ပညာရေး အလေးပေးသည်။ လူတော်၊ လူမော်၊ ပညာတော်သူများကို မွေးထုတ်ပေးဖို့ အဓိက။ မြို့မိ၊ မြို့ဖအပေါင်း၏ ဆန္ဒကို ပြည့်ဝစေသည်။ နယ်စုံကလည်း လာကြပါ။

## ၁၉၀၉၊ ၁၉၁၀ အစီရင်ခံစာ

လွန်ခဲ့သော နှစ် ၁၀၀ ကို ပြန်၍ သတိရလေ့လာမိသည်။ ၁၉၀၉၊ ၁၉၁၀ ခုနှစ် ပညာရေးဌာန၏ အစီရင်ခံစာမှာဖြစ်သည်။ ပခုက္ကူခရိုင်ထဲမှာ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်၊ ဆောမြို့နယ်၊ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်တွေ ပါဝင်ခဲ့သည်။ ပခုက္ကူခရိုင်အတွင်း ကိုယ်ပိုင်သင်၊ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းစုစုပေါင်း ၁၈၀ ရှိခဲ့ဖူးသည်။ ပညာသင်ယူသူပေါင်း ၄၉၈၈ ဦး၊ အလွတ်ပညာသင် ကျောင်းပေါင်း ၇၈၁ ကျောင်း၊ ပညာသင်သူစုစုပေါင်း ၈၀၄၀ ရှိခဲ့သည်။ သမိုင်းသက်သေဖြစ်ပေသည်။

## အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာသင်ကျောင်းများ

မြန်မာနိုင်ငံကိုလိုနီခေတ်ကျောင်းများမှာ-

(၁) အင်္ဂလိပ်ဘာသာသက်သက်ဖြင့် သင်ပေးသော ဟိုက်စကူးကျောင်းများ (European School)
(၂) အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာသင်ကျောင်းများ (Anglo Vernacular School)
(၃) မြန်မာဘာသာသက်သက်ဖြင့်သာ သင်ကြားသော တိုင်းရင်းသားသင်ကျောင်းများ (Vernacular School) တို့ဖြစ်သည်။

## ဝယ်စလီယန်ကျောင်းနှင့် ပညာရေး

"ဝယ်စလီယန်ခရစ်ယာန်ကျောင်းဟူ၍ ပခုက္ကူမြို့တွင် ဖွင့်ဖူးသည်။ သာသနာပြုကျောင်းပါ။ မည်သို့ဖြစ်စေ ဝယ်စလီယန်ကျောင်းသည် ပခုက္ကူခရိုင်တွင် အကောင်းဆုံးကျောင်းတစ်ကျောင်းဖြစ်ခဲ့သည်မှာ ဘယ်သူမှ မငြင်းနိုင်ဟု ကျွန်တော့်ဖခင်က ပြောဖူးသည်။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာသင်ကျောင်းပါပဲ။ အစိုးရကျောင်းတွေလည်း အပြိုင်အဆိုင်ဖွင့်ခဲ့သည်။ တခြားကိစ္စတွေ အသာထား။ ပညာရေးကိုတော့ ပြိုင်ရမည်။ ပြိုင်လည်း ပြိုင်ခဲ့ကြသည်။ ပုဂ္ဂလိက ကျောင်းပဲဖြစ်ဖြစ်၊ အစိုးရကျောင်းပဲဖြစ်ဖြစ် ပညာတော်ဖို့ အဓိက။ စွယ်စုံလှပဖို့ အဓိက။ ယခုလည်း အမျိုးသားပညာရေးဥပဒေကို တစ်နိုင်ငံလုံးဆန္ဒ၊ အမျိုးသားဆန္ဒ၊ ပြည်သူ့ဆန္ဒဖြင့် ဝိုင်း၍၊ ဝန်း၍ ရေးနေကြပြီ မဟုတ်လား။ ဥပဒေရေးဆွဲနေကြပြီ။ လက်တွေ့ပါ။ ရှေ့ဆက်ရမည့် ခရီးပါ။

## သဘာပတိမျက်ရည်ကျ

ပခုက္ကူမြို့သို့ ဒီတစ်ခေါက်ရောက်ခဲ့ရခြင်းမှာ ကျောင်းဖွင့်ဖို့ပါ။ မူလက ဖဲကြိုးဖြတ်ဖွင့်ရုံသက်သက်ပါ။ ကျောင်းနေဖက်သူငယ်ချင်း ကိုစောလှ(အငြိမ်းစား၊ တပ်ထိန်းချုပ်၊ ဗိုလ်ချုပ်စောလှ) (ယခုနေပြည်တော်ကောင်စီဝင်)က "ဖွင့်ပွဲမိန့်ခွန်းပြောပါဦး" ဟု ကျွန်တော့်ကို ပြောသည်။ ပြီးတော့ သဘာပတိပါအလုပ်ခိုင်းသည်။ ကျွန်တော့်ဇာတိ၊ ပခုက္ကူ ကမ္ဘ လက်ပြရွာမှာ ဆင်းဆင်းရဲရဲကျောင်းနေခဲ့ရပုံကိုမမေ့ပါ။ ကျွန်တော့် မိဘများဆင်းဆင်းရဲရဲနှင့် ကျောင်းထားပေးခဲ့ရပုံ၊ ငွေကြေးချို့တဲ့သော်လည်း ပညာရေးကို အားပေးခဲ့ပုံ၊ ထိုခေတ် ထိုအခါက ပညာကိုခက်ခက်ခဲခဲ သင်ယူရပုံ၊ ကျူရှင်မရှိ၊ ကိုယ့်အားကိုယ်ကိုးကြိုးစားခဲ့ရပုံ၊ ကိုစောလှ၊ ကိုတင်ဝင်း၊ ကိုရဲညွန့်၊ ကိုမျိုးလှိုင်၊ ကိုလှဟန်၊ ကိုခင်မောင်ညိုတို့ကျောင်းနေဖက်များ၏ ပခုက္ကူ ကမ္ဘ လက်ပြရွာမှာ ပညာရေးရှာမှီးခဲ့ရပုံ၊ ဒုက္ခအဖုံဖုံတွေ၊ ဘဝမမေ့ဘဲကြိုးစားရပုံ နမူနာတွေကို ယနေ့လူငယ်ကျောင်းသားများအား ပြောပြခဲ့ရသည်။ လူငယ်တွေပညာတော်မှ၊ ကြိုးစားမှ တိုင်းပြည်ကိုအလုပ်အကျွေးပြုနိုင်မှာ။ အချိန်မဖြုန်းနှင့်။ ခေတ်ကိုမီအောင်လိုက်။ အိပ်ပိုက်မနေကြနှင့်ဟု ကျွန်တော်သဘာပတိ အမှာစကားပြောကြားရသည်။ ပြောရင်း ပြောရင်း ကျွန်တော်မျက်ရည်ကျမိသည်။ ဝမ်းသာဝမ်းနည်းခံစားရသည်မို့ ယနေ့လူငယ်တွေ နားလည်စေချင်လွန်းလှသည်။ စေတနာအရင်းခံပါ။

## ဘုန်းကြီးကျောင်းမှာ ကပ်စားခဲ့ရသည်

ကျွန်တော်သည် ယနေ့ခေတ်လူငယ်တွေလို အဆောင်(ဘော်ဒါ)မနေနိုင်ခဲ့ပါ။ ငွေကြေးမပြည့်စုံပါ။ ပခုက္ကူဘုန်းကြီးကျောင်းတွေမှာ ဘော်ဒါဆောင်ပမာ နေခဲ့ရတာပါ။ ဘုန်းကြီးကို ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ဘုန်းကြီးကျောင်းမှာ ကပ်စားသည့်ပမာ ဘုန်းကြီးကျောင်းသားလုပ်ခဲ့ရသည်။ နေစရာလည်းရ၊ ကျောင်းတက်ခွင့်လည်းရ၊ အစားအသောက်မပူရ၊ စာကျက်ချိန်လည်းရ၊ ဘာသာရေးလည်း လုပ်ကိုင်ရ၊ အခြေကျ၊ အနေကျဘော်ဒါဆောင်လိုနေခွင့် ရခဲ့သည်။ ဒီလိုနှင့် အထက်တန်းပညာသင်ခဲ့ရသော ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ဘွဲ့တွေရ၊ အလုပ်တွေရ၊ တိုင်းပြည်တာဝန် ထမ်းခွင့်ရခဲ့ကြသည်။ သဘာပတိမိန့်ခွန်းသာပြောနေရသော်လည်း ငယ်စဉ်ကျွန်တော့်ဘဝ၊ ရည်မျှော်ကာ ပညာရေးဖွံ့ဖြိုးစေဖို့ လူငယ်ကျောင်းသားတွေ အားကျစေဖို့ ဘဝပေးနမူနာယူစေဖို့ မေတ္တာပို့ခဲ့ရသည်။ အရာရာပြီးပြည့်စုံနေကြပြီဖြစ်သော ယနေ့လူငယ် လူရွယ်တချို့ လမ်းမှားမလိုက်စေဖို့လိုသည်။ တိုးတက်ဖို့ လိုသည်။ မျိုးဆက်သစ်တို့ ရှေ့ခရီးဖြောင့်ဖြူးစေချင်သည်။ ကမ္ဘာမှာ မြန်မာတို့ ဂုဏ်ပြုခံစေလိုသည်။ ပညာရေး၏အားမာန်သစ် ဖြစ်စေချင်သည်။ ကျွန်တော့်စေတနာ၊ လူငယ်တွေ သိမှ သိပါရဲ့လား။ သိပါစေ။ ကြားပါစေ။

## သက်ကြီးအငြိမ်းစားဆရာကြီး ဦးစောလှမောင်

ထိုနေ့က ကျောင်းဖွင့်ပွဲသို့ ဆရာကြီးဦးစောလှမောင် (ကျွန်တော့်ငယ်ဆရာ)တက်ရောက်သည်။ အသက်(၇၉)နှစ်ရှိပြီ။ ဆရာကြီး၏ဇနီး ကျောင်းဆရာမကြီး ဒေါ်တင်မြိုင်မှာ အသက်(၇၆)နှစ်ရှိပြီ။ ဆရာကြီးဦးစောလှမောင်အား ပရိသတ်ကြားထဲမှာတိုးဝှေ့ပြီး ကျွန်တော်(သဘာပတိ)က လက်အုပ်ချီမိုးရှိခိုးကန်တော့သည်။ မျက်ရည်စို့စို့ဖြင့် တပည့်ကျွန်တော့်အား ဆုတွေပေးသည်။ တစ်သက်လုံး ကျောင်းဆရာလုပ်ခဲ့သော ကျွန်တော်တို့ကို စာသင်ပေးခဲ့သော ဆရာကြီးဦးစောလှမောင်အား တွဲခေါ်၍ ကျွန်တော်ကားပေါ် တင်ပေးသည်။ "မတွဲနဲ့ကွ၊ ငါလျှောက်နိုင်၊ သွားနိုင်သေးတယ်။ မင်းသာ ဒီထက်မဝစေနဲ့၊ ကျန်းမာရေး ဂရုစိုက်၊ လမ်းများများလျှောက်ပေး" ဟု ကျွန်တော့်ကို မှာနေသေးသည်။ တပည့်ကို ကြင်နာနေသေးသည်။ ဆရာ့အရေးထက် တပည့်အရေးသာ အာရုံပေးသည်။ နွေးထွေးလှသော ဆရာကြီးဦးစောလှမောင် အသက်ရာကျော်ရှည်စေကြောင်းသာ ကျွန်တော်ဆုတောင်းခဲ့ရသည်။ ဆရာကြီးနှင့်အတူ အငြိမ်းစားပါမောက္ခ ဒေါ်စောကြိုင် အမှူးပြုသော ဆရာမများ၊ ဆရာကြီး ဦးပင်လုံခွန်အမှူးပြုသော ပညာရေးသုတေသီများ၊ မကွေးတိုင်းဒေသကြီးသတင်းစာဆရာများ အသင်းဥက္ကဋ္ဌ ဒေါက်တာသက်လွင် အမှူးပြုသော စာပေ၊ သတင်းအဖွဲ့သားများ၊ တက်ရောက်ဆဲ ကျောင်းသား ကျောင်းသူများ၊ ဆရာမဒေါ်ကြည်ကြည်ဦး အမှူးပြုသော ပြဇာတ်၊ တေးဂီတသရုပ်ဆောင် ဆရာ ဆရာမများ၊ အနာဂတ် ကျောင်းသား ကျောင်းသူများ။

## ကောင်းတာတွေကို ယှဉ်ပြိုင်ပါ

ယနေ့ လူငယ်ကျောင်းသားများ သတိထားစရာတွေ ရှိပေသည်။ လူငယ်ဟူသည် တတ်ကြွသည်။ ရဲရင့်သည်။ တတ်ကြွမှုကို တလွဲမဖြစ်စေလို။ ရဲရင့်မှုကိုလည်း သုံးစွဲတတ်ကြစေချင်သည်။ အများအကျိုး ရွက်သယ်ပိုးစေချင်သည်။ သတ္တိပြောင်မြောက်သော နိုင်ငံ့သားကောင်းများ ဖြစ်စေလိုသည်။ မိဘများအားကိုးထိုက်သည့် သားသမီးများ ဖြစ်စေချင်သည်။ ဘက်စုံတော်သည့် လူချွန်၊ လူမွန်ဖြစ်စေချင်သည်။ လူညံ့မဖြစ်စေချင်။ ယနေ့လူငယ်တွေက ကျွန်တော်တို့ခေတ် လူငယ်တွေထက်ပို၍ ပို၍ တော်ကြ၊ မော်ကြပါစေ။ ပျော်ကြပါစေ။ ကောင်းတာတွေကို ယှဉ်ပြိုင်ပါ။ ကောင်းတာတွေပဲ ကြားချင်တာ။ မြင်ချင်တာ။ အမှန်ပါ။ ပခုက္ကူကျောင်းဖွင့်ပွဲက ပေးလိုက်သော ဘဝအမွေပါ။

## မြတ်နိုးဂုဏ်ယူ ပခုက္ကူ

ပခုက္ကူမှအပြန် ဧရာဝတီ (ပခုက္ကူ) တံတားကြီးကို ဖြတ်သန်းလျက် ပခုက္ကူအသင်း (ရန်ကုန်) ရွှေရတုမဂ္ဂဇင်း (၂၀၁၀)ပါ လှစိုးမိုး(စီမံကိန်း)ရေးသားသည့် အောက်ပါကဗျာကို ဖတ်ရှု ခံစား၊ လေးစားမိပါကြောင်း။ ပခုက္ကူကို နောက်တစ်ခေါက် အရောက်လာချင်ပါသေးကြောင်း။ ။

❖ ပခုက္ကူဆိုတာ ဆိပ်ဖြူ၊ ဂန့်ဂေါ၊
ထီးလင်း၊ ဆောမြို့၊ ပေါက်၊ မြိုင်မြို့နဲ့၊
❖ မြို့ရေစကြို၊ ရှစ်မြို့ကိုဆိုင်၊
ခရိုင်မြို့ကြီး၊ ဖွံ့စည်းခိုင်မာ၊
❖ မြန်မာတို့ဒေသ၊
ထွက်ကုန်တွေစုံလှသည်။
❖ ပခုက္ကူ ဆီးတော်ဖီ၊
ခန်တောထည် ကြမ်းချော၊
ယောလုံချည် ဂန့်ဂေါနဲ့၊
❖ မွှေးလှသော မြို့လက်ဆောင်၊
ရှင်မတောင် သနပ်ခါး၊
ခုစားရသလို၊ ရေစကြို ထန်းသီးမုန့်။
❖ အချိုမြုံ့၊ အုန်းမုန့်ကူ၊
ဆိပ်ဖြူက ကြက်သွန်နီ၊
နမ်းဆီနှင့် ထန်းလျက်၊
မြိုင်နယ်က ထွက်လို့၊
တစ်သက်မမေ့ပေ။
ဇာတိမြေလေ။
❖ နောက်တစ်မျိုး အံ့စရာမှာ၊
ကမ္ဘာကျော် နိုင်ငံတော်သမိုင်း၊
အနှိုင်းမဲ့ ဂုဏ်ဆောင်၊
ပုံတောင် ပရိုင်းမိတ်၊
ရှေးအတိတ်၊ နှစ်သန်းလေးဆယ်၊
မြိုင် ဗဟင်းနယ်မှာ တွေ့ရ၊
❖ "လူသားအစ မြန်မာက" ဟု
ကမ္ဘာက လက်ခံ၊
ဂုဏ်လျှံတဲ့ ပခုက္ကူ၊
သမိုင်းမှာ တံခွန်ထူရော့။
❖ အော်-- ဒို့ ပခုက္ကူ ဂုဏ်ယူမြတ်နိုး၊
ဆထက်တိုးဖို့၊ ပြည့်ဖြိုးခိုင်မာ၊
စေတနာဖြင့် ညီညာထမ်းရွက်ကြပါစို့။ ။





# မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ တတိယအကြိမ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိမြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



မြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် လေးဘာသာ ဂုဏ်ထူးရှင် မောင်မြတ်သာထွန်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဝင်း (မနုသကျော်ဝင်း)က ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က လေးဘာသာနှင့် သုံးဘာသာ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦးတို့အား ဂုဏ်ပြုဆုများကို သက်ဆိုင်ရာမြို့နယ်များမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်လှိုင်းထက်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိလင်္ကာနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန်  စက်တင်ဘာ  ၂၀**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်းသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ကျင်းပသည့် South Asia Regional Consultation on National Evaluation Policies သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

## ပညာရေးမြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**ဒိုက်ဦး  စက်တင်ဘာ  ၂၀**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ဒိုက်ဦးမြို့နယ်၌ ပညာရေးမြှင့်တင်မှု အစီအစဉ်နှင့် ဆရာများ၏အခန်းကဏ္ဍလုပ်ငန်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မြို့နယ်ကောလိယခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ဦးစီးအရာရှိ ဒေါ်ခင်စု၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်တင်နွဲ့ရည်၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ အထက်တန်းပြများ၊ အလယ်တန်းပြများနှင့် မူလတန်းပြများ၊ ဘုန်းတော်ကြီးသင်ကျောင်းများမှ မူလတန်းပြ ဆရာဆရာမများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

## သဲသောင်ပြင်ဘောလုံးလူရွေးပွဲ အုပ်စုပွဲစဉ်များပြီးဆုံး

**ရန်ကုန်  စက်တင်ဘာ ၂၀**


မြန်မာ့လက်ရွေးစင် သဲသောင်ပြင်ဘောလုံးအသင်း ဖွဲ့စည်းရန်အတွက် ကျင်းပနေသည့် လူရွေးပွဲအုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ သုဝဏ္ဏပန်းခြံကွင်းတွင် ဆက်လက်ကျင်းပသည်။

အုပ်စုနောက်ဆုံးပွဲများတွင် All Star အသင်းက 41 Extention အသင်းကို ခြောက်ဂိုး-ငါးဂိုး၊ UPT အသင်းက တောင်ဒဂုံအသင်းကို ခုနစ်ဂိုး-ငါးဂိုး၊ မလိခအသင်းက Actor Star အသင်းကို လေးဂိုး-သုံးဂိုး၊ PPL အသင်းက White Colour အသင်းကို ရှစ်ဂိုး-လေးဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ အုပ်စု (က)မှ All star နှင့် မျိုးချစ်လူငယ်၊ အုပ်စု(ခ)မှ UPT နှင့် မောရဝတီ၊ အုပ်စု(ဂ)မှ လင်းစဒေါင်းနှင့် မလိခ၊ အုပ်စု (ဃ)မှ Joker နှင့် PPL တို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ကွာတားပွဲစဉ်များကို စက်တင်ဘာ ၂၁၊ ၂၂ ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(စိုးညွန့်)**

### ❍ မိုးရွာသွန်းမှု

အလှတရားများဖြင့် ပြည့်ပြည့်ဝဝလှပနေသည်။ စိမ်းစိမ်းစိုစိုတောင်တန်းကြီးတွင် ရေတံခွန်သည် အဝေးကကြည့်လျှင်ပင် ဖွေးဖွေးလှုပ်၍ နာမည်နှင့်လိုက်အောင် လှပနေပြီး တသွင်သွင်ဖြာကျစီးဆင်းလျက် ရှိသည်။

ပုသိမ်ကြီးမြို့နယ်ရှိရေတံခွန်တောင်တွင် ယခုနောက်ပိုင်း အစာကျွေးသူများပြားလာသည်နှင့်အညီ မျောက်များ ပေါများလျက်ရှိသည်။ လက်ရှိတွင် ရေတံခွန်တောင်သို့ လာရောက်လည်ပတ်သူများကြောင့် တောင်ခြေရှိဈေးဆိုင်များတွင် ငှက်ပျောသီး၊ ပြောင်းဖူးစေ့ အစရှိသည့် မျောက်စာများရောင်းအားကောင်းပြီး အခြားသော စားသောက်ဖွယ်ရာများလည်း သာမန်ရက်များထက် အရောင်းအဝယ်ကောင်းနေသောကြောင့် ဈေးရောင်းသူများ အဆင်ပြေလျက်ရှိသည်။ **(ဝေဖြိုးအောင်)**














# ပြည်သူများ စာပေဖတ်မှတ်သည့်အလေ့အကျင့်များ ပိုမိုတိုးတက်ရရှိစေရေး ဆောင်ရွက်ရမည့်အချက်များ ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၀**

စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းနာယက သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တို့သည် ယနေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ (ဓါပုံ)

အဆိုပါတွေ့ဆုံပွဲတွင် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စများ၊ ပြည်သူများ စာပေဖတ်မှတ်သည့် အလေ့အကျင့်များ ပိုမိုတိုးတက်ရရှိစေရေးဆောင်ရွက်ရမည့်အချက်များ၊ ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးစာအုပ်၊ စာစောင်များ ပိုမိုထုတ်လုပ်ဖြန့်ဝေပေးနိုင်ရေးစသည့် အခြေအနေအရပ်ရပ်တို့အား ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**မန္တလေး စက်တင်ဘာ ၂၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုစီမံကိန်းနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုမူဘောင်ဆိုင်ရာများ ရှင်းလင်းတင်ပြပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသော အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ ပညာရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်း ညွှန်ကြားရေးမှူး ဦးစိန်ထွန်းက ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်မှ ချေးငွေ ဒေါ်လာသန်း ၁၀၀ အကူအညီကိုရယူပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ မူဝါဒ စည်းမျဉ်း စည်းကမ်းများနှင့်အညီ မူဘောင်များ ရေးဆွဲနေကြောင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ရေကြောင်းသွားလာမှုလွယ်ကူချောမွေ့စေခြင်း၊ မိုးလေဝသဆိုင်ရာ အသိပေးစခန်းများတည်ဆောက်မည့် အစီအစဉ်၊ စီမံကိန်းကာလမြစ်ကြောင်း တစ်လျှောက် အသက်မွေးဝမ်းကျောင်း ပြုနေသူများ အကျိုးသက်ရောက်မှုများ၊ ရာသီဥတုပြောင်းလဲခြင်းအကျိုးဆက်များကို တင်ပြသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းအဖွဲ့များက အကြံပြုဆွေးနွေးကြသည်။



ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်းကို အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုအဖွဲ့များအတွက် အထောက်အကူပြုစနစ်များ အချက်အလက်စနစ် အဆင့်မြှင့်တင် စွမ်းဆောင်ရည်မြှင့်တင်တည်ဆောက်ပေးခြင်း၊ မိုးလေဝသစောင့်ကြည့်စခန်းများတည်ဆောက်ခြင်းနှင့် သတင်းခြင်း၊ ဧရာဝတီမြစ်ကြောင်း မန္တလေးမှ ညောင်ဦး၊ ညောင်ဦးမှ ရန်ကုန် ရေကြောင်းသွားလာမှုလွယ်ကူစေရေးနှင့် ဘေးကင်းလုံခြုံစေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ကျန်းမာရေးဝန်ကြီးဌာနမှ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ ဦးစားပေးကျန်းမာရေး ပြဿနာများကို ဖော်ထုတ်ကာ ကူးစက်ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ ကူးစက်မှုမရှိသော ရောဂါများဖြစ်ပွားမှုလျော့နည်းကျဆင်းရေးနှင့် နိုင်ငံသားတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် နည်းဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိပြီး မိခင်နှင့်ကလေးငယ်များအား ကူးစက်ရောဂါများနှင့် အခြားအကြောင်းအရာများကြောင့် သေဆုံးမှုလျော့နည်းကျဆင်းစေပြီး ထောင်စုနှစ်ရည်မှန်းချက်(၄)အား ပြည့်မီစေရန်ဆောင်ရွက်ရာ၌ ကလေးငယ်များတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ အသက်(၁)နှစ်အောက် ကလေးငယ်များအား တီဘီဦးနှောက်အမြှေးရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဆုံဆို့ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ဝက်သက်ရောဂါနှင့် ပြင်းထန်ဦးနှောက်အမြှေးရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အကြံပြုချက်အရ ဂျိုက်သိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါကာကွယ်ဆေးများ ထပ်မံထိုးနှံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသော နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅) ဗဟိုဦးစီးကော်မတီအစည်းအဝေး၌ ဗဟိုဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် အသက်(၅)နှစ်အောက်ကလေး သေဆုံးနှုန်းလျှော့ချရေးရည်မှန်းချက်ရရှိရန် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အနေဖြင့် အမြင့်မားဆုံးသော ဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ နီးနွှယ်နေသော ဝန်ကြီးဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၏ အောက်ခြေအဆင့်အထိ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုတို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ မြင့်မြင့်မားမားရရှိအောင် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်(၉)လအရွယ်ကလေးငယ်များကို ဝက်သက်ရောဂါကာကွယ်ဆေး တစ်မျိုးတည်း ထိုးနှံပေးမှုအစား(၂၀၁၅) ခုနှစ်မှစတင်၍ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါနှစ်မျိုး ပေါင်းစပ်ပါဝင်သော ကာကွယ်ဆေးအသစ်ကို ထည့်သွင်းထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိရာ ကာကွယ်ဆေး အသစ်မထိုးနှံမီ အစုလိုက်ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို စတင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ဝက်သက်ရောဂါကင်းစင်ပြီး ဂျိုက်သိုးရောဂါ၊ မွေးရာပါ ဂျိုက်သိုးရောဂါထိန်းချုပ်နိုင်သည့် နိုင်ငံအဖြစ် ကမ္ဘာသို့ရောက်ရှိစေမည်ဖြစ်သဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ နီးနွှယ်ဝန်ကြီးဌာနများ၊ အစိုးရ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြပါရန်လည်း ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်က နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅) ကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း) ဒေါက်တာကျော်ကံကောင်းက ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသော ဗဟိုဦးစီးကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးများက မိမိတို့ဒေသအလိုက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို အကြံပြုဆွေးနွေးကြသည်။

၂၀၁၂ ခုနှစ်စာရင်းများအရ ကမ္ဘာပေါ်တွင် ဂျိုက်သိုးရောဂါ ကူးစက်ခံရသူပေါင်း ၉၄၀၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များတွင် ဂျိုက်သိုးရောဂါကာကွယ်မှု မရှိခဲ့ပါက အရှင်မွေးကလေး ၁၀၀၀၀ တွင် မွေးရာပါ ဂျိုက်သိုးရောဂါဖြစ်ပွားမှု တစ်ဦးမှနှစ်ဦးထက် ဖြစ်နိုင်ခြေရှိသည်။ ဂျိုက်သိုးရောဂါကူးစက်ခံရပါက ဝေဒနာပြင်းထန်ခြင်းမရှိသော်လည်း အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်တွင် ကူးစက်ခံရလျှင် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်း၊ မွေးဖွားလာမည့် ကလေးငယ်များ မွေးရာပါနှလုံးရောဂါ၊ မျက်စိအတွင်းတိမ်ရောဂါ၊ နားမကြားရောဂါ အစရှိသော ချို့ယွင်းချက်များဖြစ်ပေါ်ပြီး လူစဉ်မမီသော ကလေးများအဖြစ် မွေးဖွားလာနိုင်ကြောင်း သုတေသနများအရ တွေ့ရှိရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဆောင်ရွက်မည့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါအစုလိုက် ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခက်ခဲသည့် နယ်စပ်ဒေသကျေးရွာများ အပါအဝင် ရည်မှန်းကလေးငယ်တစ်ဦးမျှ မကျန်ရှိစေရန်အတွက် စီမံချက်အဆင့်ဆင့်ရေးဆွဲ၍ အသက် (၉)လမှ (၁၅)နှစ်အရွယ် ကလေးလူငယ်ပေါင်း ၁၇ ဒသမ ၂ သန်းအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ကျောဖုံးမှ

ရန်ကုန်အသင်းမှာ ဒုတိယပိုင်းကျမှ ကစားကွက်ပြန်မိလာပြီး ၆၂ မိနစ်တွင် ဆီဇာက ချေပဂိုး၊ ၉၂ မိနစ်တွင်သန်းထက်အောင်က အနိုင်ဂိုးတို့သွင်းယူခဲ့သည်။

**(အောင်ဆန်းကွင်း)**

ဇေယျာရွှေမြေ - သုံးဂိုး
(မက်သယူး-နှစ်ဂိုး၊ ချူကွာဇူ)
မကွေး - သုံးဂိုး
(စိုးမင်းနိုင်၊ မျိုးဇော်ဦးနှင့် ဆယ်လာ-တစ်ဂိုးစီ)

**(သုဝဏ္ဏကွင်း)**

GFA - သုံးဂိုး
(အောင်ကျော်ငြေး-နှစ်ဂိုး၊ ဂျာဒန်-တစ်ဂိုး)
ချင်းယူနိုက်တက်-နှစ်ဂိုး
(ဆောင်လမ်မန်နှင့် ပြုံးချို)

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

MFF Cup ရှုံး/ထွက်ဗိုလ်လုပွဲ
ဧရာဝတီ - နေပြည်တော်

# မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေအားနည်းနေမည်။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ပြည်တွင်းရေးရာ

✽ **ကျော်ဖုံးမှ**

**မေး။ ပြည်နယ်အတွင်းမှာ ရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေကို ဘယ်လို ကျန်းမာရေး စောင့်ရှောက်မှုတွေပေး ထားပါသလဲ။**

ဖြေ။ ပြည်နယ်အတွင်းမှာ ရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေနဲ့ ကြားညှပ်ကျေးရွာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနိုင်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ Mercy Malaysia၊ IRC၊ MRF အဖွဲ့တွေပူးပေါင်းပြီး ပေါင်းစပ်ရွေ့လျားဆေးအဖွဲ့ ၂၁ ဖွဲ့ ဖွဲ့စည်းပြီးဆတ်ရိုးကျ၊ ဓာတ်ဆီတန်း၊ စက်ရုံစု၊ ဘောဒူဖ၊ သဲချောင်း၊ အုန်းတောကြီး၊ ခေါင်းဒုက္ကာ၊ ဆေးသမားတော်ကြီး၊ အနောက်စံပြ ကယ်ဆယ်ရေးစခန်းတွေကို တစ်ပတ်လျှင် ငါးရက်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

စစ်တွေမြို့နယ်အတွင်း ကြားညှပ်ရွာတွေဖြစ်တဲ့ သဲချောင်း၊ သိန်းတန်၊ အုန်းရည်ဖော်၊ ပျားလည်ချောင်း၊ ချီလည်ပင်း၊ ဝါဘို၊ ကျက်တောပြင်၊ ဇောပူဂျာ၊ ပလ္လင်ပြင်၊ ဒေါင်းပြောက်ကေ၊ အောင်ဒိုင်၊ ဇော်မတက်၊ သုံးဆောင်ရွာ၊ ငတောက်တက်၊ တောဂံ၊ အောင်မင်္ဂလာ စတဲ့ ကျေးရွာတွေကို တစ်ပတ်လျှင် တစ်ကြိမ်စီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

ပေါက်တောမြို့နယ်မှာ ငှက်ချောင်း၊ ကြိမ်နီပြင်၊ အနောက်ရဲ စတဲ့ ကယ်ဆယ်ရေးစခန်းတွေကို တစ်ပတ်မှာ သုံးကြိမ် စောင့်ရှောက်မှုပေးနေပါတယ်။

ရသေ့တောင်မြို့နယ်မှာ အနောက်ပြင်၊ ညောင်ပင်ကြီး၊ ချိန်ခါလီနဲ့ ကိုးတန်းကောက်ရွာတွေကို တစ်ပတ်တစ်ကြိမ်နဲ့ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မောင်တော၊ မြေပုံ၊ ကျောက်တော်မြို့နယ်တွေမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေကိုလည်း ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးလျက်ရှိပါတယ်။

အထူးစီမံချက်အနေနဲ့ သက္ကေပြင် ကယ်ဆယ်ရေးစခန်းနဲ့ ဆင်တက်မော် ကယ်ဆယ်ရေးစခန်းတွေကို ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

**မေး။ NGO၊ INGO တွေနဲ့ရော ဘယ်လိုပူးပေါင်းဆောင်ရွက်နေပါသလဲခင်ဗျာ။**

ဖြေ။ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနဟာ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတွေဖြစ်တဲ့ WHO, UNICEF၊ UNFPA အဖွဲ့တွေနဲ့ ပူးပေါင်းပြီး မြို့နယ်အားလုံးမှာ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပါတယ်။ ပြည်ပစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေဖြစ်တဲ့ Malteser, ACF, Care Myanmar အဖွဲ့တွေဟာလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဘူးသီးတောင်၊ မောင်တောကျန်းမာရေးဦးစီးဌာနတွေနဲ့ပူးပေါင်းပြီး ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေနဲ့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ Mercy Malaysia, IRC, ICRC, MRF တွေနဲ့အတူ မြန်မာနိုင်ငံက ပြည်တွင်းစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အရေးပေါ်ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ရခိုင်ပြည်နယ်အတွင်းမှာ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်လို သတင်းထုတ်ပြန်မှုတွေဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ထူးခြားဖြစ်စဉ်တွေ၊ ကူးစက်ရောဂါ သတင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုသတင်းတွေကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တွေကနေ နေ့စဉ်သတင်းရယူပါတယ်။ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဓာတ်ပုံမှတ်တမ်းတွေနဲ့ စုစည်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ကျန်းမာရေးဝန်ကြီးဌာနကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ်သတင်းပို့လုပ်ငန်းတွေဆောင်ရွက်တဲ့အပြင် ပြည်နယ်ပြန်ကြားရေးဦးစီးဌာနနဲ့ပူးပေါင်းပြီး လုပ်ငန်းဆောင်ရွက်မှုတွေကို ဓာတ်ပုံမှတ်တမ်းတွေနဲ့အတူ သတင်းထုတ်ပြန်ဆောင်ရွက်ပါတယ်။

**မေး။ သဘာဝ ဘေးအန္တရာယ်ကျရောက်ရင် ကျန်းမာရေး စောင့်ရှောက်မှုပေးဖို့နဲ့ ပတ်သက်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်ထားပါသလဲခင်ဗျာ။**

ဖြေ။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာခဲ့ရင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်



ဦးလှမောင်
(ဘောဒူဖကယ်ဆယ်ရေးစခန်းတာဝန်ခံ)

ကြိုတင်ကာကွယ်ရေးစီမံချက်ကိုကြိုတင်ရေးဆွဲထားပါတယ်။ အဲဒီစီမံချက်မှာ သတင်းရယူမှုအပိုင်း၊ ဆေးဝါးစုဆောင်းရေးအပိုင်း၊ ပြည်နယ်အဆင့် ရွေ့လျားဆေးအဖွဲ့ ဖွဲ့စည်းရေးအပိုင်း၊ လူနာတွေကို ညွှန်းပို့ရေးအပိုင်း၊ ပုဂ္ဂလိကဆရာဝန်တွေ၊ ဆေးဆိုင်ဆေးခန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးအပိုင်းဆိုပြီး ရေးဆွဲထားပါတယ်။ သဘာဝဘေးအန္တရာယ် မကျရောက်မီအချိန်တွေဆိုရင် မြို့နယ်တွေကို သတင်းဖြန့်ဖြူးခြင်း၊ ရယူခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ စီမံချက်မှာပါတဲ့ ဆေးအဖွဲ့တွေကလည်း အရေးပေါ်သွားရောက်နိုင်ဖို့ ကြိုတင်စီစဉ်ထားပါတယ်။

သဘာဝဘေးကျရောက်ပြီးတဲ့ အချိန်မှာ လူနာတွေကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့နဲ့ အရေးပေါ်လူနာ ညွှန်းပို့ခြင်းလုပ်ငန်းတွေအတွက်လည်း နှီးနွှယ်ဦးစီးဌာနတွေ၊ ပြည်တွင်း ပြည်ပစေတနာ့ဝန်ထမ်းအဖွဲ့အစည်းတွေ ပူးပေါင်းပြီး အချိန်နဲ့တစ်ပြေးညီဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဖြစ်ပွားတတ်တဲ့ရောဂါတွေအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စီမံထားရှိပါတယ်။

**မေး။ ရှေ့ဆက်ပြီး ဆောင်ရွက်မယ့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေနဲ့ပတ်သက်ပြီးလည်း ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းတွေအနေနဲ့ကတော့ ဆေးရုံ၊ ဆေးခန်း



ဦးစောဝင်းမောင်
(ကျန်းမာရေးမှူးအဆင့်-၁၊
မင်းဂံဒေသန္တရကျန်းမာရေးဌာန)

တွေ၊ ကျေးလက်ကျန်းမာရေးဌာနတွေ၊ ဌာနခွဲတွေ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်း၊ လက်ရှိဌာနတွေကို အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်း အင်အားကိုလည်း ဒေသလူဦးရေနဲ့ကိုက်ညီတဲ့ အချိုး



မအာနိုဝါဘေဂွန်
(ဘောဒူဖကယ်ဆယ်ရေးစခန်း)

အရေအတွက် တိုးမြှင့်ခန့်ထားခြင်း၊ လူထုကျန်းမာရေးလုပ်ငန်းတွေနဲ့ အရန်သားဖွားဆရာမတွေ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ကျန်းမာရေးဌာနမရှိတဲ့ ကျေးရွာတွေကို ရွေ့လျားအဖွဲ့တွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ထမ်းအိမ်ရာတွေတိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းတွေ လုံလောက်စွာ ပံ့ပိုးပေးခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်ဖို့ စီမံကိန်းတွေရေးဆွဲတင်ပြဆောင်ရွက်လျက်ရှိပါတယ်။



ဆရာမ ဒေါ်ခင်ညိုညိုမြိုင်
(သားဖွားဆရာမ၊
ဘောဒူဖကယ်ဆယ်ရေးစခန်း)

လက်တွေ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကယ်ဆယ်ရေးစခန်းများရှိ တာဝန်ရှိသူများ၊ မိသားစုဝင်များနှင့်လည်း မေးမြန်းခဲ့ပါသည်-



မအေးဖြူ
(ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း)

**မအာနိုဝါဘေဂွန်**
**(ဘောဒူဖကယ်ဆယ်ရေးစခန်း)**

ကျွန်မကတော့ ဒီကယ်ဆယ်ရေးစခန်းက ဆေးခန်းကို ကလေးကာကွယ်ဆေးလာထိုးတာပါ။ ဒီဆေးခန်းမှာ တခြား နာမကျန်းသူတွေကိုလည်း အခမဲ့ဆေးကုသပေးပါတယ်။ ဒီလို ကျန်းမာရေးစောင့်ရှောက်မှုတွေပေးတာ ကျေးဇူးတင်ပါတယ်။

**(ဦးအာမက်ဟူဆန်**
**ဘောဒူဖကယ်ဆယ်ရေးစခန်း)**

ကျွန်တော်ကတော့ ချောင်းဆိုး၊ ခါးကိုက်လို့ ဆေးခန်းပြဖို့ တုံကင်ယူပြီး စောင့်နေတာပါ။ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးလို့ ကျေးဇူးတင်ပါတယ်။ ဆေးခန်းပိတ်ရက်မရှိဘဲ ကျန်းမာရေး စောင့်ရှောက်စေချင်ပါတယ်။



ဆရာမဒေါ်ဆန်းဆန်းဦး
(သားဖွားဆရာမ၊
ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း)

**ဆရာမ ဒေါ်ခင်ညိုညိုမြိုင်**
**(သားဖွားဆရာမ၊**
**ဘောဒူဖကယ်ဆယ်ရေးစခန်း)**

အခု ကျွန်မတို့ဆေးခန်းက ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့အပြင် အခုလို တစ်နှစ်အောက်နဲ့ နှစ်နှစ်အောက် ကလေးတွေကိုလည်း ပုံမှန်ကာကွယ်ဆေးထိုးပေးနေပါတယ်။ ဒီစခန်းမှာ ကိုယ်ဝန်ဆောင်မိခင်တွေ နှစ်ရာကျော်ရှိတဲ့အတွက် ကိုယ်ဝန်ဆောင်မိခင်တွေကိုလည်း အနီးကပ်ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါတယ်။

**ဦးလှမောင်**
**(ဘောဒူဖကယ်ဆယ်ရေးစခန်းတာဝန်ခံ)**

ကျွန်တော်ကတော့ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုအပြင် အခုလို ကာကွယ်ဆေးထိုးမယ့်နေ့ဆို စခန်းထဲက အိမ်ထောင်စုတိုင်းကို အသိပေးပါတယ်။ ရောဂါပြင်းရင် သက္ကေပြင်၊ ဒါးပိုင်ဆေးခန်းတွေကို သွားပြရပြီး အဲဒီကမနိုင်မှ မြို့ပေါ်ဆေးခန်းကို သွားပါတယ်။ တစ်ခုပြောချင်တာက ကျွန်တော်တို့ဆီကနေ ဆေးရုံသွားဖို့ လမ်းတွေမကောင်းလို့ တင်ပြထားပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ကတော့ အားလုံးအခမဲ့စောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်။

**ဦးစောဝင်းမောင်**
**(ကျန်းမာရေးမှူးအဆင့်-၁၊**
**မင်းဂံဒေသန္တရကျန်းမာရေးဌာန)**

ဝေးလံတဲ့ဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုပေးနိုင်အောင် လူထု ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်လှစ်ပို့ချပေးနေတာပါ။ သဘာဝဘေးကျရောက်လာရင် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့စာရင်းတွေကောက်ယူနိုင်ဖို့၊ ကျန်းမာရေးနဲ့ပတ်သက်လို့ ထူးခြားဖြစ်စဉ်တွေ အချိန်မီသတင်းပေးနိုင်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ဖို့ သင်ကြားပေးနေတာပါ။

**ဆရာမဒေါ်ဆန်းဆန်းဦး**
**(သားဖွားဆရာမ၊**
**ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း)**

ကျွန်မတို့အဖွဲ့အနေနဲ့ ဒီကယ်ဆယ်ရေးစခန်းမှာနေပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို ၂၄ နာရီလုံးလုံး စောင့်ရှောက်ပေးလျက် ရှိပါတယ်။ ဒီဆတ်ရိုးကျ ကယ်ဆယ်ရေးစခန်းဆေးခန်းကို နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိဖွင့်ပြီး ညပိုင်းတွေမှာလည်း လိုအပ်ရင် လိုအပ်သလို စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ မိသားစုဝင်ဦးရေ ၃၇၀၀ ကျော်ရှိပါတယ်။

**မအေးဖြူ**
**(ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း)**

ကျွန်မကလေး နေမကောင်းလို့ ဆေးခန်းလာပြတာပါ။ အဆုတ်ရောင်တယ်လို့ ပြောပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ အခမဲ့ဆေးကုသခွင့်ရပါတယ်။ ဆရာ ဆရာမတွေနဲ့ ဆက်ဆံရတာလည်း အဆင်ပြေပါတယ်။ ကလေး အားဆေးတွေလည်း ပေးပါတယ်။ အခမဲ့ဆေးကုသခွင့်ရလို့ ဝမ်းသာပါတယ်။ နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေကို မိဘတွေလို၊ ဆရာတွေလို သဘောထားပါတယ်။

**မစန္ဒာကျော်**
**(ဆတ်ရိုးကျကယ်ဆယ်ရေးစခန်း)**

ဒီဆေးခန်းက ဆရာ ဆရာမတွေက လူကြီးပဲဖြစ်ဖြစ်၊ ကလေးပဲဖြစ်ဖြစ် မိသားစုဝင်တွေလို အခမဲ့ဆေးကုသပေးလို့ ဝမ်းသာရပါတယ်။ အခု ကျွန်မကလေးအတွက် အားဆေးလာယူတာပါ။ ဒီကယ်ဆယ်ရေးစခန်းက မိသားစုတွေကို ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်ပေးလို့ ကျန်းမာရေးအတွက် စိုးရိမ်စရာမလိုတော့ဘူးပေါ့။ ။

## တာချီလိတ်ရေဘေးသင့်ပြည်သူများအား ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၈ ရက် နံနက် ၃ နာရီခွဲက ရှမ်းပြည်နယ် တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မယ်ဆိုင်ချောင်းရေမြင့်တက်ကာ မိုးရေနှင့် တောင်ကျချောင်းရေများ စီးဝင်မှုကြောင့် ပုန်းထွန်ရပ်ကွက်ရှိ အိမ်ခြေ ၅၂၇ လုံး၊ အိမ်ထောင်စု ၃၂၅ စု၊ လူဦးရေ ၁၅၂၁ ဦး၊ တာလေ့ရပ်ကွက်ရှိ အိမ်ခြေ ၁၅၄ လုံး၊ အိမ်ထောင်စု ၁၈၀၊ လူဦးရေ ၆၇၅ ဦး၊ မကာဟိုခမ်းရပ်ကွက်ရှိ အိမ်ခြေ ၁၀၃ လုံး၊ အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ ၂၈၉ ဦး၊ မယ်ခေါင်ရပ်ကွက်ရှိ အိမ်ခြေ ၁၁၄ လုံး၊ အိမ်ထောင်စု ၂၂၂ စု၊ လူဦးရေ ၉၂၉ ဦး၊ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ အိမ်ခြေ ၁၂၀၊ အိမ်ထောင်စု ၁၄၂ စု၊ လူဦးရေ ၃၈၂ ဦး၊ ဝိန်းကျောက်ရပ်ကွက်ရှိ အိမ်ခြေ ၁၂၁ လုံး၊ အိမ်ထောင်စု ၁၂၁ စု၊ လူဦးရေ ၄၉၃ ဦး၊ ရန်အောင်မြေရပ်ကွက်ရှိ အိမ်ခြေ ၉၅ လုံး၊ အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၂၆ ဦး စုစုပေါင်းအိမ်ခြေ ၁၂၃၄ လုံး၊ အိမ်ထောင်စု ၁၂၀၀၊ လူဦးရေ ၄၆၁၅ ဦးတို့ နေထိုင်ရာနေရာများသို့ ရေအမြင့် သုံးပေမှ ၁၀ ပေခန့်ထိ ဝင်ရောက်လျက်ရှိသည်။ ရေဝင်ရောက်သည့် နေရာများမှ ရေဘေးသင့်ပြည်သူများအတွက် ပုန်းထွန်ရပ်ကွက်ရှိ သီရိရတနာဂူဟာ ရှမ်းဘုန်းကြီးကျောင်း၊ တာလေ့ရပ်ကွက်ရှိ တာလေ့ကျောင်းတိုက်၊ မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်ဓမ္မာရုံ၊ ဆန်ဆိုင်း(က) ရပ်ကွက်ရှိ နဂါးနှစ်ကောင်ဘုန်းကြီးကျောင်း၊ မယ်ခေါင်ရပ်ကွက်ရှိ မယ်ခေါင်ဘုန်းကြီးကျောင်း နှင့် ဝိန်းကျောက်ရပ်ကွက်ရှိ ကော်တော့(အတွင်း) ဘုန်းကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခဲ့သည်။ မိုးရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်ရှိ ရေနစ်မြုပ်နေသော နေရာများ၌ နံနက် ၆ နာရီမှစ၍ လျှပ်စစ်မီးဖြတ်တောက်ထားပြီး အဆိုပါနေရာများတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပုန်းထွန်ရပ်ကွက်အတွင်းရှိ ရေဘေးသင့် ပြည်သူ ၁၅၂၁ ဦးတို့အား ထမင်းထုပ်များပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# သီလဝါစီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသောဒေသခံတို့၏ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်

မြန်မာနိုင်ငံရှိ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအတွက် လမ်းညွှန်ချက်များ၊ ကမ္ဘာ့ဘဏ်၏ ဘေးအန္တရာယ်လုံခြုံရေး မူဝါဒများကဲ့သို့ နိုင်ငံတကာစံနှုန်းများဖြင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင် (၁) စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ပုဂ္ဂိုလ်များနှင့် အိမ်ထောင်စုများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ (၂) ပြန်လည်နေရာချထားရေးလုပ်ငန်း စီမံချက်ရေးဆွဲခြင်း၊ (၃) ဒေသခံများ၏ ပူးပေါင်းပါဝင်မှုရယူကာ ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းနှင့် (၄)မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP) အား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည်တို့ကို အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။

ပြန်လည်နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်သည့် စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများ၏ လက်ရှိအခြေအနေနှင့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ် (IRP) အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား JICA မှ ငှားရမ်းထားသော ကျွမ်းကျင်ပညာရှင်အဖွဲ့မှ အဖွဲ့ဝင်ဖြစ်သည့် မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်ပညာရှင် မစ္စဂျွန်ကို ကိခုချိ (Ms. Junko Kikuchi)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ကနေ စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသူ (PAP) အိမ်ထောင်စုတွေရဲ့ လက်ရှိ အခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ စီမံကိန်းကြောင့် ပြောင်းရွှေ့ခံခဲ့ရသူ(PAP) တွေဟာ အရင်က ကျေးလက်ဒေသလူနေမှုစရိုက်နဲ့ နေထိုင်ခဲ့ရပေမယ့် အခုအချိန်မှာတော့ တောမက မြို့မကျတဲ့ ပြန်လည်နေရာချထားရေးတွေမှာ နေထိုင်ခွင့်ရနေပါပြီ။ ဒီလို အစားထိုးနေရာချထားပေးတဲ့ နေရာတွေမှာ ဥပမာတစ်ခုအနေနဲ့ လျှပ်စစ်မီးရတယ်။ ဒါကြောင့် လမ်းမီးကအစ ကာရာအိုကေဆိုတာတွေ၊ သီချင်းနားထောင်တာတွေ၊ လျှပ်စစ်မီးနဲ့ ချက်ပြုတ်ရတာမျိုးတွေအထိပေါ့။ လူအများစုကတော့ အဲဒီလို လျှပ်စစ်မီးရတာကို သဘောကျကြပါတယ်။ အရင်က သူတို့မှာအဲဒီလိုမျိုး မရရှိခဲ့ဘူးလေ။ အရင်က မလုပ်ဖူးတဲ့ လျှပ်စစ်မီတာခ ပေးဆောင်ရတာမျိုးတွေမှာတော့ လူအများစုက ရင်းနှီးကျွမ်းဝင်မှု မရှိကြသေးဘူး။ ဒီလိုအခြေအနေတွေနဲ့ အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားနေထိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ “ ဒေသခံများ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ် (IRP)” အနေနဲ့ PAP တွေအတွက် တောမက မြို့မကျတဲ့ နေထိုင်မှုပုံစံပြောင်းလဲနေထိုင်တဲ့နေရာမှာ အံဝင်ခွင်ကျဖြစ်အောင် ထောက်ပံ့ပေးနိုင်ဖို့ လုပ်ဆောင်တာပါ။

ယခုအချိန်မှာတော့ အဖွဲ့အစည်းအများအပြားဟာ စီမံကိန်းကြောင့် ပြောင်းရွှေ့လာရတဲ့ အိမ်ထောင်စုဝင်တွေကို အကူအညီပေးဖို့ ကြိုးစားနေကြပါတယ်။ ဒါဟာအလွန်ကောင်းပါတယ်။တစ်ချိန်တည်းမှာပဲ ဒီလိုအခြေအနေမျိုးဟာ ပြင်ပကိုမှီခိုလိုစိတ် ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ပြောင်းရွှေ့နေထိုင်တဲ့နေရာအသစ်မှာ မြန်မာအစိုးရကသော်လည်းကောင်း၊ ဂျပန်အစိုးရကသော်လည်းကောင်း ဒါမှမဟုတ် အခြားအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုခုကနေ နောက်ထပ်ငွေကြေးအကူအညီတွေပေးမယ်ဆိုတဲ့ ကောလာဟလတွေဟာ ခဏခဏထွက်ပေါ်လာတတ်ပါတယ်။ ဒီလိုကောလာဟလတွေဟာ လူအများရဲ့အလုပ်လုပ်ချင်စိတ်ကို အဟန့်အတားဖြစ်စေပြီး အိမ်မှာပဲနေပြီး နောက်ထပ်အကူအညီကို ထိုင်စောင့်လိုစိတ်ဖြစ်စေပါတယ်။ အဲ့ဒီလို အခြေအနေမျိုးမှာဆိုရင်တော့ ပြည့်စုံဖူလုံတဲ့ လူမှုဘဝရရှိစေနိုင်ရေးအတွက် အဓိကသော့ချက်ဖြစ်တဲ့ မိမိကိုယ်ကိုအားကိုးလိုစိတ်ဖြစ်ပေါ်လာစေနိုင်ရန်အတွက် သူတို့ကိုအားပေးတိုက်တွန်းဖို့ တကယ်ကို ခက်ခဲလှပါတယ်။

**မေး။ ။ ဒါဆိုရင် မစ္စဂျွန်ကို အနေနဲ့ IRP အစီအစဉ်မှာ ဘယ်လိုတာဝန်ယူထားလဲ။ အရင်ကကော ဒီလို လုပ်ငန်းမျိုးကို လုပ်ကိုင်ခဲ့ဖူးတာတွေရှိပါလား။ မြန်မာနိုင်ငံကို ရောက်ရှိတာ ဘယ်လောက်ကြာပြီလဲ။**

ဖြေ။ ။ ကျွန်မအနေနဲ့ IRP မှာ မူလဝင်ငွေ အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့မှာ ဒုတိယတာဝန်ခံ အကြံပေးအရာရှိအနေနဲ့ လုပ်ဆောင်နေပါတယ်။ ကျွန်မက မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျွမ်းကျင်ပညာရှင်အနေနဲ့ ဂျပန်အပါ အဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံလောက်မှာ လုပ်ဆောင်ခဲ့ပါတယ်။ အာဖရိကမှာဆို ဂါနာ၊ အီသီယိုးပီးယား၊ ဆီနီဂေါ၊ မော်ရိုကိုနဲ့ ဘရာဇီးတို့မှာပေါ့။ အရင်နှစ် ဇူလိုင်လက မြန်မာနိုင်ငံကို ရောက်တာဆိုတော့ တစ်နှစ်လောက်ရှိပြီပေါ့။

**မေး။ ။ မစ္စဂျွန်ကိုရဲ့ အတွေ့အကြုံအရ မြန်မာနိုင်ငံမှာ လုပ်ငန်းဆောင်ရွက်ရတာ ဘာတွေများ ကွာခြားမှုရှိလဲ။**

ဖြေ။ ။ နိုင်ငံတိုင်းမှာတော့ သူ့ဓလေ့နဲ့သူ ရှိကြတာပါပဲ။ မြန်မာနိုင်ငံကို သဘောကျတာက မြန်မာနိုင်ငံမှာ တစ်ဦးနဲ့တစ်ဦးလေးစားမှုရှိတယ်။ မေးခွန်းတွေမေးရင်လည်း ကောင်းကောင်းမွန်မွန်ဖြေကြပါတယ်။

**မေး။ ။ မူလဝင်ငွေအခြေအနေ ပြန်လည်ရောက်ရှိစေရေး အစီအစဉ် (Income Restoration Program – IRP) ဘာလဲဆိုတာ ရှင်းပြပေးနိုင်မလား။**

ဖြေ။ ။ IRP အစီအစဉ်ဆိုတာက ပြန်လည်နေရာချခြင်းခံခဲ့ရတဲ့ အိမ်ထောင်စုဝင်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်ပါ။ ဒေသခံတွေအတွက် ဝင်ငွေရရှိစေနိုင်ဖို့ အခွင့်အလမ်းတွေ ရှာပေးတာတွေ၊ အလုပ်အတွက် သင်တန်းတွေ တက်ရောက်နိုင်ဖို့၊ အလုပ်အကိုင်တွေ ရရှိအောင်ကူညီပေးဖို့တွေပါပါတယ်။ စီမံကိန်းကြောင့် ပြန်လည်နေရာချထားခြင်းခံခဲ့ရတဲ့ အိမ်ထောင်စုဝင်တွေရဲ့ ဘဝကို တိုးတက်လာစေဖို့ အနည်းဆုံးအနေနဲ့ မူလမပြောင်းရွှေ့မီအခြေအနေမျိုးပြန်လည်ရောက်ရှိစေဖို့ပေါ့။ IRP က စီးပွားရေးအခြေအနေရပ်တည်မှုတစ်ခုတည်းမဟုတ်ပဲ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ လူ့စွမ်းရည်တိုးတက်စေရန်နဲ့ အခြေနေအရပ်ရပ်အတွက် ရည်ရွယ်ပါတယ်။

အခုလုပ်ဆောင်ပေးတဲ့ အစီအစဉ်က မြန်မာနိုင်ငံမှာ ပထမဆုံးသော မူလဝင်ငွေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးတဲ့ တရားဝင် အစီအစဉ်တစ်ခုဖြစ်မယ်လို့ထင်ပါတယ်။ ဒါကြောင့် JICA က သူတို့တွေကို အကောင်းဆုံး ထောက်ပံ့ပေးနိုင်အောင်နဲ့ မြန်မာအစိုးရရဲ့ IRP အစီအစဉ်တွေကို သက်ဆိုင်ရာ လူတွေနဲ့ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်နေတယ်။

**မေး။ ။ ဒါဆိုရင် သီလဝါအထူးစီးပွားရေးဇုန်ရဲ့ IRP အစီအစဉ်မှာ မစ္စဂျွန်ကိုအနေနဲ့ ဘာတွေဆောင်ရွက်ခဲ့ပြီးပြီလဲ။ အခုလက်ရှိ ဆောင်ရွက်နေတာနဲ့ ဆက်လက်လုပ်ဆောင်မယ့် အစီစဉ်တွေက ဘာတွေများလဲ။**



JICA မှ ကျွမ်းကျင် ပညာရှင် မစ္စဂျွန်ကို ကိခုချိ။

ဖြေ။ ။ ၂၀၁၃ ဒီဇင်ဘာမှာတော့ စီမံကိန်းကြောင့် ပြောင်းရွှေ့ခံခဲ့ရသူ (PAP)တွေ ပါဝင်တဲ့ ဆွေးနွေးပွဲကို ပထမဆုံးအဖြစ် ကျင်းပခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ အလုပ်အကိုင်ရရှိစေဖို့အတွက် အထောက်အပံ့ပေးနိုင်မယ့် အစီအစဉ်ကို စတင်ဆောင်ရွက်ပါတယ်။ IRP အစီအစဉ်အစမှာတော့ လူတစ်ယောက်ချင်းရဲ့ တစ်ဦးချင်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်းစားပြီး အသက်မွေးဝမ်းကျောင်း သင်တန်းတွေပေးခဲ့ပါတယ်။ လူမှုရေးဆိုင်ရာ ကူညီထောက်ပံ့မှုတွေအနေနဲ့ ပြန်လည်နေရာချထားတဲ့ PAP မိသားစုဝင်ထဲက ကလေးတွေကို သူတို့ပြောင်းရွှေ့ခဲ့တဲ့ နေရာသစ်မှာရှိတဲ့ ကျောင်းနားကို ပြောင်းပေးခဲ့တယ်။ အိမ်ထောင်စုစာရင်းလုပ်တာတွေ၊ အမျိုးသားမှတ်ပုံတင် ပြုလုပ်ပေးတာတွေနဲ့ ပြန်လည်နေရာချထားပေးတဲ့ နေရာသစ်မှာရှိတဲ့ အခြေခံအဆောက်အအုံတွေကို အမြဲတမ်းကြည့်ရှုပေးပြီး လိုအပ်တာတွေကို ထောက်ပံ့ပေးခဲ့ပါတယ်။

ယခုလက်ရှိမှာတော့ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်မှုတွေ (community development) ကို ဆက်လက်လုပ်ဆောင်နေပါပြီ။ ဒါဟာ သူတို့အတွက် ပိုမိုကောင်းမွန်ပြီး အားကောင်းတဲ့ လူမှုအသိုက်အဝန်းတစ်ခု ဖြစ်လာစေဖို့ပေါ့။

**မေး။ ။ သီလဝါ ပထမအဆင့်စီမံကိန်းမှာ အိမ်ထောင်စုဝင်ပေါင်းဘယ်လောက်ပြောင်းရွှေ့ခဲ့ပြီး IRP အစီအစဉ်ရဲ့ သင်တန်းတွေကို ဘယ်နှယောက်လောက် တက်ရောက်နေပါလဲ။**

ဖြေ။ ။ အိမ်ထောင်စု ၆၈ စု ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ သင်တန်းတက်ရောက်တာကတော့ ပထမဆုံး အကြိမ်အနေနဲ့ ၂၈ ဦးပေါ့။ နောက်ထပ် ထပ်မံပြီး သင်တန်းတက်ရောက်ချင်တဲ့ လူတွေရှိသေးရင်လည်း ထောက်ပံ့ပေးဦးမှာ ဖြစ်ပါတယ်။ လယ်သမားတွေနဲ့ လူလတ်ပိုင်းစတဲ့ လူမျိုးတွေက သင်တန်းတွေ တက်ရောက်ခဲ့ပါတယ်။ တက်ရောက်ခဲ့တဲ့ သင်တန်းတွေကတော့ ကွန်ပျူတာ၊ ဂျပန်စကားပြော၊ အဆိုအတီး သင်တန်းမျိုး၊ လျှပ်စစ်ပစ္စည်း ပြင်ဆင်တာတတ်တဲ့သူတွေရှိတယ်။ကားမောင်းပြင်သင်တန်း၊ ကားစက်ပြင် သင်တန်း၊ ပရိဘောဂပြုလုပ်တဲ့လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းပြင်ဆင်တာကို တတ်တဲ့သူတွေရှိတယ်။ လက်သမားနဲ့ပန်းရန်သင်ပေးဖို့ လုပ်ပေးပေမယ့် အတန်းပညာအနိမ့်ဆုံး (၄) တန်းဆိုတော့ (၄) တန်းထိ မရောက်တဲ့သူတွေက လက်သမားကို တက်လို့ မရဘူး။ လက်သမားကျတော့ အတွက်အချက်လောက်တော့ တတ်ဖို့လိုတာကိုး။

**မေး။ ။ ရွာသားတွေ(PAP)တွေရဲ့ အတွေ့အကြုံတွေက သူတို့တက်ရောက်ချင်တဲ့ သင်တန်းတွေနဲ့ အဆင်ပြေရဲ့လား။**

ဖြေ။ ။ တစ်ယောက်ပြီး တစ်ယောက်က ဖြစ်ချင်တာတွေ များနေတယ်။ သူတို့တတ်ချင်တဲ့ပညာနဲ့ သူတို့မှာရှိတဲ့ အတွေ့အကြုံတွေက မကိုက်ညီတဲ့အခါမှာ သူတို့ဖြစ်ချင်တဲ့အတိုင်း အဆင်ပြေအောင် လိုက်ညှိပြီးတော့ စီစဉ်ပေးရတယ်။ တစ်ယောက်တစ်မျိုး လိုက်စီစဉ်ပေးရတော့ အခက်အခဲတွေတော့ရှိတာပေါ့။ သင်တန်းကြေးသွင်းပြီး အပ်ပေးထားပြီးတော့မှ တစ်ရက်နှစ်ရက်ပဲတက်ပြီး ဆက်မတက်တော့တာတွေလည်း ရှိတယ်။ ဒီအခါမျိုးမှာ ဖိအားပေးပြီး အတင်းတက်ခိုင်းလို့လည်း မရဘူးလေ။ ဒါမျိုးတွေလည်း ရှိတယ်။

တချို့က အခြေခံတတ်ကျွမ်းတယ်။ တချို့ကတော့ အခြေခံကနေစပြီး ပြန်သင်ရတယ်။ အများစုက ကားကြီးမောင်း သင်တန်းတက်ချင်တယ်။ ဒါပေမယ့် အဲဒီသင်တန်းက အခြေခံအတန်းပညာ (၈) တန်းအထိ တတ်ရမယ်လေ။ ဘာလို့လဲဆိုတော့ ခလုတ်တွေကို ကိုင်တွယ်ရင် မသိမှာစိုးတဲ့အတွက် ကားကြီးမောင်း သင်တန်းကို ဖျက်ခဲ့ရတယ်။

**မေး။ ။သက်မွေးမှုသင်တန်းကို ပို့လို့မရတဲ့ PAP တွေအတွက် ဘယ်လို လုပ်ဆောင်ပေးမလဲ။**

ဖြေ။ ။ဒီလိုလူတွေကို အဲဒီလို သင်တန်းအစား သူတို့နဲ့ သင့်တော်တဲ့ အခြားသင်တန်းတွေကို တက်ရောက်ဖို့ အကြံပေးခဲ့ပါတယ်။ သူတို့က ပညာရည် နိမ့်တယ်ဆိုပေမယ့် လုပ်ငန်းအတွေ့အကြုံရှိတဲ့ လူတွေပေါ့။

**မေး။ ။သူတို့ နေထိုင်နေတဲ့ လူမှုဘဝကို ပြောင်းလဲလိုက်ရတော့ သူတို့ရဲ့ စိတ်သဘောထားက ဘယ်လိုရှိလဲ။**

ဖြေ။ ။ လူတချို့က သူတို့အိမ်တွေကနေ ရေတွင်းတွေမှာ ရေသွားခပ်ဖို့အစား ရေစည်တွေ၊ ရေပိုက်လိုင်းတွေ ပြုလုပ်ပေးဖို့ အဆိုပြုတောင်းဆိုလာတာ ရှိပါတယ်။ အခုမှ စသုံးရတာဆိုတော့ အဲဒီပစ္စည်းတွေနဲ့ သူတို့ အကျွမ်းတဝင် မရှိဘူး။ ပြီးတော့ ဒီပစ္စည်းတွေကို ရေရှည် အသုံးပြုနိုင်ဖို့အတွက် ပြုပြင်ထိန်းသိမ်းဖို့ကိုလည်း အသိပညာပေးနေရတယ်။ ရေစနစ်မှာဆိုရင် သူတို့က ရန်ကုန်ကလိုမျိုးပဲ ခလုတ်ဖွင့်လိုက်တာနဲ့ ရေရချင်တယ်။ တပ်ဆင်ပေးလိုက်ပြီဆိုရင်လည်း ပြန်လည်နေရာချထားပေးတဲ့ နေရာတစ်ခုတည်းကိုပဲ လုပ်ပေးထားသလိုဆိုတော့ ဘေးပတ်ဝန်းကျင်နဲ့က ဖွံ့ဖြိုးမှု မညီတော့ဘူး။

**မေး။ ။ လက်ရှိ PAP တွေရဲ့ လူမှုကွန်ရက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် IRP အနေနဲ့ လုပ်ဆောင်ပေးတာရှိလား။**

ဖြေ။ ။ IRP အစီအစဉ်ရဲ့ ထပ်မံလုပ်ဆောင်ချက်အနေနဲ့ စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း (Capacity Building Initative) ကတော့ ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၃၁ ရက်က ဆွေးနွေးပွဲလေး တစ်ခုလာလုပ်ပေးတယ်။ အိမ်နီးချင်းတွေ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်ရစေဖို့၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမျိုးအဆက်အသွယ်လုပ်ရမယ်။ ဘယ်လိုတိုးတက်မှုတွေလုပ်ရမယ်။ ကိုယ့်တစ်ဦးချင်းအလိုက်မဟုတ်ဘဲ အဖွဲ့အစည်းအလိုက် ဘယ်လို လုပ်ဆောင်သင့်တယ်ဆိုတာလေးတွေကို သိစေချင်လို့၊ သူတို့မှာ ရှိနေပြီးဖြစ်တဲ့ အခွင့်အရေးကောင်းတွေကို သိရှိနားလည်စေဖို့။ အစုအဖွဲ့နဲ့ လုပ်ရှားနေထိုင်တတ်အောင်ပေါ့။

**မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်ရဲ့ IRP အစီအစဉ်က အချိန်ဘယ်လောက်ကြာကြာလုပ်ဆောင်ပေးမှာလဲ။**

ဖြေ။ ။ နှစ်နှစ်ခွဲကြာ အကောင်အထည်ဖော်သွားမှာပါ။ သူတို့ရဲ့ လူမှုဘဝတွေပြောင်းလဲသွားပေမယ့် ရေရှည်စောင့်ကြည့်ပေးသွားမှာပါ။

**မေး။ ။ PAPတွေ နေရာအသစ်တစ်ခုမှာ ဘဝအသစ်ပြန်စနိုင်ဖို့ IRPအစီအစဉ်အနေဖြင့် အထောက်အပံ့ပြုပေးနိုင်မယ်လို့ ထင်မြင်ပါသလား။**

ဖြေ။ ။ ၁၀၀ ရာခိုင်နှုန်း အောင်မြင်မယ်လို့တော့ မဆိုလိုချင်ဘူး။ ဒါပေမယ့် အကောင်းဆုံး ကြိုးစားပြီးတော့ အတတ်နိုင်ဆုံး ကူညီသွားမယ်။

မူလဝင်ငွေအခြေအနေ ပြန်လည်ရောက်ရှိစေရေး အစီအစဉ် (Income Restoration Program – IRP) ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် JICA နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုအဖွဲ့တို့က ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ စီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုဝင်များ၊ အလုပ်အကိုင် အထောက်အကူပြု သင်တန်းများနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း IRP အစီအစဉ်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သူများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၃ ဒီဇင်ဘာတွင် ကျင်းပခဲ့သောပထမဆုံးအကြိမ် IRP လူထုတွေ့ဆုံပွဲတွင် ပြောင်းရွှေ့လာသော အိမ်ထောင်စုဝင်များအစား ကိုယ်စားလှယ်အနေဖြင့် နှစ်ဦးကိုရွေးချယ်ခဲ့သည်။ ယင်းလူထုတွေ့ဆုံပွဲတွင် အိမ်ထောင်စုပေါင်း ၆၈ စု (စုစုပေါင်းအိမ်ထောင်စု ၈၁ စု) တက်ရောက်ခဲ့ပြီး ယင်းနှစ်ဦးထဲမှ တစ်ဦးအား ရပ်ရွာရာအိမ်မှူးအနေဖြင့် လူအများကရွေးချယ်ခဲ့သည်။ အဆိုပါ ရာအိမ်မှူးအား ပြောင်းရွှေ့လာသော အိမ်ထောင်စုများ၏ ရပ်ရွာခေါင်းဆောင်အနေဖြင့် သတ်မှတ်ခဲ့ကြပါတယ်။ IRP အစီအစဉ်ကို IRPဆပ်ကော်မတီနှင့်အတူ နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးသော ဂျပန်ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့်အတူတကွ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း NGPs အဖွဲ့အစည်းများနှင့် အတိုင်ပင်ခံများမှ အတူတကွ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။ မြန်မာအစိုးရအနေဖြင့် IRP အစီအစဉ်အရ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ Vocational Training School (သက်မွေးမှုဆိုင်ရာ သင်တန်းကျောင်း) ဖွင့်လှစ်မည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း---ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ---ဖိုးထောင်

# အငှားယာဉ်ပေါ် မေ့ကျန်ပစ္စည်းများ ပိုင်ရှင်ကနေဒါနိုင်ငံသားထံ ပြန်လည်ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

International School of Myanmar Curriculum Coordinator လုပ်ကိုင်သူ ကနေဒါနိုင်ငံသား Mr.LEE Koran သည် ရန်ကုန်မြို့(၃၃)လမ်းနှင့် အနော်ရထာလမ်းထောင့်၌ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် အငှားယာဉ်တစ်စီးငှားပြီး ဗိုလ်ချုပ်ဈေးသို့သွားရာ အဆိုပါအငှားယာဉ်ပေါ်၌ သားရေလက်ကိုင်အိတ်အနက်တစ်လုံး မေ့ကျန်ခဲ့ကြောင်း၊ အဆိုပါအိတ်ထဲတွင် ပတ်စ်ပို့စာအုပ်တစ်အုပ်၊ Credit ကတ်နှစ်ကတ်၊ အမေရိကန်ဒေါ်လာ ၄၀၀၀ နှင့် အခြားစာရွက်စာတမ်းများ ပါရှိသွားခဲ့ကြောင်းဖြင့် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု (ရန်ကုန်) သို့ မွန်းလွဲ ၂ နာရီတွင် လာရောက်သတင်းပို့သည်။

ယင်းသို့ သတင်းပို့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု ခေတ္တတပ်ဖွဲ့စုမှူး၏ စီစဉ်မှုဖြင့် တပ်ကြပ်ငွေးဝဏ္ဏသည် ကနေဒါနိုင်ငံသားနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ပြီး (၃၃) လမ်းနှင့် ပတ်ဝန်းကျင်နေရာသို့ စုံစမ်းရာ ကနေဒါနိုင်ငံသား အငှားယာဉ်ငှားရမ်းသော နေရာအနီး၌ အငှားယာဉ်မောင်း ဦးအောင်တင်ကျော်နှင့်တွေ့ဆုံကာ အငှားယာဉ်မောင်းက မိမိမောင်းနှင်သည့် ပရိုက်ဘောက်စ်အမျိုးအစား အငှားယာဉ်နံပါတ် 9D/---- ယာဉ်ပေါ်ကျန်ရှိခဲ့သော ပစ္စည်းအား ပြန်လည်ပေးအပ်ရန် ပိုင်ရှင်ကို ရှာဖွေနေကြောင်း ပြောပြပြီး အဆိုပါ ပစ္စည်းများအား ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့စုမှူး(ရန်ကုန်)ရုံးချုပ်၌ ပိုင်ရှင်ကနေဒါနိုင်ငံသားထံ ပြန်လည်ပေးအပ်ခဲ့သည်။

ကနေဒါနိုင်ငံသား Mr.LEE Koran သည် မျှော်လင့်မထားသော ပစ္စည်းများပြန်လည်ရရှိ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့တပ်ဖွဲ့စုမှူး (ရန်ကုန်) နှင့်အငှားယာဉ်မောင်းတို့အား ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူး ဒေါ်ရီရီသန်း(ဝါဏိဇ္ဇဗေဒဌာန)ဦးဆောင်သော စီးပွားရေးတက္ကသိုလ်မှ Master of Banking and Finance(1th Batch) ကျောင်းသား ကျောင်းသူ ၄၉ ဦးသည် စက်တင်ဘာ ၂၀ ရက် မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ Bank နှင့် Deutscke Bank တို့ကို လေ့လာရန် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (ကြေးမုံ)

# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအကြို အထိမ်းအမှတ်အဖြစ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမြင့်ထွေး ဦးဆောင်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ ဦး၊ ရေး၊ ထောက်ဌာနများမှ တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၊ တိုင်းအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ တို့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုဆောင်နှင့် လူနာဆောင်ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းနှင့် မြက်များအား စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြောင်း သိရသည်။



ယင်းစုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ တိုင်းအကူတပ်ဖွဲ့ခွဲမှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများက လိုက်လံ ကြည့်ရှုအားပေးခဲ့ကြသည်။

**(ကြေးမုံ)**

# အမှိုက်သိမ်းဆည်းပေးမှု ဝန်ဆောင်ခ တိုးမြှင့်ကောက်ခံမည်ကို ပြည်သူများ စိုးရိမ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးမှ နေ့စဉ်စွန့်ပစ်အမှိုက်များကို သိမ်းဆည်းခြင်းနှင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ ပို့ဆောင်ပေးခြင်းလုပ်ငန်းများကို ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းရှင်များလက်သို့ လွှဲပြောင်းပေးတော့မည်ဟု စက်တင်ဘာ ၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားမှုကြောင့် အမှိုက်သိမ်းဆည်းပေးမှု ဝန်ဆောင်ခနှုန်းထားအား ယခုထက်ပိုမိုတိုးမြှင့်ကောက်ခံလာမည်ကို ဒေသခံပြည်သူများက စိုးရိမ်ပူပန်နေကြသည်။

"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သန့်ရှင်းရေးဌာနက အမှိုက်သိမ်းဆည်းပေးမှု ဝန်ဆောင်ခနှုန်းထားကို အများပြည်သူဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မြို့တွင်း ခြောက်မြို့နယ်မှာ တစ်အိတ်ကို တစ်လ ၂၀ ကျပ်၊ မြို့တွင်းနဲ့ နီးစပ်တဲ့ မြို့နယ်တွေကို ၁၅ ကျပ်၊မြို့သစ်မြို့စွန်တွေမှာ ၁၀ ကျပ်နှုန်းထားပဲ ဝန်ဆောင်ခယူတယ်။ တကယ်လို့ ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းရှင်တွေက သန့်ရှင်းရေးလုပ်ငန်းကို လွှဲပြောင်းရယူပြီးရင် ဒီနှုန်းထားအတိုင်းပဲ ဝန်ဆောင်ခယူစေချင်တယ်။ အကြောင်းအမျိုးမျိုးပြပြီး ဝန်ဆောင်ခကို တိုးမြှင့်ရင် အများပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သွားနိုင်တယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ မြို့တော်သန့်ရှင်းသာယာရေးအတွက် နေ့စဉ်အမှိုက်တန်ချိန် ၁၁၅၀ ကို သိမ်းဆည်းရှင်းလင်းပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ် ဧပြီလတွင် အမှိုက်သိမ်းဆည်းခြင်းနှင့် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံသို့ ပို့ဆောင်ခြင်းလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံ လွှဲပြောင်းပေးတော့မည်ဟု သိရသည်။

**(မောင်သုည)**







LIEBHERR SCANIA KONE

**Career Opportunity: For Heavy Machine, Bus,Turck, Genset, Escalator and Elevator.**

Liebherr [illegible] Germany [illegible] Excavtor, Dozer, Wheel loader, Batching Plant, Mobile Crane, Foundation Crane, Tower Crane, Crawler Crane [illegible] SCANIA [illegible] Sweden [illegible] Bus, Truck and Genset [illegible] KONE [illegible] Finland [illegible] Escalator and Elevator [illegible]


1 - Sales Manager (2 persons)
2 - Sales Consultant (8 Persons)
3 - Marketing Supervisor / Staff (2 persons)
4 - Safety Manager/Officer (2 Persons)
5 - Graphic Desinger (3 Persons)
6 - IT Technician (5 Persons)
7 - Service Technician for Elevator Unit (10 Persons)

[illegible] E-mail Address [illegible]

**KONE OFFICE** - No:106-108, corner of Hnin Si Gone Street and Baho Street, In front of Central Women Hospital, Ahlone Township, Yangon,Myanmar.
**SCANIA & LIEBHERR OFFICE** - No:42-47, Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar.
Phone Number : 09-493 42295, 09-4934 2253
E-mail Address : hr@ois-liebherr.com,hr@ois-scania.com,hr@oams-kn.com

**Closing Date: (15th Oct 2014)**

## ELLE မဂ္ဂဇင်း၏ မျက်နှာဖုံးရှင်ဖြစ်လာသည့် 2NE1 မှ CL




တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ 2NE1 မှ အဖွဲ့ဝင် CL သည် ပထမဆုံးသော ကိုရီးယား ဂီတပညာရှင်နှင့် အသက်အငယ်ဆုံးအနုပညာရှင်တစ်ဦးအဖြစ် ELLE မဂ္ဂဇင်း၏ အောက်တိုဘာလထုတ် မျက်နှာဖုံးရှင်ဖြစ်လာခဲ့သည်။

"CL ရဲ့ ထင်ရှားတဲ့ ကိုယ်ပိုင်စရိုက်လက္ခဏာတွေကို အားလုံးက အသိအမှတ်ပြုပြီးဖြစ်သလို သူမဟာ ကိုရီးယား အနုပညာလောကရဲ့ လူကြိုက်အများဆုံးအနုပညာရှင် တစ်ဦးလည်းဖြစ်ပါတယ်"ဟု ပြင်သစ်နိုင်ငံထုတ် ဖက်ရှင်၊ အလှအပ၊ ကျန်းမာရေးနှင့် အနုပညာရေးရာမဂ္ဂဇင်း တစ်စောင်ဖြစ်သည့် ELLE Korea မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

CL ၏ အလှအပဓာတ်ပုံများနှင့် အင်တာဗျူးကဏ္ဍတို့ကို အောက်တိုဘာလထုတ် ELLE မဂ္ဂဇင်း၏ တရားဝင် ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

## European Music ဆန်ခါတင်ဆုစာရင်းတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် ကေတီပယ်ရီ



ဥရောပတွင် ရေပန်းအစားဆုံးသီချင်းများနှင့် တေးသံရှင်များကို ရွေးချယ်ဆုချီးမြှင့်သည့် MTV's European Music Awards အတွက် ဆန်ခါတင်ဆုစာရင်းများ ထွက်ပေါ်လာပြီဖြစ်ရာ တေးသံရှင် ကေတီပယ်ရီက ဆန်ခါတင်ဆု ခုနစ်ဆုဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ကေတီပယ်ရီ၏ Dark Horse သီချင်းနှင့် Ariana Grande နှင့် ဩစတြေးလျရက်ပ်ပါ Iggy Azalea တို့ ပူးပေါင်းဖန်တီးထားသည့် Problem သီချင်းတို့က အကောင်းဆုံးပေါ့ပ်သီချင်းစာရင်းတွင်ပါဝင်နေပြီး အကောင်းဆုံး အမျိုးသမီးပေါ့ပ်အဆိုရှင်စာရင်းတွင် တေလာဆွတ်ဖ်နှင့် ဘီယွန်စေးတို့လည်း ပါဝင်ကြောင်း သိရသည်။

MTV's European Music ဆုရရှိသူများစာရင်းကို လာမည့် နိုဝင်ဘာ ၉ ရက်တွင် ဂလက်စ်ဂိုးမြို့ရှိ SSE Hydro အားကစားကွင်း၌ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင်**

## မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းများအား ပစ္စည်းများပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးအသင်းပိုင်မူကြိုကျောင်းများအား ကျောင်းဝတ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံးချုပ်၌ ပြုလုပ်သည်။ **(အပေါ်ယာပုံ)**



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသည် လူမှုရေးအဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စောင့်ရှောက်ပေးခြင်းဖြင့် မိသားစု၏ဘဝ အဆင့်အတန်းမြင့်မားလာရေးကို အထောက်အကူပြုရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းထားရှိကြောင်း၊ မိခင်နှင့်ကလေးများအပါအဝင် ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစမှစ၍ သက်ကြီးရွယ်အိုများအထိ တတ်စွမ်းသမျှ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးအသင်းပိုင်မူကြိုကျောင်း ၄၈ ကျောင်းရှိ မူကြိုကလေးငယ်များအတွက် သိန်း ၁၄၀ ကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ စောင်၊ ခေါင်းအုံးနှင့် ခြင်ထောင်၊ ရုပ်မြင်သံကြား (အပေါ်စက်၊ အောက်စက်)နှင့် သင်ထောက်ကူပစ္စည်းများ၊ ကလေးကစားစရာပစ္စည်းများ၊ စတီးရေအိုးစင်၊ လက်ဆေးဆပ်ပြာနှင့် ကလေးငယ်များ ငယ်စဉ်ကတည်းက စနစ်တကျ အမှိုက်စွန့်ပစ်တတ်စေရန် ရည်ရွယ်၍ အမှိုက်ပုံးများပါ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သီသီမင်း)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်စုပေါင်း သွေးလှူဒါန်းပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၂၀ ရက်က ကျင်းပရာ ရဲတပ်ဖွဲ့ဝင်များစုပေါင်း သွေးလှူဒါန်းမှုကို တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်ကြည်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။**

(တင်မောင်ဌွေ-သန်လျင်)

လယ်ယာသုံးစက်ပစ္စည်းများ ရောင်းချသောကုမ္ပဏီမှ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော ဝန်ထမ်းများ အမြန်အလိုရှိသည်။

Technical Advisor (၅)ဦး

- အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် ရှိရမည်။
- စိုက်ပျိုးရေးနှင့်လယ်ထွန်စက်အကြောင်းကို ကျွမ်းကျင်စွာ နားလည်ပြီး အတွေ့အကြုံ(၅)နှစ်အထက် ရှိရမည်။
- နေ/စားကုမ္ပဏီမှ စီစဉ်ပေးမည်။
- ဧရာဝတီတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ကိုင်နိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ရမည်။
- ထွန်စက်စခန်းများတွင် ကြီးကြပ်ရေးမှူးလုပ်ဖူးသူများကို ဦးစားပေးမည်။

လျှောက်ထားလိုသူများ အောက်ပါလိပ်စာသို့ တစ်လအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၁၅၉)၊ FMI City Gate(2)
ရန်ကုန်-ပုသိမ်လမ်းမ၊ လှိုင်သာယာမြို့နယ်
ဘုရင့်နောင်တံတားအဆင်း
(သို့)
အခန်း(၂၀၁)၊ အဆောင်(၉)၊ ဒုတိယထပ်၊ MICT Park လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန်ဖုန်း ၀၁-၆၈၇၀၀၂၊ ၆၈၇၀၀၃၊ ၆၈၇၈၈၁






# ယူရို ၂၀၂၀ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်မည်

ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို ဥရောပ၏ မြို့ကြီး ၁၃ မြို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အဆိုပါ ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေကွင်းကြီး၌**(ယာပုံ)** ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)ဥက္ကဋ္ဌ မိုက်ကယ်ပလက်တီနီက စက်တင်ဘာ ၁၉ ရက်က ဂျီနီဗာမြို့တွင် အခိုင်အမာ ပြောကြားခဲ့သည်။

ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များနှင့် ယူရို ၂၀၂၀ ပြိုင်ပွဲမှ အုပ်စုသုံးခု၏ အုပ်စုပွဲစဉ်များကို ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ပရိသတ် ၆၇၈၁၂ ဆံ့ အလိုင်းရန့်ဇ်အရီနာကွင်း၊ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့ရှိ ပရိသတ် ၆၈၀၀၀ ဆံ့ ဘာကူးအိုလံပစ်အားကစားကွင်း၊ အီတလီနိုင်ငံ ရောမမြို့ရှိ ပရိသတ် ၇၂၆၉၈ ဆံ့ စတေဒီယိုအိုလံပီကိုကွင်း၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ပရိသတ် ၆၉၅၀၀ ဆံ့ ဇင်းနစ်အရီနာကွင်းတို့၌ အသီးသီး ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲ၏ အခြားသော အုပ်စုသုံးခုမှ အုပ်စုပွဲစဉ်များနှင့် ၁၆ သင်းအဆင့်ပွဲစဉ်များကိုမူ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ပရိသတ် ၃၈၀၆၅ ဆံ့ ပါ့ကန်အားကစားပြိုင်ကွင်း၊ ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့ရှိ ပရိသတ် ၅၅၆၀၀ ဆံ့ နေရှင်နယ်အရီနာကွင်း၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့ရှိ ပရိသတ် ၅၃၀၅၂ ဆံ့ အမ်စတာဒမ်အရီနာကွင်း၊ စပိန်နိုင်ငံ ဘီဘာအိုမြို့ရှိ ပရိသတ် ၅၃၃၃၂ ဆံ့ ဆန်မာမက်စ်အားကစားပြိုင်ကွင်း၊ ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ရှိ ပရိသတ် ၅၆၀၀၀ ဆံ့ ဖရင့်ပက်စကက်အားကစားပြိုင်ကွင်း၊ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ပရိသတ် ၅၀၀၀၀ ဆံ့ ယူရိုအားကစားပြိုင်ကွင်းတို့တွင် အသီးသီးယှဉ်ပြိုင်သွားမည်ဖြစ်ပြီး စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့ရှိ ပရိသတ် ၅၂၀၆၃ ဆံ့ ဟမ်ဒန်ပါ့ကွင်းနှင့် အိုင်ယာလန်နိုင်ငံ ဒက်ဘလင်မြို့ရှိ ပရိသတ် ၅၁၇၀၀ ဆံ့ အဗိုက်ဗာအားကစားပြိုင်ကွင်းတို့တွင်လည်း အုပ်စုသုံးခုမှ အုပ်စုပွဲစဉ်များနှင့် ၁၆ သင်းအဆင့်ပွဲစဉ်များကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ပရိသတ် ၉၀၀၀၀ ဆံ့သည့် ဝင်ဘလေကွင်းကြီးသည် ၁၉၆၆ ကမ္ဘာ့ဖလား၊ ယူရို ၁၉၉၆ ဘောလုံးပြိုင်ပွဲတို့မှစတင်ကာ တစ်ခုတည်းသော အားကစားပြိုင်ကွင်းကြီးအဖြစ် အသုံးပြုခဲ့ပြီး ၂၀၀၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် အင်္ဂလန်နိုင်ငံက လက်ခံကျင်းပနိုင်ရေး ကြိုးပမ်းခဲ့သော်လည်း ဂျာမနီကို ရှုံးခဲ့ရသည်။ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကိုမူ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**[နိုင်လင်းကြည်]**

### ပရီမီယာလိဂ် ပွဲစဉ် (၅) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ကျူပီအာ | ၂ - ၂ | စတုတ် |
| ဗီလာ | ၀ - ၃ | အာဆင်နယ် |
| ဘန်လေ | ၀ - ၀ | ဆန်းဒါးလန်း |
| နယူးကာဆယ် | ၂ - ၂ | ဟားလ် |
| ဆွမ်ဆီး | ၀ - ၁ | ဆောက်သမ်တန် |

### ဘွန်ဒက်လီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| ဖရိုင်းဘတ် | ၂ - ၂ | ဟာသာဘာလင် |
| ရှော်ကေး | ၂ - ၂ | ဖရန့်ဖတ် |
| အော့စ်ဘတ် | ၄ - ၂ | ဝါဒါဘရီမင် |
| စတုဂတ် | ၀ - ၂ | ဟော့ဖန်ဟိမ်း |
| ဟမ်းဘတ် | ၀ - ၀ | ဘိုင်ယန်မြူးနစ် |
| ပါဒါဘွန်း | ၂ - ၀ | ဟန်နိုဗာ |

### စပိန်လာလီဂါ ပွဲစဉ် (၄) အနိုင်/အရှုံး ရလဒ်များ

| | | |
|---|---|---|
| အဲလ်ချီ | ၀ - ၂ | အီဘား |
| ဒီပို့တီဗို | ၂ - ၈ | ရီးယဲလ်မက်ဒရစ် |

# ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးအသင်းတို့အား ရိုးမားကြောက်ရွံ့နေမည်မဟုတ်ဟု ဂါဗင်ဟိုပြောကြား

အီတလီစီးရီးအေကလပ် ရိုးမားအသင်း၏ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဂါဗင်ဟိုက မိမိတို့အသင်းမှာ ချန်ပီယံလိဂ်အုပ်စုတွင်းပြိုင်ဘက်များဖြစ်ကြသည့် ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးအသင်းတို့အပေါ် လုံးဝကြောက်ရွံ့နေမည်မဟုတ်ကြောင်း သတိပေးပြောကြားလိုက်သည်။ ရိုးမားအသင်းမှာ ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မရဏအုပ်စုအဖြစ် သတ်မှတ်ခြင်းခံထားရသည့်အုပ်စု(E)၌ ဥရောပအင်အားကြီးကလပ်အသင်းကြီးများ ဖြစ်ကြသည့် ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးတို့အပြင် ရုရှားပရီမီယာလိဂ်ချန်ပီယံ CSKA မော်စကိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းဖြစ်ပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် CSKA မော်စကိုအသင်းအား အိမ်ကွင်း၌ ငါးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ဂါဗင်ဟိုမှာ ရိုးမားအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပြသခဲ့သည့် အသင်း၏ စွမ်းဆောင်ရည်အပေါ် အလွန်အားရ ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါဗင်ဟိုက "ကျွန်တော်တို့ဟာ ချန်ပီယံလိဂ်မှာ ဘယ်အသင်းနဲ့ကစားကစား လွယ်ကူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြီးခဲ့တဲ့ CSKA နဲ့ပွဲစဉ်မှာ ကောင်းမွန်တဲ့စွမ်းရည်ကိုပြသနိုင်ခဲ့ပြီး ဒါဟာချန်ပီယံလိဂ်အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ဖို့ လုံလောက်တဲ့ စွမ်းရည်ဖြစ်ပါတယ်။ ဒါ့အပြင်လာမယ့် တနင်္ဂနွေနေ့ကစားရမယ့် ဂျူဗင်တပ်နဲ့ပွဲစဉ်မှာ အကောင်းဆုံးပုံစံနဲ့ရင်ဆိုင်သွားမှာဖြစ်သလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း မန်စီးတီးပဲဖြစ်ဖြစ် ဘိုင်ယန်မြူးနစ်ပဲဖြစ်ဖြစ် ဘယ်အသင်းကိုမှ ကြောက်ရွံ့နေမှာ မဟုတ်ဘဲ အစွမ်းကုန် တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

**[ကိုရဲ]**

# ကျူပီအာအသင်း အိမ်ကွင်း၌ သရေတစ်မှတ်ရယူနိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၅)၏ အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် ကျူပီအာအသင်းနှင့် စတုတ်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရသည့် ကျူပီအာအသင်းသည် စတုတ်စီးတီးအသင်းနှင့် သရေရလဒ်ထွက်ပေါ်အောင် ကစားခဲ့ပြီး တစ်မှတ်ရယူနိုင်ခဲ့သည်။

ကျူပီအာအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်(၄)တွင် မန်ယူအသင်းကို လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အသင်းဖြစ်ပြီး ယခုပွဲစဉ်(၅)တွင် မဖြစ်မနေအမှတ်ရယူရမည့်ပွဲစဉ်ဖြစ်သော်လည်း တစ်မှတ်သာရယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် အဝေးကွင်းလာရောက်ကစားခဲ့ရသည့် စတုတ်စီးတီးအသင်း၏ ဘီရမ်ဒီအောက်ဖ်နှင့် ပီတာခရော့ချ်တို့၏ သွင်းဂိုးများကို ခွင့်ပြုပေးလိုက်ရပြီး စတီဗင်ကော့ကာနှင့် နီကိုကရန်ကာတို့က ချေပဂိုးများ ပြန်လည်သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ကာ ကျူပီအာမှာ အနိုင်သုံးမှတ်မရခဲ့ဘဲ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ **[ငွေကြယ်]**









## ဆောက်လုပ်ရေးသုံးပစ္စည်းများအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် ထပ်မံလိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် | - ၁၉-၉-၂၀၁၄ရက်(သောကြာနေ့) |
| (ခ) | တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ | - မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုက်မရောမြို့။ |
| (ဂ) | တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - ၁-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) |
| (ဃ) | တင်ဒါဖွင့်မည့်ရက် | - ၃-၁၀-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီ |
| (င) | တင်ဒါဖွင့်မည့်နေရာ | - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇၂၅၅၇၁၇၂၀၀ |



**ဖခင်အမည်မှန်**

ပျဉ်းမနားမြို့နယ်၊ အထက၊ ညောင်ပင်သာ၊ ဒသမတန်း(က)တွင် ပညာ သင်ကြားနေသော မောင်အေးမျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၉/ပမန(နိုင်)၂၃၀၅၂၁ဖြစ်ပါကြောင်း။





# တရားမဝင်သစ်ခွဲသား ၅၁၉ ချောင်း ပခုက္ကူ၌ သိမ်းဆည်းရမိ

**ပခုက္ကူ စက်တင်ဘာ ၂၀**

ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်မျိုးသူပါ သုံးဦး၊ ခရိုင်မှုခင်းအကူတပ်ဖွဲ့မှ ဒုရဲအုပ်အုန်းရွှေနှင့် တပ်ဖွဲ့ဝင်များ၊ ပခုက္ကူမြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ကြပ်ကျော်နိုင်ဦးတို့ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်က သက်သေများနှင့်အတူ ပခုက္ကူမြို့ အရှေ့ဘက် တစ်မိုင်ခန့်အကွာ ရွှေတန့်တစ်ကျေးရွာ အဝင်ကားလမ်းပေါ်၌ မောင်းနှင်လာသော နစ်ဆန်း UD ၃၈/....ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ တရားမဝင် ကျွန်းခွဲသား ၁၀၂ ချောင်း(၁ ဒသမ ၉၄၉၀ တန်)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ အဆိုပါနေ့က ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ခင်မောင်လွင်ပါ ခြောက်ဦး၊ ခရိုင်မှုခင်းအကူတပ်ဖွဲ့မှ ရဲအုပ်မြင့်ဇော်နှင့် ပခုက္ကူမြို့မရဲစခန်းမှ ရဲအုပ်မြသန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ပခုက္ကူမြို့အမှတ်(၆)ရပ်ကွက် (၁၅) လမ်းရှိ ဦးပိုင်နေအိမ်ဝင်းကွက်လပ်အတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင် ကျွန်းသစ်ခွဲသား ၄၁၇ ချောင်း (၄ ဒသမ ၂၉၀၀ တန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**



**(၁၀၂)**

# လျှပ်စစ်မီးချောင်းပြုပြင်ရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် စက်တင်ဘာ ၂၀**

ပုဇွန်တောင်မြို့နယ်တွင် စက်တင်ဘာ ၁၉ ရက် ညပိုင်းက လျှပ်စစ်မီးချောင်းမလင်းသဖြင့် ပြုပြင်ရာမှ ဓာတ်လိုက်ပြီး အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်ဆေးရုံကြီးသို့ အမျိုးသားတစ်ဦး ဓာတ်လိုက်ခံရ၍ သေဆုံးရောက်ရှိနေကြောင်း သတင်းအရ စက်တင်ဘာ ၁၉ ရက် ည ၇ နာရီက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နေ အောင်မျိုး(၃၄)နှစ်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အားစုံစမ်းရာ အဆိုပါနေ့ ညနေ ၆ နာရီခွဲခန့်က သေဆုံးသူသည် ပုဇွန်တောင်မြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ဆောက်လက်စတိုက်ရှိ ၎င်းအား နေထိုင်ခွင့်ပေးထားသော အခန်း၌ လျှပ်စစ်မီးချောင်းမလင်းသဖြင့် ပြုပြင်ရာမှ ဓာတ်လိုက်ခံရပြီး သတိမေ့လဲကျသွားသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်သည်။ **(ဝ၄၀)**

# ကလေးမြို့တွင် ဆိုင်ကယ် ၂၅ စီးခိုးယူသူအား ဖမ်းဆီးရမိ

**ကလေး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှဟန် ဦးစီးအဖွဲ့သည် ကလေးရဲစခန်း (ပ) ၄၅၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အမှုမှ သက်သေခံဆိုင်ကယ်တစ်စီး၊ ကလေးရဲစခန်း(ပ)၄၅၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/၅၄အမှုမှ သက်သေခံ ဆိုင်ကယ်တစ်စီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် ဆိုင်ကယ်ငါးစီး၊ ဖောင်းပြင်မြို့တွင် ဆိုင်ကယ်သုံးစီး၊ မော်လိုက်မြို့တွင် ဆိုင်ကယ်တစ်စီး၊ မုံရွာမြို့တွင် ဆိုင်ကယ် ၁၃ စီး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ဆိုင်ကယ်တစ်စီး စုစုပေါင်း ပျောက်ဆုံးဆိုင်ကယ် ၂၅ စီးကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်ခိုးသူကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ဩဂုတ် ၂၄ ရက်မှ စတင်ပြီး ကလေးမြို့မှ ကလေးဝမြို့ဘက်သို့ မောင်းနှင်လာသောဆိုင်ကယ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခိုးသူ တေဇာလင်းကို ဖမ်းဆီးနိုင်ခဲ့ပြီး ကွင်းဆက်ဖြင့် စက်တင်ဘာ ၁၅ ရက်အထိ လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ဆိုင်ကယ် ၂၅ စီးကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(လင်းလက်ကြယ်စင်)**




နိုင်ငံတကာ သတင်းဂျာနယ်

သိုးဆောင်း
သင် ဖြန့်လာရမှာပါ . . .

သူဝေး
အကြောင်းတစ်ခုအကြောင်း

AZTAM Myanmar Ltd
01 860 4321, 09-25040 2121, 09-4211 33884
contact@aztam.com , www.aztam.com

September 27-28

160-Slice CT Scanner
Mammogram

သီတင်းကျွတ် အထူးလျှော့ဈေး
HAN Golf Masters
18-9-2014 to 8-10-2014
Branded Original
HAN Golf Masters Pro-shops
Thidingyut SALES
More Info
Yangon - 09 43122027, 09 73041807, 09 73130562.
Mandalay - 09 2017639, 09 91000125, 09 421148877.
Nay Pyi Taw - 09 250529012, 09 254345380, 09 448548967.
Taung Gyi - 09 73078533, 09 5213085.

# ရေဆိုးရေညစ်မှုတစ်ဆင့် ကူးစက်ရောဂါမဖြစ်ရေး ဇီဝသဘာဝဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်

**မြောင်၊ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၌ BIO KING 100% POWER PRODUCTION မှ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အလယ်ရပ်ကွက်နှင့် မြောက်ရပ်ကွက်အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံ၊ လူနေအိမ်နှင့် ရေဆိုးရေညစ်ကန်များတွင် ကူးစက်တတ်သောရောဂါ မဖြစ်ပွားစေရေးအတွက် ဇီဝသဘာဝဆေးများ အသုံးပြု ဆေးဖျန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဆေးရုံ၊ ကျောင်း၊ ဈေး၊ ရေဆိုးရေညစ်ကန်များ မိသားစု မိလ္လာကန်စနစ် ပြည့်စုံကောင်းမွန်စေရေးနှင့်အတူ ခြင်အန္တရာယ်မှတစ်ဆင့် ပြည်သူများ သွေးလွန်တုပ်ကွေး မဖြစ်စေရေးအတွက် ရည်ရွယ်ပြီး ဆေးများဖျန်းပေးသွားမှာပါ။ အခုဖျန်းတဲ့ဆေးက ဓာတုပစ္စည်းလုံးဝမပါတဲ့ ကုန်ကြမ်းများနဲ့ (တရုတ်) ထိုင်ဝမ်၊ ထိုင်းနိုင်ငံတို့မှအဆင့်မြင့်နည်းပညာဖြင့် အကျိုးပြု မှိုနုများ၊ သဘာဝတွင်းထွက် ပစ္စည်းများ၊ အပင်ရဲ့ ကြိတ်ဖတ်များနှင့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများကို အခြေခံအသုံးပြုပြီး ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်ထားပါတယ်။ ဒါကြောင့် လူကို အန္တရာယ်မဖြစ်ဘဲ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါတယ်"ဟု လက်ထောက်တာဝန်ခံ ဦးမျိုးမင်းဦးက ပြောသည်။

"အခုလို သူတို့က ခြောက်လတစ်ကြိမ်လာရောက်ပြီး အခမဲ့ဆောင်ရွက်ဆေးဖျန်းမှုများ ပြုလုပ်ပေးမှာဆိုတော့ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ ကျောင်း၊ ဆေးရုံများသာမက တစ်အိမ်ဆင်း တစ်အိမ်တက် အပင်ပန်းခံ ဆေးဖျန်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု မြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။



ဆေးဖျန်းခြင်းများ ဆောင်ရွက်ရာသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဝိုင်းဝန်းကြည့်ရှုကူညီခဲ့ကြပြီး၊ ကျန်သည့် မြို့သစ်ရပ်ကွက်နှင့် တောင်ရပ်ကွက်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကိုကို**

# ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့မှ ဖွံ့ဖြိုးရေးသင်တန်းဖွင့်

**မြင်းမူ၊ စက်တင်ဘာ ၂၀**

ဒိန်းမတ်နိုင်ငံပြည်သူအလှူရှင်များအဖွဲ့(DCA)၏ ထောက်ပံ့မှုဖြင့် ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့၏ အခြေခံဖွံ့ဖြိုးရေး သဘောတရားများနှင့် ကျေးရွာလူထု ပူးပေါင်းပါဝင်ခြင်း သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်က မြင်းမူမြို့နယ်၊ ခြေရာတော်ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေညာမြေ ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့ မြို့နယ်တာဝန်ခံ ဒေါ်သန်းငွေက ကျေးရွာများတွင် စားနပ်ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြင့်မားစေရေးစသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ကျေးရွာပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်နိုင်စေရေးအတွက် မျိုးစေ့လိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို ပံ့ပိုးပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းများကိုလည်း ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမျိုးကျော်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော်ကျော်မျိုးက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းကို မြင်းမူမြို့နယ်အတွင်းရှိ ရွာသစ်၊ ချောင်းကွေ့၊ စပယ်ကန်၊ဦးနှောင်းကုန်း၊ ကြာပင်လှ၊ သရက်ကန်၊ လည်ဖင်းနှင့် ကုလားပုံကျေးရွာတို့မှ သင်တန်းသား ၂၄ ဦးအားသုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ယင်းဝန်ဆောင်မှုအဖွဲ့သည် ဒိန်းမတ်နိုင်ငံပြည်သူအလှူရှင်များအဖွဲ့ (DCA)၏ ထောက်ပံ့ငွေဖြင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၆ ရက်အထိ စီမံချက်ကာလ နှစ်နှစ်အတွင်း မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# မင်းတုန်းမြို့၌ ဆေးခြောက်များ ဖမ်းဆီးရမိ

**မင်းတုန်း၊ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့၌ မင်းတုန်း မူးယစ်အဖွဲ့မှ စခန်းမှူး ဒု-ရဲမှူး ထွန်းနိုင်သိန်း၊ နယ်ထိန်းရဲအုပ်အေးကိုနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက သက်သေများနှင့်အတူ မင်းတုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ ထန်းပင်ကုန်း-မင်းတုန်း ပြေးဆွဲနေသော စက်လှေပေါ်သို့ သတင်းအရ သွားရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

ယင်းသို့ ရှာဖွေရာတွင် ကိုခိုင်မင်း ၂၇နှစ်၊ ပြောင်းကျေးရွာ မောင်းနှင်သည့် ပဲ့ထောင်ပေါ်တွင် မောင်ထွေး ၃၅နှစ်နှင့် မသီတာ ၃၃နှစ် ပြောင်းကျေးရွာနေထိုင်သူ၏ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက်အရွက်ထုပ် လေးထုပ်၊ အလေးချိန် သုံးပိဿာခန့် ၄ ဒသမ ၈၉ ကီလိုဂရမ်အား ရှာဖွေတွေ့ရှိခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ဆေးခြောက်များနှင့် ဖမ်းဆီးတွေ့ရှိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေအရ ဒု-ရဲအုပ် အောင်မိုးဝင်းက အမှုအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုသက်(မင်းတုန်း)**

# စာဖတ်ရှိန်မြှင့်တင်ရေး မိုဘိုင်းစာကြည့်တိုက်ဖွင့်၍ အသိပညာပေးဟောပြောပွဲပြုလုပ်

**သာစည်၊ စက်တင်ဘာ ၂၀**

အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာသာမက ဘဝတက္ကသိုလ်ပညာများကိုပါ လေ့လာဆည်းပူးနိုင်စေရန်နှင့် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုနိုင်ခြင်းဖြင့် စာဖတ်ရှိန်မြင့်မားလာစေရန် သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဝန်ထမ်းများက စက်တင်ဘာ ၁၈ ရက်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ရွာကြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် စာဖတ်ရှိန်မြှင့်တင်ရေး မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် ဟောပြောပွဲ ဆောင်ရွက်ပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဇော်က လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကို ဟောပြောဆွေးနွေးပြီး ဦးဇော်မင်းထွေး ရုပ်/သံကျွမ်းကျင်-၃က စာပေ၏အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား စာအုပ်စာပေများကို လေ့လာဖတ်ရှုနိုင်စေရန် မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ပေးခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၅၀ ကျော်တို့သည် စာအုပ်စာပေများကို လေ့လာဖတ်ရှုခဲ့ကြသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့သည်။

**မျိုးမင်း(သာစည်)**

# မြန်အောင်တွင် အခမဲ့ကွင်းဆင်း၍ ဆေးဝါးကုသ

**မြန်အောင်၊ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ထူကျေးအုပ်စု စိန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် စက်တင်ဘာ ၁၈ ရက်က ကျန်းမာရေးအတွက် အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးအခမဲ့ ကွင်းဆင်းကုသမှုတွင် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများလိုက်ပါ၍ စုစုပေါင်းလူနာ ၁၈၉ ဦးအား အခမဲ့ဆေးဝါးကုသခဲ့သည်။

ယင်းနေ့က အခမဲ့ဆေးကုသမှုအပြင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**နေဝင်းဇော်(မြန်အောင်)**


## ရန်ကုန်တက္ကသိုလ်
## ၁၉၉၃-၁၉၉၅ ခုနှစ် ဘူမိဗေဒကျောင်းသား/သူဟောင်းများအသင်း၏
## တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ


ကျေးဇူးရှင် ဆရာ၊ ဆရာမများအားပူဇော်ကန်တော့ရန်နှင့် နှစ်ပေါင်း(၂၀)အတွင်း ကွဲကွာနေသောသူငယ်ချင်းများ ပြန်လည်ဆုံတွေ့နိုင်ရန်ရည်ရွယ်၍ ၁၉၉၃-၁၉၉၅ခုနှစ် ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉၉၃-၁၉၉၅ ခုနှစ်၊ ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ပူဇော်နိုင်ကြပါရန် လေးမြတ်သောစေတနာဖြင့် ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးထား၍ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အကြောင်းကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

အချိန် - ညနေ ၅း၀၀ မှ ၈း၀၀ နာရီ
နေ့ရက် - ၂၀၁၅ ခုနှစ်၊ ဇန်နဝါလ ၁၀ ရက်(စနေနေ့)
နေရာ - ဆီဒိုးနားဟိုတယ်၊ ရန်ကုန်မြို့
ဆက်သွယ်လှူဒါန်းရန်-၁၉၉၃-၁၉၉၅ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း
ချယ်ရီမြ (၀၉-၄၃၁၃၄၀၅၉)၊ ရဲထွန်း (၀၉-၇၃၀၁၄၂၀၈)၊ လင်းထင်(၀၉-၅၁၁၅၈၈၉)၊ ကျော်သူ(၀၉-၄၂၀၀၀၁၉၂၄)၊ မင်းမင်းအောင် (၀၉-၅၁၃၅၉၀၁)၊ သူရရှိန်(၀၉-၅၁၁၆၂၂၃)၊ နန္ဒကျော်စွာ(၀၉-၄၂၅၀၁၉၁၁၃)၊ ခင်မာဖြူ(၀၉-၇၃၁၀၀၉၀၈)၊ အောင်စိုးမင်း (၀၉-၇၃၁၄၆၇၆၀)



# နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့က လယ်ဝေးမြို့နယ် ဘိုကတော်ကျေးရွာသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော်၊ စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့နယ်၊ ဘိုကတော်ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများက ကျောင်းအဆောက်အအုံလိုအပ်မှု၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့်ပတ်သက်ပြီး တင်ပြခဲ့ကြောင်းသိရသည်။

အဆိုပါ တင်ပြမှုများနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က လောင်းကစားမှုကင်းစင်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုကင်းစင်ရေးနှင့် တရားမဝင် အရက်သေစာချက်လုပ်မှုနှင့် သောက်သုံးမှု မရှိစေရေးတို့အတွက် အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် မြို့နယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာ၏လိုအပ်ချက်များဖြစ်သည့် ကျောင်းအဆင့်တိုးမြှင့်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆေးပေးခန်းနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ကလေးတွင်လျှပ်စစ်မီးတိုးမြှင့်ပေးရန် စက်သစ်ကြီးနှစ်လုံး တပ်ဆင်မှုပြီးစီး

**ကလေး၊ စက်တင်ဘာ ၂၀**

ကလေးမြို့တွင် 1250 KVA ဓာတ်အားပေးစက်သစ်ကြီး နှစ်လုံးတပ်ဆင်လျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် တပ်ဆင်မှုများပြီးစီး၍ စက်စမ်းသပ်လည်ပတ်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့မိမြို့ဖများလိုက်ပါလျက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် 1250 KVA နှင့် 500 KVA ရှိ လျှပ်စစ် ဓာတ်အားပေးစက်သစ်ကြီးနှစ်လုံးအား ကလေးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးသို့ ဩဂုတ် ၂၆ ရက်တွင်ပေးပို့ခဲ့ရာ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းက ဦးဆောင်ကြီးကြပ်၍ ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများပူးပေါင်း၍ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခင်က ကလေးမြို့တွင် တစ်ရက်သုံးနာရီနှုန်းဖြင့် လေးရက်ခြား တစ်ညမိုးလင်းအထိ လျှပ်စစ်မီးပေးရာမှ ယခုထပ်မံရောက်ရှိလာသော စက်သစ်ကြီးနှစ်လုံးကို အသုံးပြုပါက တစ်ရက်လျှင် ငါးနာရီနှုန်းဖြင့် နေ့စဉ် လျှပ်စစ်မီးတိုးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးယုမော်က ပြောသည်။

အဆိုပါ စက်သစ်ကြီးနှစ်လုံးအသုံးပြု၍ လျှပ်စစ်မီးတိုးမြှင့်ပေးနိုင်ခြင်းအားဖြင့် ကလေးမြို့နေ ပြည်သူများအတွက် လူနေမှုအဆင့်အတန်း၊ လုပ်ငန်းရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် အထောက်အကူပြုလာမည်ဖြစ်သည့်အပြင် ညအချိန်သွားလာရေး၊ ညလုံခြုံရေးအတွက်လည်း အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**

# အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ Mobile Library ကွင်းဆင်းဆောင်ရွက်

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ချို ဦးဆောင်လျက် Mobile Library ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Mobile Library ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား သုတ၊ ရသ စာအုပ် ၆၀ ခန့်ကို တစ်လတာ ငှားရမ်းပေးထားခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် အများပြည်သူများ အသိပညာမြင့်မားရေး၊ စာပေဗဟုသုတကြွယ်ဝစေရေး၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာပြင်ပ ဗဟုသုတရရှိစေရေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများ၊ ရုံးလုပ်ငန်းအခက်အခဲများကြားမှ စာပေဖတ်ရှုလေ့လာနိုင်ရေးကို ဦးတည်လျက် Mobile Library ရွေ့လျားစာကြည့်တိုက်များကို နေရာဒေသအနှံ့ တောရွာမြို့ပါ စွမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့အမှတ်(၇)အ.ထ.ကတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ဥပဒေများ လေးစားလိုက်နာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်

**မြောင်းမြ၊ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ပေါ်ရှိအခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားဥပဒေများ လေးစားလိုက်နာရေးအတွက် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့၊ အမှတ်(၇) အ. ထ. က၊ ကွယ်လွယ်ကျောင်းခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အ. ထ. က(၇) ကျောင်းအုပ်ဆရာကြီး ဦးထွေးရီကအမှာစကားပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဦးစီးအရာရှိ ဒေါ်သက်သက်ဦးက ယာဉ်လိုင်စင်များအကြောင်းနှင့် မြောင်းမြယာဉ်ထိန်းရဲတပ်ဖွဲ့ တွဲဖက်တာဝန်ထမ်းဆောင်သူ ရဲအုပ်ကျော်ခိုင်က မူးယစ်ဆေးဝါးများနှင့် လူကုန်ကူးခြင်းတို့ကို ပရိုဂျက်တာဖြင့် ပြသရှင်းလင်းခဲ့သည်။

ကျောင်းသား၊ ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသီချင်း သံပြိုင်သီဆိုခြင်း၊ သံပြိုင် ကဗျာရွတ်ဆိုခြင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခြင်းတို့ကို ကျောင်းသား၊ ကျောင်းသူလေးများက တပျော်တပါး ဆောင်ရွက်ခဲ့ကြပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်အချက်ပြသရုပ်ပြသဆောင်ရွက်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲသို့ အ. ထ. က (၇) ကျောင်းအုပ်ဆရာကြီးနှင့် အတန်းမှူးဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၄၅၀ တို့ တက်ရောက်ကြပြီး မြောင်းမြယာဉ်ထိန်းတပ်ဖွဲ့မှ မြို့ပေါ်ရှိ အခြေခံပညာအ. ထ. က၊ အ. လ. က၊ ပညာရေးကောလိပ်နှင့် ကိုယ်ပိုင် အထက်တန်းကျောင်းများ အပါအဝင် ကျောင်းပေါင်း ၁၃ ကျောင်းတွင် အသိပညာပေး ဟောပြောခဲ့ပြီး မြို့ပေါ်ရှိ ကျောင်းပေါင်း ၄၁ ကျောင်းတွင်လည်း အသိပညာပေး ဟောပြောမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(ခရိုင် ပြန်/ဆက်)**













**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ မြေကွက်အမှတ်(၁၄၁/ ၂)၊ မြေကွက်တည်နေရာအမှတ် (၁၄၁/ ၂)၊ (၅)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှအောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှအောင်နှင့် ဇနီး ဒေါ်တင်ရီစိုးတို့ ကွယ်လွန်သဖြင့် ဒေါ်အေးမိအောင်[၉/ဝတန(နိုင်)ဝ၂၁၁၆၈၊ ဒေါ်အေးသွယ်ခိုင်[၉/ဝတန(နိုင်)၁ဝ၃၄၅၄]၊ ဒေါ်ကြည်မေငယ်[၉/ဝတန(နိုင်)၁ဝ၈၂၁ဝ]တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းတို့အားလုံးကိုယ်စား အထွေထွေကိုယ်စားလှယ်စာအမှတ်- ၂၁၃၇၉ (၈-၈-၁၄)ဖြင့်ရသူ ဦးမြတ်သူ[၁၂/မရက(နိုင်)၁၃၁၂၉၇]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၅၀(၁၅-၈-၁၄)ကိုတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အသိပေးကြော်ငြာခြင်း**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၁၈၈)၊ မြေကွက်တည်နေရာအမှတ်(၁၈၈)၊ ရာမညလမ်း၊ (၂၆)ရပ်ကွက်၊ ဦးအောင်လွင်အမည်ပေါက် [၁၂/ဒဂန(နိုင်)ဝ၁၂ဝ၄၁] နှစ်(၆၀)ဂရန်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မြေအား အမည်ပေါက် ဦးအောင်လွင်ထံမှ SP အမှတ် ၁၁၆၇၇၊ ၁၂-၇-၁၃ ရသူ ဦးစိုးအောင်(၁၂/ဥကမ(နိုင်)၁ဝ၆၃ဝ၅) မှ နှစ် (၆၀) ဂရန် ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှု မရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးအောင်လွင် အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းအား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီး ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မိုးစပါး စိုက်ပျိုးရာသီ၌ မီးထောင်ချောက်ထွန်းခြင်း ဆောင်ရွက်ရန်နှိုးဆော်

**ခင်ဦး၊ စက်တင်ဘာ ၂၀**

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးဆစ်ပိုးများ ကျရောက်မှု ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်နှင့် ဝန်ထမ်းများသည် ကျေးရွာအုပ်စု ၁၀ အုပ်စုတွင် မီးထောင်ချောက် ၁၀ ခုစီ ထွန်းညှိပြီး ကင်းထောက်စစ်တမ်းကောက်ယူခဲ့ရာ ယခုအချိန်တွင်စပါးဆစ်ပိုးအများစုမှာ ဖလံအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် စပါးခင်းအတွင်းသို့ ဖလံမများ ဥမချမီ ဖလံနှိမ်နင်းရေးအတွက် တောင်သူတစ်ဦးလျှင် မီးထောင်ချောက် ၁၀ ခုထက်မနည်း ညနေ နေဝင်ချိန်မှစ၍ ည ၉ နာရီထိ စက်တင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ တောင်သူများ စုပေါင်းထွန်းညှိရန်နှင့် ကာကွယ်နိုင်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

မီးထောင်ချောက်ထွန်းညှိရာတွင် ပေါက်ပြားဖြင့်ရေအိုင်ပြုလုပ်ပြီး လစ်ပိုပုလင်းထဲသို့ ဒီဇယ်ဆီထည့်ကာ မီးထောင်ချောက်ကို နေဝင်ချိန်မှ ည ၁၀ နာရီထိ ၁၄ နေ့ရာထွန်းညှိခဲ့ရာ ရေအိုင်တစ်အိုင်လျှင်ဆစ်ပိုးဖလံအကောင် ၅၀ ခန့်စုစုပေါင်းအကောင် ၇၀၀ ခန့်ထိ ရေအိုင်များထဲပြုတ်ကျသေဆုံးသည်ကို တွေ့ရသဖြင့် မိုးစပါးစိုက်တောင်သူများလည်း မိမိကဲ့သို့ မီးထောင်ချောက် ထွန်းညှိပါက ခင်ဦးမြို့နယ်တွင် မိုးစပါးဆစ်ပိုးများ ကျရောက်မှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း မြို့သစ်ကျေးရွာနေ တောင်သူ ဦးအေးကိုက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီ၌ စပါးဆစ်ပိုးများကျရောက်ခဲ့သဖြင့် တောင်သူများ စပါးအထွက်နှုန်းလျော့နည်းခဲ့သည်။

**ခင်ဦးစိုးဝေ**

## အလုံတွင် ရပ်ကွက်များသို့ ကွင်းဆင်း၍ဆေးကုသ

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

အလုံမြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် အလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာစိုးစိုးဝေနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အမှတ်(၂)အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် နောင်တုံကုမ္ပဏီမှ လုပ်သားများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ အသက် (၅)နှစ်အောက်ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးကုသမှုပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင်သစ်တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ နောင်တုံ ကုမ္ပဏီမှ တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## အပိုဝင်ငွေရရှိမည့် လျှော်ဖြူပင် တစ်အုပ်တစ်မ စိုက်ပျိုးခြင်းနှင့် ပျိုးပင်ပေးအပ်ပွဲ မလှိုင်မြို့၌ကျင်းပ

**မလှိုင်၊ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏အစီအစဉ်ဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ပျိုးထောင်ထားသော လျှော်ဖြူပျိုးပင်များကို သတ်မှတ်ထားသော စိုက်ခင်းများသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ရန် ပျိုးပင်ပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က မလှိုင်မြို့ ကုန်းတဲ ပျိုးဥယျာဉ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပျိုးပင်ပေးအပ်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထားမူနှင့် အဖွဲ့ဝင်များ၊ လယ်ကြီး၊ ကံကြီး၊ သိမ်ကုန်း ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်ကြီး လေးခုမှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ် သစ်တောဦးစီးအရာရှိ ဦးအေးချမ်းအောင်က လျှော်ဖြူပျိုးပင် ၃၀၀၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

အဆိုပါ ပျိုးပင်များမှ အပင် ၅၀၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၀၀ က ရပ်ကွက်ကြီး(၁) အ. မ. က ကျောင်းရှိ လျှော်ဖြူပင် တစ်အုပ်တစ်မ စိုက်ခင်း၌ စက်တင်ဘာ ၁၈ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ကျန်ရှိနေသော လျှော်ဖြူပင် ၂၅၀၀ ကို ပန်းအိုင်အ. ထ. က၊ ထန်းတောအ. လ. က၊ သိမ်ကုန်းအ. လ. က၊ အမှတ်(၃) အ. မ. က နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးများတွင် ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လျှော်ဖြူပင်ဟာ မိုးခေါင်ရေရှားဒေသမှာ ရှင်သန်နိုင်ပြီး အပင်စိုက်ပျိုးပြီး သုံးနှစ်အကြာ အစေးထုတ်ယူနိုင်ပြီး အစေးကို ဆေးကုလားမ အဖြစ် ဆေးဝါးအသွင် အသုံးပြုနိုင်ပါတယ်။ သဘာဝစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုပါတယ်။ အခေါက်ကလည်း လျှော်ထုတ်ယူနိုင်ပြီး သစ်အဖြစ်လည်း အသုံးပြုနိုင်ပါသေးတယ်။ ဒေသခံများအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိနိုင်တာဖြစ်လို့ စိုက်ပျိုးသင့်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအေးချမ်းအောင်က ပြောသည်။

**အောင်ငွေး(မလှိုင်)**

## မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မြိတ်၊ စက်တင်ဘာ ၂၀**



၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှဦးစီး၍ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ်(၅၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်းရှိ မိခင်နှင့် ကလေးကုသဆောင်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးနှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၅၀ တို့သည် ဆေးရုံကြီးအပြင်ဘက် လမ်းဘေးဝဲယာ၊ ရေမြောင်းတူးဖော်ခြင်း၊ ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်းနှင့် ဆေးရုံဝင်းအတွင်းရှိ လူနာဆောင်အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းအတွက် ဆေးရုံရှိလူနာများ ပတ်ဝန်းကျင်ရှိ အများပြည်သူများအတွက် ခြင်အန္တရာယ်ကင်းဝေးစေရေးနှင့် ကျန်းမာရေးအရ အကျိုးပြုသော လုပ်ငန်းနှင့်အညီဖြစ်စေရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက တပျော်တပါး ဆောင်ရွက်ခဲ့ရာ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လုပ်အားပေးတပ်ဖွဲ့ဝင်များကို အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး၍ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁ ရက်တွင် မြိတ်အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်း သွေးလှူဒါန်းမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**








## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၉၉-၁)၊ ဦးပိုင်အမှတ်(၅၉)၊ ၅၉လမ်းနှင့်သံလမ်းကြား၊ အောင်ဆန်းလမ်းနှင့်ငကျဲလမ်းကြားရှိ ဒေါ်ခင်မာကြည်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်မိမိငယ်[၉/မရမ(နိုင်)၀၂၄၀၂၂] မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုးလိုငွေပေးသွင်းခြင်းငွေရ ပြေစာများ တင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# နှစ်စဉ်ကျင်းပလျက်ရှိသော ကျောက်ဆည်ဆင်ပွဲ နီးလာပြီဖြစ်သောကြောင့် ဆင်ရုပ်ငယ်များနှင့် ဆင်ပွဲခလေ့ အား စိတ်ပါဝင်စားမှုပိုမိုများပြားလာ

**ကျောက်ဆည်၊ စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ကျောက်ဆည်မြို့ကို ဆင်မြို့တော်ဟု သိရှိထားပြီး ထူးခြားစွာ ဆင်ပွဲတော် ကျင်းပပြုလုပ်သည့်မြို့ဖြစ်သည်။ ကျောက်ဆည်မြို့သူမြို့သားများသည် ကတညုတ ကတဒေဝီရှိသည်ဟု ဆိုသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်မြောင်းတာတမံများ စီရင်ဖန်တီးပေးသည့်အပြင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို ဗုဒ္ဓသာသနာပျံ့နှံ့အောင် ဆောင်ရွက်ပေးခဲ့သည့် အနိရုဒ္ဓဒေဝခေါ် အနော်ရထာမင်းမြတ်၏ ကျေးဇူးကို တုံ့ပြန်ကာ မင်းတရားကြီး၏ ကောင်းမှုတော်များဖြစ်သော သာလျောင်းမြတ်စွာဘုရား၊ ရှင်ပင်ရွှေဆပ်သွားမြတ်စွာဘုရားတို့အား နှစ်စဉ်နှစ်တိုင်းဆင်လှူပွဲတော်များ ကျင်းပကာ ဆင်ရုပ်ပဒေသာတို့ဖြင့် လှူဒါန်းပူဇော်ခြင်းအစဉ်အလာမှစတင်ကာ ဆင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့တွင် ကျင်းပသောဆင်လှူပွဲတော်သည် မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားပြီး သက်တမ်းအရှည်ဆုံးပွဲတော်ဖြစ်သည်ဟုဆိုသည်။ ဆင်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၄ ရက် ၁၅ ရက်များတွင် ကျင်းပကြသည်။ သို့သော်ကျောက်ဆည်မြို့၏ အစဉ်အလာတွင် ဝါဝင်သည်မှစကာ ကလေးဆင်၊ သဘာဝဆင်၊ အလှဆင်၊ ဘော်ချယ်ဆင်များသည် ယဉ်ကျေးသိမ်မွေ့သော အဆို၊ အက၊ အလှ၊ တီးမှုတ်သံတို့ဖြင့်လှည့်လည်ကပြရင်း အလှူခံလေ့ရှိကြသည်။

ဆင်ပွဲတော်ရက် နံနက်ခင်းရောက်ပါက ဆင်အဖွဲ့သားများက ဆင်၏ ဦးခေါင်းကိုနှိမ်ကာနှိမ်ကာ သာလျောင်း စေတီတော်မြတ်များအား ဦးတိုက်ပြီးမှ အလွန်မြူးကြွသည့် နတ်ဒိုးအကဖြင့် ဆက်နိုင်ဘုရင်ဥတေနမင်းနှင့် ရွာတော်ရှင်နတ်များကို ပူဇော်ပသကာ ပြိုင်ပွဲဝင်လေ့ရှိကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်ဆည်သူကျောက်ဆည် သားများသည် ရွှေဆင်၊ ငွေဆင်ငယ်ကလေးများကို ရင်ဝယ်ပိုက်ကာ သာလျောင်းစေတီတော်မြတ်ကြီးအား လက်ျာရစ်သုံးကြိမ်လှည့်လည် ပူဇော်ပြီး မုန့်ဖြင့်ပြုလုပ်ထားသော ဆင်ဆယ်မျိုးကို ကပ်လှူပူဇော်သည့်ဓလေ့ကို ယနေ့တိုင်စည်ကား သိုက်မြိုက်စွာ ကျင်းပကြသည်။

ယခုအခါ ကျောက်ဆည်ဆင်ပွဲနီးလာသည်နှင့် ဆင်ရုပ်ငယ်ကလေးများ အရွယ်မျိုးစုံ ပြုလုပ်ရောင်းချမှု တွင်ကျယ်စွာ ပြုလုပ်လာကြသည်။ ကျောက်ဆည် ဆင်ရုပ်ငယ်များကို ပြည်တွင်းပြည်ပခရီးသွားများ အထူးနှစ်သက်စွာ ဝယ်ယူအားပေးလေ့ ရှိကြသည်။



အထူးသဖြင့် ကုန်တင်ကားများတွင် အလှတင်ခြင်း၊ အိမ်ရှိဗီရိုရှိုးကေ့စ်များပေါ်တွင်အလှတင်ရန် ဝယ်ယူကြသည်။

ကျောက်ဆည်မြို့မှ ပြုလုပ်ရောင်းချသောဆင်ရုပ် ငယ်များသည်လက်ရာမြောက်ပြီး လူကြိုက်များသည့် မြန်မာ့အနုပညာလက်ရာမြောက် လက်မှုပစ္စည်းတစ်ခုအဖြစ် ထင်ရှားကြောင်းသိရသည်။

**တိမ်တမန်**

---

## ဆင်းရဲသားပပျောက်စေရေးအတွက် သမဝါယမအသင်းသားများအား တစ်ကျပ် ၅၀ ပြားအတိုးနှုန်းဖြင့် အင်းစိန်၌ ချေးငွေများပေးအပ်

**ရန်ကုန်၊ စက်တင်ဘာ ၂၀**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် လက်လုပ်လက်စား အခြေခံလူတန်းစားများ ဘဝမြင့်မားစေရေး၊ ဆင်းရဲသားပပျောက်ရေးတို့အတွက် အင်းစိန်မြို့နယ်၊ သမဝါယမဦးစီးဌာနမှ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် မြို့သစ် (က၊ ခ) ရပ်ကွက် ရွှေကံ့ကော် လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမလီမိတက်(ယာယီ) ရုံးခန်းမ၌ ချေးငွေထုတ်ချေးခဲ့သည်။

ယင်းသို့ထုတ်ချေးရာတွင် အသင်းသား လက်လုပ်လက်စား ဈေးသည်များအား ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ချေးငွေများကို ထုတ်ချေးပေးရာတွင် အင်းစိန်မြို့နယ် သမဝါယမဦးစီးဌာန တာဝန်ရှိလူကြီးများက 'ရွှေကံ့ကော်' လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမ အသင်းလီမိတက်၏ အသင်းသား ဈေးသည် ၆၄ ဦးတို့အား တစ်ကျပ် ၅၀ ပြား အတိုးနှုန်းဖြင့် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ စီကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

---

## မိုးနည်းရပ်ဝန်းဒေသ၏ အားထားရာ ငွေချည် (၆) ချည်မျှင် ရှည်ဝါ အောင်မြင်ဖြစ်ထွန်းနေမှု စံပြကွက်တွင် သရုပ်ပြ

**ရေနံချောင်း၊ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ကံကြီးကျေးရွာအုပ်စု၊ သန်းပင်ကုန်းကျေးရွာ၊ ကွင်းအမှတ် ၁၂၈၊ ဦးပိုင်အမှတ် ၉/၁ ရှိ တောင်သူဦးသံခဲ၏ စိုက်ခင်းတွင် စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက ငွေချည်(၆) ချည်မျှင်ရှည်ဝါ စံပြကွက်၌ ကွင်းသရုပ်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် လယ်ယာစက်မှု သီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မကွေးတိုင်းဦးစီးမှူး ဦးခင်မောင်ထွန်း၊ ခရိုင်ဦးစီးမှူး ဒေါ်နီလာမော်နှင့် မြို့နယ်ဦးစီးမှူး ဦးမောင်ငွေးတို့က ငွေချည်(၆) ချည်မျှင်ရှည်ဝါ၏ အရည်အသွေးလက္ခဏာများကို ဒေသခံတောင်သူများနှင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကွင်းသရုပ်ပြပွဲသို့ ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေနံချောင်းမြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ရုံးကုန်းကျေးရွာအုပ်စုနှင့် ကံကြီးကျေးရွာအုပ်စုတို့မှ ဒေသခံ ဝါစိုက်တောင်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(မြန်/ဆက်)**

---

ယုံကြည် မြန်မာနိုင်ငံစာစစ်အဖွဲ့ အခြေခံပညာအဋ္ဌမတန်းစာမေးပွဲ
၁၉၈၅ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိမေးခဲ့ဖူးသောမေးခွန်းဟောင်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုထားပါသည်။
ထပ်မံလေ့ကျင့်ရန် သင်္ချာမေးခွန်း(၃)စုံနှင့် အဖြေများကိုလည်း ထည့်သွင်းရေးသားထားပါသည်။
ဖြန့်ချိရေးဌာန [illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၁)၊ C-7 လမ်း၊ မြေကွက်အမှတ် B-106၊ ၁ဃူနစ်၊ ၅ ဧက မြေကွက်အား မူလလုပ်ကိုင်ခွင့်ရှိသူ ဒေါ်လှော်နေမန် [၅/ကလတ(နိုင်)၀၅၃၂၈၂] ထံမှ ကျွန်တော် ဦးခိုင်ဝင်း [၁၂/ဥကမ(နိုင်) ၀၄၈၄၇၅] က ၁၀-၇-၂၀၁၄ ရက်တွင်ဝယ်ယူပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများတွင် လုပ်ကိုင်ခွင့်အမည်ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးခိုင်ဝင်း
အမှတ်(၄/က-၁)၊ ပါရမီလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၃၂၂၅၆၅၄

[illegible]

# စားသောက်ဆိုင်ပိုင်ရှင်၏ပစ္စည်းများကိုခိုးယူထွက်ပြေးသူဝန်ထမ်းအား နာရီပိုင်းအတွင်းဖမ်းမိ

**ပဲခူး၊ စက်တင်ဘာ ၂၀**

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘုရားလမ်းရှိ သဒ္ဒါ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးရန်လင်းအောင်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင်မိမိဆိုင်ရှိ အလုပ်သမားများအားစိစစ်ရာ အကြော်ဆရာဖြစ်သူ အောင်ပြည့်ဖြိုး အသက်(၂၆ )နှစ် အိမ်အမှတ် (၀၃၆၉)၊ ရွှေပြည်သာ(၁)လမ်း၊ အောင်မေတ္တာ ရပ်ကွက်၊ နေထိုင်သူ မရှိတော့သဖြင့် ဆိုင်အနီးရှိသူများသို့စုံစမ်းရာ ဦးရန်လင်းအောင်၏ ဆိုင်ကယ်အားစီးကာ အမြန်လမ်းဘက်သို့မောင်းသွားသည်ကို တွေ့မြင်ကြောင်း တွေ့ရှိသူများက ပြောသည်။

ယင်းနောက်ဆိုင်ရှင်မှ၎င်းဆိုင်ရှိပစ္စည်းများအား စစ်ဆေးကြည့်ရာ ဖုန်းနံပတ် ၀၉ ၃၆၁၁၈၆၆၀ ဆင်းကတ်ပါ ဟွာဝေးတံဆိပ် အဖြူရောင် ဟန်းဆက်တစ်လုံး တန်ဖိုးတစ်သိန်းခန့်၊ Red Label အသေးတစ်လုံး တန်ဖိုး ၆၀၀၀ ကျပ်၊ ငွေစက္ကူရောရာ ၁၄၀၀၀ ကျပ်၊ ၃၇ယ/၂၆၆၀၀ နံပါတ်ပါ ဝေ့(စ်) ၁၀၀ အမျိုးအစား ဖြူညိုရောင် ဆိုင်ကယ်တစ်စီးတန်ဖိုးငွေကျပ် ၉သိန်း စုစုပေါင်း တန်ဖိုး ၁၀ သိန်းကျော်ခန့်ပျောက်ဆုံးနေကြောင်းသိရ၍ ဘုရားကြီးနယ်မြေရဲစခန်းသို့တိုင်ကြားခဲ့ကြောင်းသိရသည်။

၎င်းဆိုင်ရှင်၏ အမှုဖွင့်တိုင်ကြားချက်အရ ဘုရားကြီးနယ်မြေရဲစခန်း နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒု-ရဲအုပ် ကျော်နိုင်ဦးနှင့်အဖွဲ့မှ အချိန်နှင့် တစ်ပြေးညီပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ရာ နံနက် ၉ နာရီခန့်တွင် ခိုးယူထွက်ပြေးသွားသူ အောင်ပြည့်ဖြိုးအား ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင်ပျောက်ဆုံးပစ္စည်းများနှင့်အတူလက်ရ ဖမ်းဆီးရမိခဲ့သည်။

၎င်းအမှုနှင့်ပတ်သက်၍ ဘုရားကြီးနယ်မြေရဲစခန်းမှု(ပ)၁၃၆/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၁ အရအရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သီဟရာဇာ (ဘုရားကြီး)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်း မှစ၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင် ဦးစီး၍ မြောက်ပိုင်းခရိုင်ရှစ်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင် အရာရှိ၃၆ ဦး၊ အခြားအဆင့် ၂၄၉ ဦး အပါအဝင် စုစုပေါင်း ၂၈၅ ဦးတို့ဖြင့် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်ဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။သတင်းနှင့်ဓာတ်ပုံ-ကြေးမုံ

## နှစ် (၅၀) ပြည့်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ဂုဏ်ပြု၍ ဝေါမြို့နယ်ပြည်သူ့ဆေးရုံအတွင်း လုပ်အားပေး ဆောင်ရွက်

**ပဲခူး၊ စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၌ အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ရွှေရတု နှစ် (၅၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင် ဝေါမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းလုပ်အားပေးဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးနှင့်ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများထဲမှ အညစ်အကြေးများ၊ အမှိုက်များဖယ်ရှားရှင်းလင်းခြင်းတို့ကို ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းလွင် ဦးစီး၍ဝေါမြို့နယ် အတွင်းရှိ စခန်းအသီးသီးမှ စခန်းမှူးများ၊ အရာရှိ၊ အရာခံများအပါအဝင် အင်အား ၅၀ ကျော်တို့နှင့်အတူ မြို့မိမြို့ဖများက စုပေါင်းလုပ်အားပေးခဲ့ကြသည်။

**သုလင်း(ဟံသာမြေ)**

## တီးတိန်-လိုင်လို ကျေးလက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်

**တီးတိန်၊ စက်တင်ဘာ ၂၀**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၉၃ ဒသမ ၇၄၀ဖြင့် ဆောင်ရွက်လျက်ရှိသော တီးတိန်-လိုင်လိုလမ်း နှစ်မိုင်အကွာအဝေး၊ ၁၂ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ စက်တင်ဘာ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**နိုဟေဆာ**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ မွန်ပြည်နယ်အတွင်း ဒေသအလိုက်ဆောင်ရွက်


**မော်လမြိုင်၊ စက်တင်ဘာ ၁၉**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မွန်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဒေသအလိုက် ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရေးမြို့နယ် ယာယီရဲမှူးမြင့်သော် ဦးဆောင်သော တပ်ဖွဲ့ဝင် အင်အား ၅၀ တို့သည် ရေးမြို့၊ သီရိနန္ဒာရပ်ကွက်ရှိ အ. ထ. က (ခွဲ) ကျောင်းတွင်လည်းကောင်း၊ ရန်ကြီးအောင်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ ချောင်းဆုံမြို့နယ်၌ ရဲမှူးစိန်ဝင်းဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ဆေးရုံဝန်ထမ်း ၄၆ ဦးတို့သည် အရှေ့ပိုင်းရပ်ကွက်ရှိ၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း၊ ဘီးလင်းမြို့နယ်တွင် ရဲမှူးရဲအောင် ဦးစီးသောတပ်ဖွဲ့ဝင် ၄၀ နှင့် ပေါင်မြို့နယ်တွင် ရဲမှူး ဝင်းသိန်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၅၀ တို့သည် မြို့နယ်ဆေးရုံဝင်းများနှင့် စာသင်ကျောင်းများတွင်လည်းကောင်း ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် လုပ်ဆောင်ခြင်းနှင့် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ခဲ့ကြသည်။

အလားတူ သထုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သန်း ဦးဆောင်သော တပ်ဖွဲ့အင်အား ၅၂ ဦးတို့သည် သထုံကွန်ပျူတာတက္ကသိုလ်တွင်လည်းကောင်း၊ ကျိုက်ထိုမြို့နယ်တွင် ရဲမှူးဝင်းမြင့် ဦးစီးသော အင်အား ၆၀ တို့သည် အမှတ်(၁) အ. ထ. က ကျောင်းတွင်လည်းကောင်း၊ ကျိုက်ထိုမြို့နယ် ရဲမှူးဝင်းမြင့် ဦးဆောင်သော အင်အား ၇၀ တို့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ဆေးရုံဝင်းအတွင်းတွင်လည်းကောင်း၊ မုဒုံမြို့နယ်တွင် ရဲမှူးငွေသိန်း ဦးဆောင်သော အင်အား ၃၁ ဦးတို့သည် မုဒုံ အ. ထ. က (၁) ကျောင်းတွင် လည်းကောင်း ချုံနွယ်များ ရှင်းလင်းခြင်း၊ ခြင်များခိုအောင်းနိုင်သော ရေအိုင်များအား မြေဖို့ခြင်း၊ ရေမြောင်းများ တူးဖော်၍ ရေစီး ရေလာကောင်းအောင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို မြို့နယ်အလိုက် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ဆက်နေမင်းအောင်**





**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄တောင်၊ မြေကွက်အမှတ်-၇၂၂/က၊ မြေကွက်တည်နေရာအမှတ်-၇၂၂/က၊ အောင်သစ္စာ(၇)လမ်း၊ ၄တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးခင်မောင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးခင်မောင်(ဖခင်)နှင့် ဒေါ်ဂျမီလာ(မိခင်)တို့ ကွယ်လွန်သဖြင့် သားများဖြစ်သော (၁)ဦးခင်မောင်ဦး[၁၂/သကတ(နိုင်)၁၃၅၀၅၅]၊ (၂)ဦးလှအောင်(TKA-၀၃၉၄၄၈) တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀၀၀/၂၀၁၄)နှင့်(၇၀/၂၀၁၄)ရသူ ဦးစနိုင်ထွန်းလွင်[၁၄/ဝခမ(နိုင်)၀၁၅၃၈၆]မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်-၆၃၉၊ မြေကွက်တည်နေရာအမှတ်(၆၃၉)၊ ရော(၁၃)လမ်း၊ ဦးဌေးမြင့်[ကေအိုင်တီ-၀၆၁၄၂၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဌေးမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ခင်ရီ[၁၂/မရက(နိုင်)၀၃၂၆၆၂] ကတစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၁၄၂/ ၁၅-၈-၂၀၁၄) ဖြင့် ရရှိသူ ဦးခင်မောင်တာ [၁၂/တမန(နိုင်) ၀၈၁၄၉၂] က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးကျေးဇူးတင်ရှိခြင်း

[illegible]

ဒေါ်ကြူကြူခင်း (ခ) [illegible]

အသက် (၅၂)နှစ်

[illegible] Mother Trading Co.,Ltd.မှ [illegible] Mother Industry Co.,Ltd မှ M.D [illegible] Htoo Group Of Companies မှ [illegible] Htoo Contraction Development Group Co.,Ltd.မှ [illegible] Galaxy Developers Co.,Ltd. မှ COO [illegible] Busan Express Bus Terminal (BXT) Korea မှ [illegible] Mr.Steve Park နှင့် [illegible] Lingyi Dongyue Industrial Company( China) မှ [illegible] Northern Heavy Industry (China) မှ Vice Chairman Mr Jing Chang နှင့် Director [illegible] Hanmi Global Co.,Ltd. (Korea)မှ [illegible] 24Hrs Company မှ [illegible]

ကျန်ရစ်သူ

[illegible] (ခ) Vikki [illegible] (ခ) Nicki

## (၇)လပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးမောင်မောင်ဝင်း

**(၂၁-၂-၂၀၁၄) မှ (၂၁-၉-၂၀၁၄)**

ရက်ပေါင်း(၂၁၀) ပြည့်သွားပြန်ပြီ ပါပါကြီးရေ၊ ရက်ပေါင်း(၂၁၀)ဆိုတာ (၂၁)ရက်ကို ပြန်လည်သတိရသလိုပဲ ခံစားရပါတယ်။ ပါကြီးရယ်။ ပါပါကြီးရှိတုန်းက မက်ခဲ့တဲ့ အိပ်မက်ကလေးကို ချစ်ဇနီး မစမ်းက အခုပုံဖော်နေပါပြီ ပါကြီးရေ။

ပါကြီးရေ အချိန်တွေက ကြာသွားသော်လည်း ချစ်ဇနီး မစမ်းကတော့ ကျန်ခဲ့တဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေနဲ့ နာရီလက်တံများလိုပဲ တရွေ့ရွေ့နဲ့ တစ်ရက်တာခရီးကို ရင်ဆိုင်နေရပါတယ်။ ဒီလိုနာရီလက်တံလေးလို တရွေ့ရွေ့နဲ့ လည်ပတ်နေရတာကို ကျွန်မကျေနပ်ပါတယ်။ ဒါမှပဲ 'ဖခင်' မရှိတဲ့ ကွန်မရဲ့ သားတွေ၊ သမီးတွေက အသက်ဝင်တဲ့ စက်ရုပ်ခလေးလို အမြဲတမ်း သတိရှိနေကျမှာပေါ့နော်။

ဦးဆောင်တဲ့သူက ရှေ့ကနေပြီး နာရီလက်တံလေးလို တစ်နာရီမှ ၁၂ နာရီထိုးတဲ့အထိ လက်တံလေးပြေးနေသလို နောက်လိုက် သား၊ သမီးတွေကို ဒီလို ပုံစံမျိုးဖြစ်စေချင်တာ မဟုတ်လား။ ဒါကြောင့်မို့လို့ ပါပါကြီးရဲ့ အိပ်မက်တွေကို ပုံဖော်လာအောင် အမြဲတမ်း နာရီလက်တံလေးလို လည်ပတ်နေရင်းနဲ့ ပါပါကြီးအတွက် (၇)လပြည့်ဆွမ်းအလှူကို ပါပါကြီး ဗဟန်းဘောင်ဝင်ခဲ့တဲ့ သာသနာ့ဝံသကျောင်းမှာ ဆရာတော်ကြီး ဘဒ္ဒန္တမာနိတာဘိဝံသကို အမှူးထား၍ ကျောင်းရှိ သံဃာအပါး (၁၀၀)ကျော်ကို (၇)လပြည့် ဆွမ်းကပ်လှူပေးမှာပါ။ ပါပါကြီးလည်း ရောက်ရာဘုံဗိမာန်မှနေပြီး ချစ်ဇနီး မစမ်းနဲ့အတူ သား၊ သမီး၊ သမက်၊ မြေးတို့က ပါပါကြီးအတွက် ရေစက်ချ အမျှပေးဝေပါတယ်။ သာဓုခေါ် ဆိုနိုင်ပါစေ။

**ပါပါကြီးရေ အမျှ-အမျှ-အမျှ**

**ချမ်းသာကြီးအပေါင်းဆိုင်**

**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**[illegible]**

**Leo Plastic**

**အသက်(၈၈)နှစ်**

ဦးသန်းမြင့်(MD, Golden Mountain Co.,Ltd)-ဒေါ်မြင့်ဒွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှတင်(ခ) ဒေါ်ခွိုင်ဆွမ်လီအန်သည် ၁၆-၉-၂၀၁၄(အင်္ဂါနေ့) နံနက် ၅း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **Chinaoil(Myanmar)Office**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ခင်ဖုန်းမြင့်**

**အလပြ-ငြိမ်း၊ အထက(၂) သာကေတ**

**၁၉၇၈-၇၉/၁၉၇၉-၈၀ လူရည်ချွန်၊ ပူတာအို ကချင်ပြည်နယ်**

**အသက်(၅၃)နှစ်**

၉-၉-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်ဖုန်းမြင့်၏ နာရေးကိစ္စအဝဝအား လိုလေသေးမရှိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ သက်န်းပရိက္ခရာများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများပေးပို့ကြသူများ၊ နာရေးအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသူများ၊ ၁၅-၉-၂၀၁၄(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးပွဲသို့ လာရောက်ကြသူများနှင့် လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း အဝေးမှနှစ်သိမ့်အားပေးကြသော ဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## [illegible]

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၄၆၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၆၈/ခ)၊ မာဃ (၁၃)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဒေါ်ကျင်သီ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဒေါ်ကျင်သီ)ကွယ်လွန်သဖြင့် ဦးမြ[၁၂/ဥကတ(နိုင်)၁၁၉၀၄၆]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော သက်သေအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကျေးဇူးတင်ရှိခြင်း

**Dr. [illegible]**

**အသက်(၆၇)နှစ်**

၁၀-၉-၂၀၁၄ ရက် နံနက် ၇ နာရီ SAKURA ဆေးရုံ(ICU)တွင် ခရစ်တော်၌ အိပ်ပျော်သွားသော Dr.စိုင်းကျော်စိန် နာမကျန်းစဉ် ပြုစုကုသပေးပါသော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ လာရောက်ကြည့်ရှုပေးသော မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုးများ၊ မိသားစုညစဉ်ဝတ်ပြုခြင်း၊ စျာပနဝတ်ပြုခြင်းနှင့် အောက်မေ့ဖွယ်ဝတ်ပြုခြင်း၌ ပါဝင်ခွန်အားပေးပါသော သိက္ခာတော်ရ ဆရာတော်ကြီးများ၊ ဓမ္မဆရာ/ဆရာမအားလည်းကောင်း၊ စျာပနကိစ္စအစီအစဉ်များကို တာဝန်ယူဆောင်ရွက်ပေးပါသော အမှတ်(၆၀၁)၊ ပြည်လမ်း၊ ယုဒသန်ရိပ်သာရှိ ရန်ကုန်ရှမ်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာနှင့်တကွ အသင်းသူ/သားများ၊ လူငယ်များအားလည်းကောင်း၊ စျာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးများအားလည်းကောင်း၊ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း၊ Facebook၊ Email မှတစ်ဆင့် ဆုတောင်းပေးခြင်း၊ အားပေးနှစ်သိမ့်မေတ္တာပြပေးသော ရပ်နီး၊ ရပ်ဝေးနှင့် နိုင်ငံရပ်ခြားမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ၊ လွမ်းသူ့ပန်းခြင်း ပေးပို့ကြသူများ၊ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးခဲ့ကြသူများ၊ ဓာတ်ပုံမှတ်တမ်းတင်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

အိမ်ခြံမြေ [illegible]
ဆက်သွယ်ရန်
ဖုန်း - [illegible]

အိမ် ခြံ မြေ
[illegible] Sat,Sun
ကြည်စိုး
LC
09 5 10 40 41, 09 513 66 666

## (၁၄-၉-၂၀၁၄) နေ့ထုတ် ကြေးမုံသတင်းစာပါ ဦးသန်းဆွေ (LL.B) ဥပဒေအကျိုးဆောင်ရှေ့နေ (စဉ်-၂၁၅၁၂) ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်အပေါ် ကန့်ကွက်ကြေညာခြင်း

[illegible] L-18 (815) [illegible]

[illegible]

- [illegible] – B.A (Law), LL.B., DL Graduate (WIPO-Switzerland), Advocate
- [illegible] – LL.B., B.Sc. Engg (I.T), H.G.P
- [illegible] – LL.B., H.G.P

[illegible] Tower, [illegible]

Tel : 95-1-706848 / 384382, GSM : 95-9-5121448

E-mail : [illegible]@myanmar.com.mm

## ကန့်ကွက်နိုင်ပါသည်

[illegible]

| | | | | |
|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| (LL.B) | (LL.B) | (LL.B,B.B.L) | (LL.B,B.B.L,D.M.L,D.I.L) | (LL.B,D.I.L) |

[illegible] အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

အမှတ်(၄၇-က)၊ [illegible] ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - [illegible]

## ယနေ့မာတိကာ

**လမ်းလျှောက်ကြပါစို့**
စာတည်းရှုထောင့် စာမျက်နှာ-၂

**ပခုက္ကူသို့ တစ်ခေါက်**
ဆောင်းပါး စာမျက်နှာ-၆

**သီလဝါစီးပွားရေးဇုန်... သီလဝါစီမံကိန်းကြောင့် ပြောင်းရွှေ့ခဲ့ရသောဒေသခံတို့၏ မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ-၁၀

**ပုဂ္ဂလိကတိုင်းရင်းဆေးခန်းများတွင် ဆေးဝါးကုသမှုခံယူသူ များပြားလာ**
သတင်း စာမျက်နှာ-၁၇


# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေ

**နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-**

**တွေ့ဆုံမေးမြန်း**
**မင်းမင်းဇော်(သတင်းစဉ်)**

**မေး။ ပြည်နယ်အတွင်းကျန်းမာရေးစောင့်ရှောက်မှု အခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဟာ ပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင် ငါးခု၊ မြို့နယ် ၁၇ ခုမှာ ခုတင်(၂၀၀)ဆံ့ဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ဆေးရုံ လေးရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံ သုံးရုံ၊ (၂၅) ခုတင်ဆံ့ဆေးရုံကိုးရုံ၊ (၁၆)ခုတင်ဆံ့ဆေးရုံ ၃၅ ရုံ၊ ဒေသန္တရကျန်းမာရေးဌာန တစ်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁၈ ခု၊ ကျောင်းကျန်းမာရေးအဖွဲ့လေးဖွဲ့၊ ကျေးလက်ကျန်းမာရေးဌာန ၁၁၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၂၃ ခုမှာ အထူးကုဆရာဝန်တွေအပါအဝင် ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ ကျန်းမာရေးကြီးကြပ်-၁ နဲ့ ကျန်းမာရေးကြီးကြပ်-၂ စတဲ့ ကျန်းမာရေးတာဝန်ရှိသူတွေနဲ့ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်း၌ စက်တင်ဘာ ၂၀ ရက်က ကျင်းပသည့် ရေယာဉ်များလွှဲပြောင်းပေးအပ်ပွဲတွင် ၂၉ မီတာ ပင်လယ်သွား တွန်း/ဆွဲ ရေယာဉ်နှင့် ဆိပ်ကမ်းလုပ်ငန်းသုံး ရေယာဉ်ငယ်များကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

# ဒုတိယနေရာအတွက် ကမ္ဘောဇအသင်းကို ရန်ကုန်အသင်း အနိုင်ကစား

သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်




ရန်ကုန်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ဤသို့ အကြိတ်အနယ်။

**MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။**

**(YUSC ကွင်း)**

**ရန်ကုန် - နှစ်ဂိုး** (ဆီဇာနှင့် သန်းထက်အောင်)
**ကမ္ဘောဇ - တစ်ဂိုး** (ဇီကိုဗစ်)

ရန်ကုန်အသင်းမှာ ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသော်လည်း ဒုတိယနေရာအတွက် ကမ္ဘောဇအသင်းကို အနိုင်ကစားခဲ့သည်။ ရန်ကုန်အသင်းမှာ ခြေစွမ်းပိုင်းအရ ကမ္ဘောဇအသင်းကို အသာမရခဲ့သော်လည်း ဒုတိယပိုင်းတွင် သွင်းယူသောနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းမှာလည်း နိုင်ပွဲဆက်ရေးအတွက် ကြိုးပမ်းခဲ့ပြီး အဝေးကွင်း၌ ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပွဲအစခြောက်မိနစ်တွင် ဇီကိုဗစ်က ကမ္ဘောဇအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်ကစားနိုင်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ ပထမပိုင်းတွင် ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး ရန်ကုန်အသင်းမှာ ကစားကွက်တည်မရခဲ့ပေ။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

# မြို့ကြီး ၁၃ မြို့တွင် FM စနစ်ဖြင့် မြန်မာ့အသံရေဒီယိုအစီအစဉ်များ နားဆင်နိုင်ပြီ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့အသံ ရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် နားဆင်နိုင်ရန် ပထမအဆင့် မြို့ကြီး ၁၅ မြို့အနက် စစ်ကိုင်း၊ လားရှိုး၊ နေပြည်တော် (ပျဉ်းမနား)၊ မော်လမြိုင်၊ ပုသိမ်၊ ပုပ္ပါး၊ ပဲခူး၊ လွိုင်ကော်၊ မြိတ်၊ မင်းဘူးနှင့် စစ်တွေမြို့ စသည့် ၁၁ မြို့တွင် ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ယခုထပ်မံ၍ ဘူးသီးတောင်၊ မောင်တော ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား(2KW)၊ လှိုင်းနှုန်း(88.9 MHz) ဖြင့် စက်တင်ဘာ ၁၅ ရက်မှစတင်၍ လည်းကောင်း၊ ရမ်းဗြဲ (ပိန္နဲတောင်) ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လွှင့်အား (2 KW)၊ လှိုင်းနှုန်း(89.2 MHz) ဖြင့် စက်တင်ဘာ ၁၆ ရက်မှစတင်၍ လည်းကောင်း ထုတ်လွှင့်လျက်ရှိရာ အဆိုပါ စက်ရုံများတည်ရှိရာ မိုင် ၃၀ ပတ်လည်အတွင်းရှိ ဒေသများမှ ကောင်းမွန်စွာ ဖမ်းယူနားဆင်နိုင်ပြီဖြစ်သည်။

ကျန်ရှိသည့် စက်ရုံနှစ်ရုံ၌ FM စနစ်တိုးချဲ့ ထုတ်လွှင့်ဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကနေဒီစက်ရုံ၌ ဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စက်ရုံ ၂၅ ရုံ၌ FM စနစ်များ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ကြေးမုံ The Mirror
တနင်္ဂနွေ အထူးထုတ် SUNDAY SPECIAL
2014 SEPTEMBER 21, SUNDAY




## ဆေးလိပ်တစ်လိပ်တွင် ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ယင်းတို့အနက် ဓာတုပစ္စည်း ၄၃ မျိုးသည် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်

စာမျက်နှာ ၂ သို့ » »





## ဖျာပုံတွင် ငါးခြောက်နှင့် ကုန်စိမ်းဝယ်မည်ဆိုလျှင်. . .

စာမျက်နှာ ၄ သို့ » »

## မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်တွေ့ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်

စာမျက်နှာ ၇ သို့ » »



စိုက်ပျိုးရေး



# သုံးမည်ရဆည်တမံ ကျီးနီကန်

ရမည်းသင်းခရိုင်နှင့် နေပြည်တော်ကောင်စီနယ်မြေမှာ နီးကပ်နေသော်လည်း ရာသီဥတုအခြေအနေမှာ ကွဲပြားခြားနားလျက်ရှိသည်။ အရှေ့မှ အနောက်ဘက်သို့ ဖြတ်သန်းစီးဆင်းနေသော ဆင်သေချောင်း၏ မြောက်ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့သည် ချောင်းနှင့် မိုင်အနည်းငယ်မျှ ကွာဝေးရုံမျှဖြင့် ရာသီဥတုအခြေအနေရုတ်ခြည်း သိသိသာသာ ကွာခြားသည်ကို တွေ့ရှိရပါသည်။ ဆင်သေချောင်း၏ မြောက်ဘက်ရှိ ရမည်းသင်းမြို့နယ်တွင် မိုးခေါင်ရေရှားရပ်ဝန်း၏ ရာသီဥတုအခြေအနေမျိုးရှိ၍ ချောင်း၏တောင်ဘက်ရှိ ပျဉ်းမနားမြို့နယ်၌မူ မြန်မာနိုင်ငံအောက်ပိုင်း၏ ရာသီဥတုအခြေအနေမျိုးကို တွေ့ရှိရပါသည်။ ဆင်သေချောင်း၏ မြောက်ဘက်ရှိ ရမည်းသင်းမြို့နယ်သည် မိုးပါး၍ ခြောက်သွေ့သော နယ်ဖြစ်ပါသည်။ ဆင်သေချောင်း၏ တောင်ဘက် ပျဉ်းမနားမြို့နယ်မှာကား မိုးများသောအပိုင်း၌ ကျရောက်နေသဖြင့် ရမည်းသင်းမြို့နယ်ထက် ရာသီဥတု သင့်မြတ်သည်ဟု ဆိုရပေမည်။ ပျဉ်းမနားမြို့နယ် မြောက်ပိုင်းနှင့် ရမည်းသင်းမြို့နယ်တို့တွင် ဆန်စပါး စိုက်ပျိုးနိုင်ရန်အတွက် မိုးရေလုံလောက်မှုမရှိသဖြင့် လယ်ယာမြေများသို့ ဆည်မြောင်းလုပ်ငန်းများဖြင့် ရေသွင်းဖြည့်တင်းပေးနေရသည်။

ရမည်းသင်းမြို့နယ်တွင် ဆည်၊ ကန်များစွာရှိပါသည်။ ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်၊ ကန် ကိုးခုရှိရာ သစ်ဆုံဆည်၊ လဲဖြူဆည်နှင့် သားတစ်ဆည်ဟူ၍ ဆည်သုံးမျိုး၊ ကျီးနီကန်၊ ကုတင်ကန်၊ ဆားကျင်းကန်၊ နွားထိုးကန်၊ တာတိုင်ကန်နှင့် ငွေးတောက်ကန်ဟူ၍ ကန်ခြောက်မျိုးတို့ရှိကြသည်။ ထို့ပြင် ထင်ရှားသော ကျေးရွာ ဆည်၊ ကန်များလည်းရှိရာ ဆည်ငယ် ၁၇ ခုနှင့် ကန်ငယ် ၁၄ ခု စုစုပေါင်း ဆည်ကန် ၃၁ ခုရှိသည်။ လဲဖြူဆည် (လဲဖြူရေထိန်းတမံ)သည် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကျီးနီကန်သို့ ရေဖြည့်တင်းပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသော ရေထိန်းတမံတစ်ခု ဖြစ်ပါသည်။

ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်၊ ကန်များအနက် ကျီးနီကန်သည် ရမည်းသင်းမြို့၏ အရှေ့တောင်ဘက်တွင် ကပ်လျက်တည်ရှိပါသည်။ ပုဂံကျော်စွာမင်းက မြန်မာသက္ကရာဇ်(၆၆၅) ခုနှစ်၌ ရမည်းသင်းမြို့ကို တတိယအကြိမ် အသစ်တစ်ဖန် ပြန်လည်မွမ်းမံ တည်ဆောက်သော ရှင်ဘုရင် ဖြစ်ပါသည်။ ပုဂံကျော်စွာမင်းသည် ရမည်းသင်းမြို့ကို ပြန်လည်မွမ်းမံတည်ဆောက်နိုင်ရန် မြို့ပန္နက်၊ ကျုံးပန္နက်၊ ကြာနီကန်၊ စည်းခုံဘုရား၊ သိမ်၊ နတ်ကွန်းနှင့် ဆင်ကျုံးပန္နက် ဤခုနစ်ဌာနကို မြို့တည်ဆောက် ရာတွင် တစ်ပြိုင်တည်း ထည့်သွင်း ဆောင်ရွက်ခဲ့လေသည်။ ကြာနီကန်ဟူသည်မှာ နောင်အခါ ကြေးနီကန် ယခုအခါ ကျီးနီကန်ဟူ၍ ခေါ်တွင်နေသော ကန်တော်ကြီးပင်ဖြစ်သည်။ ကျီးနီကန်၏ သက်တမ်းမှာ ၇၁၁ နှစ်ရှိနေပြီဖြစ်သည်။ ခေတ်အဆက်ဆက် ပြုပြင်ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တိုင် မြင်တွေ့နေရပြီး အကျိုးကျေးဇူးများစွာ ခံစားနေရသော ကန်ကြီးဖြစ်သည်။ ရှေးလူကြီးသူမတို့က ရေ-စစ်ကိုင်း၊ လှိုင်း-ပခန်းငယ်၊ လယ်-တောင်တွင်း၊ စပါး-ရမည်းသင်း၊ အင်း-တောင်သမန်၊ ကန်-မိတ္ထီလာဟူ၍ တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ရှေးက ရမည်းသင်းနယ်၏ စပါးအထွက်နှုန်းမှာ နိုင်ငံတော်စပါးကျီဟု ဆိုရလောက်အောင် နိုင်ငံတစ်ဝန်း“စံ”ပြုခဲ့ရကြောင်း မှတ်သားခဲ့ရသည်။ (အဂ္ဂမဟာပဏ္ဍိတ ဆင်ကျုံးဆရာတော်ပြုစုသည့် ရမည်းသင်းခရိုင်သမိုင်းနှင့် ရမည်းသင်းရာဇဝင်စာအုပ်ကို ကိုးကားပါသည်။)

ကျီးနီ ကန်အား သဲနုန်းများ တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်သမ္မတကြီးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ တင်ပြခဲ့မှုအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စာမျက်နှာ ၇ သို့ » »

ဘုန်းတင်လှိုင်

# မြန်မာပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေမည့် AFTA နှင့် AEC

သီတာမြင့်

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (ASEAN Free Trade Area-AFTA) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community-AEC) တို့ကို ဖော်ဆောင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အာဆီယံသို့ဝင်ရောက်ရာတွင် ပြင်ဆင်ခဲ့ရပုံ၊ စီးပွားရေးလုပ်ငန်းရှင်များဘက်မှ ကာလကြာရှည်စွာ ရပ်တည်ကာကွယ်ပေးခဲ့ပုံ၊ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပညာပေးလှုံ့ဆော်ခဲ့ပုံများကို အောက်ဖော်ပြပါခေါင်းစဉ်တို့ဖြင့် တင်ပြလိုပါသည်-

(၁) မြန်မာနိုင်ငံ၏ စီးပွားရေးနောက်ခံနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်း၊

(၂) အာဆီယံအဖွဲ့သို့ ဝင်ရောက်ခြင်းနှင့် AEC ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၃) ယှဉ်ပြိုင်မှုမှရရှိသော အကျိုးကျေးဇူး Competitive Advantage ကို ကျင့်သုံးခြင်း၊

(၄) အကာအကွယ်ပေးခြင်းသီအိုရီအရ စီးပွားရေးလုပ်ငန်းရှင်များကို အကာအကွယ်ပေးခဲ့ပြီး ယခုအချိန်တွင် အများပြည်သူအကျိုးစီးပွားအတွက် အကာအကွယ်ပေးမှုကို လျှော့ချရန် လိုအပ်လာခြင်း၊

**(၁) မြန်မာနိုင်ငံ၏ စီးပွားရေးနောက်ခံနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်း**

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်အဖြစ်ထိန်းသိမ်းခဲ့ပါသည်။ ဤစနစ်အရ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု အားနည်းခဲ့၍ ကုန်ပစ္စည်းများရှားပါးခဲ့ပြီး ပြည်သူများ၏ များပြားလှသော လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် မှောင်ခိုဈေးကွက် ပေါ်ပေါက်ခဲ့ပါသည်။

စာမျက်နှာ ၃ သို့ » »

# ဆေးလိပ်သည် အဆိပ်၊ အဆိပ်သည် ဆေးလိပ်

## မောင်ခေတ်သစ်

ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးနေ့အတွက် ဆောင်းပါးတစ်ပုဒ်ရေးရန် စဉ်းစားမိသော်လည်း မရေးဖြစ်ခဲ့။ UMFCCI တွင် ကျင်းပသော ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲတွင် စာရေးဆရာ သိပ္ပံမျိုးတင်နှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာနေစိုးမောင်တို့က ဟောပြောခြင်း၊ ဆွေးနွေးဖြေကြားခြင်းတို့ကို ကြားသိရပြီးနောက်ပိုင်းတွင်လည်း ဤဆောင်းပါးကိုအဆုံးမသတ်နိုင်ခဲ့ချေ။ ဆေးလိပ်၏ဆိုးကျိုးနှင့် အန္တရာယ်များကိုလည်း အမျိုးမျိုးကြားသိနေခဲ့ရသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ သို့သော် ဆေးလိပ်သောက်သုံးသူများ၊ ဆေးလိပ်ဆိုင်၊ ကွမ်းယာဆိုင်များ လျော့ကျခြင်းမရှိသည့်အပြင် ပို၍တိုးပွားလာသည်ကို တွေ့ရသည်။ အဘယ်ကြောင့်နည်း။

ဆေးလိပ်ဘာကြောင့်သောက်သနည်းဟုမေးစရာရှိသည်။ ဆေးလိပ်သောက်ရခြင်းကို လေ့လာရာတွင် မိရိုးဖလာ အစဉ်အလာအားဖြင့် ဆေးလိပ်သောက်သော မိသားစုများတွင် မိဘမှတစ်ဆင့် သား၊ သမီး၊ မြေး၊ မြစ်စသည်ဖြင့် အစဉ်အဆက်သောက်သုံးမှုရှိတတ်သည်ကို တွေ့ရ၏။ ဆေးလိပ်ကို အလွယ်တကူရရှိခြင်း၊ ဈေးပေါခြင်းသည်လည်း ဆေးလိပ်သောက်သုံးမှုရှိခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ကြော်ငြာအားကောင်းကောင်းဖြင့် အတုယူ စံပြုထားကြသည့် မော်ဒယ်များ၊ ရုပ်ရှင်သရုပ်ဆောင်များကို အတုယူအားကျ၍ သောက်ခြင်း၊ စူးစမ်းလေ့လာလို၍ စမ်းသပ်သည့်သဘောမျိုးဖြင့် သောက်ခြင်း၊ အတုမြင်အတတ်သင်သဘောမျိုးဖြင့် သောက်ခြင်း၊ သူငယ်ချင်းအပေါင်းအသင်းများ၏ အဆွယ်ကောင်းခြင်းကြောင့် သောက်ခြင်း၊ သူရဲကောင်းဆန်လို၍ သောက်ခြင်း၊ အုပ်စုတူ၊ အသက်အရွယ်တူ၊ အဆင့်တူတို့၏ ဖိအားပေးခြင်း (peer pressure)ကြောင့်သောက်ခြင်း၊ စတိုင်ကျ၊ ဟန်ပန်လုပ်သည့်သဘောအားဖြင့် သောက်ခြင်း စသည်ဖြင့် ဆေးလိပ်စတင်သောက်သုံးခြင်း၏ အကြောင်းပြချက်ကား အမျိုးမျိုးဖြစ်ပေသည်။

"ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့ထုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား"ဟူ၍ခြောက်ပါးကား သောက်စားသေစာအပြစ်တည်းဟူ၍ အရက်သောက်ခြင်းအတွက် ကျရောက်နိုင်သောအပြစ်ခြောက်ပါးရှိကြောင်း စာချိုးလင်္ကာရှိခဲ့သော်လည်း ဆေးလိပ်သောက်ခြင်းအတွက် အပြစ်ကျရောက်တတ်ကြောင်း ရေးဖွဲ့ထားသည်ကို မတွေ့ရပေ။

"ဆေးလိပ်တို တစ်ညိုလောက်၊ ရှော့သောက်တော့ပေး၊ မယူလိုက်ပြန်ရင် မိုက်တယ်လို့ဆိုလိမ့်မယ်။ ယူလိုက်ပြန်ရင် ကြိုက်တယ်လို့ဆိုလိမ့်မယ်။ သောက်စေချင်၊ ခုတင်ဘေး၊ ညိုနွဲ့ရယ်၊ ထောင်ခဲ့ကွယ်လေး"ဟူသော ကဗျာကိုလည်းကောင်း၊ "ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ၊ ငါ့ကိုအိမ်ပြန်ပို့ကြပါ။" "ဆီကိုရေချိုး၊ ဆေးရိုးမီးလှူ" စသည့် ကဗျာ စာချိုးလင်္ကာများကိုတော့ ကြားဖူးနားဝရှိခဲ့ပါသည်။ ဆေးလိပ်သောက်ခြင်းကြောင့် အရက်သောက်ခြင်းကဲ့သို့ အပြစ်ခြောက်ပါးမရှိစေကာမူ အဝတ်အစားများမီးပေါက်ပြီး အမြင်မတင့်တယ်ခြင်း၊ ဆေးလိပ်နံ့များ ကိုယ်တွင်စွဲကပ်နေသဖြင့် လည်းကောင်း၊ အာပုပ်စော်နံခြင်းကြောင့်လည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ဆေးလိပ်ဖိုးငွေကြေးအမြောက်အမြား သုံးစွဲရသဖြင့် မိသားစုအတွက်သုံးရမည့်ငွေကြေးယုတ်လျော့ခြင်း၊ ကိုယ်သားကိုယ်ရည်မွဲခြောက်ခြင်း၊ လိင်စွမ်းအင်ကျဆင်းခြင်းနှင့် ပန်းသေရောဂါဖြစ်ခြင်းကြောင့် အိမ်ထောင်ရေးသုခအပြည့်အဝမခံစားရခြင်း၊ ကင်ဆာရောဂါများ ကိုယ်အင်္ဂါအစိတ်အပိုင်းများတွင်ဖြစ်ပွား၍



နာတာရှည်ရောဂါဝေဒနာခံစားရခြင်း၊ သာမန်လူများကဲ့သို့ သက်တမ်းပြည့်သည်အထိ မနေရတော့ခြင်း ဖြစ်လာတော့သည်။

ယခုအခါ ဆေးလိပ်သောက်ခြင်းကြောင့် မိမိကိုယ်သာလျှင်မက ပတ်ဝန်းကျင်ရှိဆေးလိပ်ငွေ့ကို ရှူရှိုက်မိသူများကိုပါ အသက်ဘေးအန္တရာယ်ကျရောက်စေနိုင်ကြောင်း ကမ္ဘာ့တစ်ဝန်းသိလာကြသဖြင့် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းကို တစ်စတစ်စဆောင်ရွက်လာရာမှ နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေးနေ့ (ဆေးလိပ်မသောက်ရေးနေ့)အဖြစ် သတ်မှတ်၍ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်လာခဲ့ပေသည်။ အကြောင်းကား ဆေးလိပ်တစ်လိပ်တွင် ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ယင်းတို့အနက် ဓာတုပစ္စည်း ၄၃ မျိုးသည် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေနိုင်သောကြောင့်တည်း။ ဆေးလိပ်တွင်ပါဝင်သော နီကိုတင်းဓာတ်သည် စွဲစေတတ်သော ဂုဏ်သတ္တိရှိသကဲ့သို့ စိတ်ကိုလည်းပြောင်းလဲစေတတ်သော ဂုဏ်သတ္တိရှိသည်။ နီကိုတင်း၏ စွဲစေတတ်သော ဂုဏ်သတ္တိသည် အရက်၏ စွဲစေတတ်သော ဂုဏ်သတ္တိထက် ခြောက်ဆမှ ရှစ်ဆထက်ပိုပေသည်။ နီကိုတင်းကိုသုံးစွဲမိသူများတွင် ၉၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းထိ စွဲသွားကြသည်။ ဆယ်ကျော်သက်မှ လူရွယ် လူလတ် အသက်အရွယ်အထိဆေးလိပ်သောက်သူများသည် အသက်(၂၄)နှစ်မျှ ပို၍တိုလိမ့်မည်ဖြစ်သည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် ခုခံအားကျအရေပြားရောဂါ၊ မျက်စိအတွင်းတိမ်၊ အရေပြားတွန့်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ သွားပိုးစားခြင်းများ၊ အဆုတ်ပွရောဂါ၊ အရိုးပွရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်နာ၊ လက်ချောင်းအရောင်ပြောင်းရောဂါ၊ အမျိုးသမီးတွင် သားအိမ်ခေါင်းကင်ဆာနှင့်သားလျှောခြင်း၊ သုတ်ပိုးပျက်စီးခြင်း၊ ခြေဖျားများသို့ သွေးမလျှောက်ရောဂါများ၊ ပန်းနာရင်ကြပ်ရောဂါ၊ ဦးနှောက်ပျက်စီးခြင်း၊ သွေးကြောများကျုံ့၍ ကျဉ်းစေခြင်း၊ အသံအိုးကင်ဆာ၊ အစာပြွန်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးချိုရောဂါ၊ မျက်နှာအရေပြားတွန့်ခြင်း၊ သွေးမလျှောက်၍ တစ်သျှူးများပျက်စီးသေဆုံးခြင်း၊ အာပုပ်နံ့နံခြင်း၊ ပန်းသေခြင်း၊ မေးရိုးကင်ဆာ၊ အဆုတ်ကင်ဆာ၊ မိခင်နို့ရည်တွင် နီကိုတင်းဓာတုပစ္စည်းပါလျှင် ရင်သွေး၏ နှလုံးခုန်နှုန်းနှင့် သွေးဖိအားများစေခြင်း၊ အာဟာရချို့တဲ့ခြင်း၊ လေကြောင်းပိတ်ဆို့သောအဆုတ်ရောဂါ၊ မိခင်ဆေးလိပ်သောက်သဖြင့် ၂၀ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်း အထိ Low birth weight ကလေးမွေးဖွားခြင်း၊ လေဖြတ်ခြင်း၊ သွားနှင့်သွားဖုံးရောဂါဖြစ်ခြင်း၊ ပျို့အန်ခြင်း စသည်တို့ ဖြစ်တတ်ပေသည်။

လူတိုင်းလူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရန် လွန်စွာအရေးကြီးပေသည်။ နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်ပါမှ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်ခြင်းကြောင့် တစ်စက္ကန့်တွင် လူသုံးဦးခန့်သေဆုံးနေသည်ဟု ပညာရှင်များက ခန့်မှန်းကြပေသည်။ မည်သို့ပင်ဆိုစေကာမူ ဆေးလိပ်သည် ကျွန်ုပ်တို့အတွက် အရေးတကြီးအလေးထားရမည့် ကိစ္စရပ်ဖြစ်သည်။ ဆေးလိပ်ကို ဥပဒေဖြင့်တား၍ ရပါမည်လား။ ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်သုံးစွဲသူများကို ဥပဒေဖြင့်မည်ကဲ့သို့ ထိထိရောက်ရောက်အရေးယူနိုင်ပါမည်နည်း။ ဥပဒေပြဋ္ဌာန်းလိုက်တိုင်း အကွက်ဆိုက်သူများလည်း အကွက်ဆိုက်နေကြသည်။ ဥပဒေကို လက်တစ်လုံးခြားလုပ်နေသူများလည်းရှိသကဲ့သို့ ဥပဒေကို အခြေပြု၍ လုပ်စားနေကြသူများလည်း ရှိနေစမြဲဖြစ်သည်။

ဆေးလိပ်သောက်သုံးသည့်အကျင့်ကို မည်ကဲ့သို့ဖြတ်မည်နည်း။ အချို့က ဆေးလိပ်ဖြတ်ရန်အတွက် ကွမ်းစားသည်။ ထိုအခါ ဆေးလိပ်စွဲရုံမျှမက ကွမ်းပါစွဲတော့သည်။ အချို့က ဆေးလိပ်ဖြတ်ရန် ပြုလုပ်ထားသော ဆေးပလာစတာကိုကပ်၍ ဖြတ်ကြသည်။ အချို့ကဆေးလိပ်ကဲ့သို့ ပြုလုပ်ထားသော လျှပ်စစ်ဆေးလိပ်အတုကို သောက်၍ဖြတ်ကြသည်။ ငွေကုန်ကြေးကျအလွန်များသည်။ ဆေးလိပ်ဖြတ်ရန်ကား မလွယ်ကူချေဟု ပြောလေ့ရှိကြသည်။

ဆေးလိပ်ဖြတ်ရာတွင် "စိတ်" သာပဓာနဖြစ်သည်။ အလွယ်ဆုံးနည်းကား စိတ်ဓာတ်ခိုင်မာပြတ်သားရန် ဖြစ်သည်။ ကျွန်တော်၏ ဆရာတစ်ဦးဖြစ်သူ ဒေါက်တာဦးသန်းထွန်း(လင်း၊ ဆေး-၁)မှာ ချောင်းဆိုးလွန်းသဖြင့် ဆေးလိပ်ဖြတ်လိုက်သည်။ သူ၏ဆေးလိပ်ဖြတ်ပုံဖြတ်နည်းကို ပြောပြ၏။ အလားတူစွာပင် ကျွန်တော်၏မိတ်ဆွေ ဦးသိန်းဝင်း(ရွှေကျင်)ကလည်း နေမကောင်းဖြစ်ပြီး ချောင်းဆိုးသဖြင့် ဆေလိပ်ဖြတ်လိုက်သည်ဟု ကိုယ်တွေ့ကိုပြောပြသည်။ သူတို့နှစ်ဦးစလုံးသည် ဆေးလိပ်ဖြတ်လိုက်ပြီးနောက် ဆေးလိပ်အစား ကွမ်းစားခြင်း မရှိသည်ကို တွေ့ရ၏။ ကျွန်တော်ဆေးလိပ်ဖြတ်လိုက်ပုံက ဤသို့ဖြစ်၏။ ကျွန်ုပ်တွင် နှလုံးသွေးကြောကျဉ်းရောဂါရှိသည်ဟု ၂၀၀၀ ပြည့်နှစ် ဆေးရုံတက်စဉ်က ပြောပြ၍ သိရသဖြင့် အချိန်ရယူ၍ အခွင့်သာတိုင်း ဆရာဝန်ထံပြသ၍ လမ်းညွှန်မှုရယူနေစဉ် တစ်နေ့၌ ဆရာဝန်က ဆေးလိပ်သောက်ခြင်းကြောင့် သွေးမှာ ပျစ်ခဲနေပြီး ခန္ဓာကိုယ်နှင့်ဦးနှောက်သို့ သွေးမလျှောက်တော့ဘဲ သွေးကြောပိတ်၍ လေဖြတ်ရောဂါခံစားရလိမ့်မည်ဟု ရှင်းပြတော့သည်။ ၁၉၆၈ ခုနှစ်မှ ယနေ့အထိ ကျွန်တော်ဆေးလိပ်သောက်ခဲ့သည်မှာ လေးဆယ့်လေးနှစ်ကျော်မျှရှိပြီးဟု ပြောပြခဲ့ရာ ကျွန်တော့်ကိုကြည့်ရှုကုသပေးသော အမျိုးသမီးဆရာဝန်မှာ အသက်လေးဆယ်ပင်ပြည့်ဟန်မတူ၍ အံ့သြနေပေသည်။ သို့ဖြစ်ရကား ယခင်က မဖြတ်နိုင်ခဲ့သေးသည့် ဆေးလိပ်သောက်သော အကျင့်ကို ဖြတ်လတ္တံ့ဟု ဆုံးဖြတ်လိုက်သည်။ ဆေးရုံမှအိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော်သောက်လက်စ လက်ကျန် ကြယ်နီဆေးပေါ့လိပ်အစည်း ၂၅ လိပ်ခန့်ရှိမည်ကို ထက်ပိုင်းချိုးလိုက်သည်။ ဆေးလိပ်ခွက်၊ မီးခြစ်နှင့် ဆေးလိပ်အကျိုး အကျေများကို အမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်သည်။ ထိုအချိန်မှစ၍ ဆေးလိပ်မသောက်တော့ဟု စိတ်ကိုပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်။ ယခုအချိန်ထိဆေးလိပ်မသောက်တော့ဘဲ ဆေးလိပ်သောက်သည့် အကျင့်ကို ဖြတ်လိုက်သည်။

အကယ်စင်စစ် ဆေးလိပ်တစ်လိပ်တွင် ပါဝင်သော ဓာတ်ပစ္စည်းပေါင်း ၄၀၀၀ ကျော်သည် လူ၏ကိုယ်တွင်းအင်္ဂါများကို အဆိပ်အတောက်ဖြစ်စေသည်။ ဆေးလိပ်ငွေ့သည် ကာဗွန်မိုနောက်ဆိုက်ဖြစ်ပြီး ၎င်းသည် အဆိပ်ငွေ့ဖြစ်သည်။ ယခုသော်ကား အဆိပ်ငွေ့ကို မရှူရှိုက်တော့ဘဲ အောက်ဆီဂျင်ဓာတ်ငွေ့ပါသော ရိုးရိုးလေကိုသာ ရှူရှိုက်နေခဲ့သည်။ နှလုံးခုန်နှုန်းမှန်လာသည်။ နှလုံးရောဂါလည်း သက်သာလာသည်။ ယခင်ကလို နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း မခံစားရတော့ပေ။ တကယ်တော့ ဆေးလိပ်သည် အဆိပ်ပင်ဖြစ်သည်။ သို့ဖြစ်ရကား ဆေးလိပ်သည် အဆိပ်ဖြစ်သကဲ့သို့ အဆိပ်ကို လိပ်ထားသောအရာကား ဆေးလိပ်ပင်ဖြစ်သည်။ ဆေးလိပ်နှင့် အဆိပ်ကား အတူတူပင်ဖြစ်သည်။ အဆိပ်ကား လူကိုသေစေတတ်သတည်း။ ။

> **ဆေးလိပ်တစ်လိပ်တွင် ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ယင်းတို့အနက် ဓာတုပစ္စည်း ၄၃ မျိုးသည် ကင်ဆာရောဂါအမျိုးမျိုးကိုဖြစ်စေနိုင်**




ရန်ကုန်တိုင်းဒေသကြီး

## အလုံမြို့နယ်တိုင်းရင်းဆေးကုဌာနက ရပ်ကွက်များသို့ ကွင်းဆင်းကုသ

**အလုံ စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အလုံမြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဝန်ထမ်းများသည် စက်တင်ဘာ ၁၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက် စည်ပင်ဝင်းရှိ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းမိသားစုများအား ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ စည်ပင်ဝန်ထမ်းများမှ ပါဝင်ကူညီဆောင်ရွက်ကြကြောင်း သိရသည်။



**တင်မောင်ဦး(အလုံ)**

# နံ့စားပြောင်းချိုမှ ဇီဝအီသနောနှင့်သကာရည် စီးပွားဖြစ်ထုတ်လုပ်နိုင်

အညာဒေသ မိုးခေါင်ရေရှားအရပ် ဆည်ရေမရရှိတဲ့ ကျေးလက်တောရွာတွေမှာ နွားစာအတွက် နံ့စားပြောင်းကို စိုက်ပျိုးလေ့ရှိကြပါတယ်။ မိုးကြိုပြီးချိန်ကိုက် စိုက်လေ့ရှိကြပါတယ်။ မိုးဦးကျမိုးရွာတာနဲ့ အပင် ပေါက်ကလေးတွေ ရကြပါတယ်။ အပင်ပေါက်လာလို့ လေးပေ၊ ငါးပေလောက်ရှိတာနဲ့ ရိတ်ပြီးစဉ်းကျွေးကြပါတယ်။ နွားစာစဉ်းတဲ့စက်ကို ပြောင်းရိုးစဉ်းစက်လို့ ခေါ်ကြပါတယ်။ မောင်းတံကို (သန်းသား သို့မဟုတ် ဝါးမာ)ကိုင်းနဲ့တပ်ဆင်ပြီး လက်ကိုင်ကို ကြိုးနဲ့ဆက်သွယ်ထားပါတယ်။ လက်ကိုင်မှာတော့ ဓားသွားတပ်ထားပြီး အဲဒီလက်ကိုင်ကို ခြေနင်းတံနဲ့ ဆက်ထားပါတယ်။ ခြေထောက်ကနင်းချ၊ လက်နှစ်ဖက်က ပြောင်းရိုးကို တစ်နိုင်ဆုပ်ကိုင်ပြီး လေးလက်မပတ်လည် သစ်သားထွင်းပေါက်မှာ ထိုးထည့်ပေးလိုက်တော့ တစ်လက်မလောက်အရွယ် ညီညီလေးတွေပြတ်ပြီး ခံထားတဲ့ တောင်းထဲကျလာပါတယ်။ အဲဒီနွားစာ စဉ်းဖတ်ကိုမှ နွားစာကျင်းထဲထည့် နှမ်းဖတ်၊ ပဲဖတ်တွေကို အပုပ်စိမ်ထားတဲ့အိုးထဲက နှမ်းဖတ်ပုပ်ရည်ဖျန်းပြီး ပြောင်းရိုးစဉ်းဖတ်နဲ့ လူးနယ်ကျွေးပါတယ်။ ဒီမြင်ကွင်းကိုမြင်ရတာ စိတ်ဝင်စားစရာကောင်းပါတယ်။ နွားတွေကလည်း အားရပါးရစားကြတော့ ဝဖီးလို့ပါပဲ။ နူနူဖတ်ဖတ် စိုစိုစက်စက်စားရတာကိုး။

ဒါကတစ်ပိုင်တစ်နိုင် ခိုင်းနွားတစ်ရှဉ်းနဲ့ နွားပေါက်အပိုထားမွေးမြူတဲ့တောင်သူတွေရဲ့ လုပ်ရိုးလုပ်စဉ်ပါ။ မြေဧကများတဲ့တောင်သူကြီးတွေကတော့ အဲဒီနံ့စားပြောင်းခင်းကို လက်ခုပ်တစ်ဖောင် အမြင့်ရင့်ပြီဆိုမှ ရိတ်ကြပါတယ်။ လှည်းနှင့်တိုက်ပြီး အင်ဂျင်နဲ့ လည်ပတ်တဲ့ ပြောင်းရိုးစဉ်းစက်နဲ့ အခပေးပြီး စဉ်းကြပါတယ်။ ပြောင်းရိုးစဉ်းဖတ်များကို စပါးကျီလိုထဲမှာ သိုလှောင်ထားကြပါတယ်။ လိုသလောက်ယူပြီး နွားစာအဖြစ် နှစ်ပတ်လည်သုံးကြပါတယ်။

နံ့စားပြောင်းကလည်း မြေအမျိုးအစားကိုမူတည်ပြီး ဖြစ်ထွန်းမှုကွာပါတယ်။ မြေကောင်းရင်ကြံချောင်းလောက်၊ ကျပ်လုံးမကကြီးမားပါတယ်။ ပြောင်းရိုးမှာလည်း အချိုဓာတ်ရှိတာကိုတွေ့ရပါတယ်။ နံ့စားပြောင်းရင့်တဲ့အခါမှာတော့ အနံ့ထွက်ပါတယ်။ တချို့ပြောင်းနှံတွေဟာ တံစဉ်လိုကွေးပြီး ထွက်လာတာလည်း တွေ့ရပါတယ်။ အဲဒီပြောင်းနှံတွေကို သီးသန့်ရိတ်ပြီး အိမ်မွေးတိရစ္ဆာန်စာအဖြစ် သုံးရပါတယ်။ မိုးလေဝသအဆင်မပြေလို့ ဆန်ရေစပါးရှားပြီဆိုရင် အဲဒီနံ့စားပြောင်းကိုပဲ ဖွပ်(ထောင်း)ပြီး ကျေးလက်ဒေသတွေမှာ ဆန်နှင့်ရောပြီးစားလေ့ရှိကြပါတယ်။

ခေတ်ကာလအလျောက် နည်းပညာများတိုးတက်နေတဲ့အချိန်မှာ အဲဒီလိုဒေသတွေနဲ့ ကိုက်ညီမယ့်လုပ်ငန်း



တစ်ခု တစ်နည်းအားဖြင့် Product တစ်ခုကို One Village One Product စီစဉ်နေကြသူများရော ကျေးလက်သမဝါယမအသင်းများစုဖွဲ့ပြီး ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်နေကြသူများအတွက် အထောက်အကူပြုနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ယခုဆောင်းပါးကိုရေးသားလိုက်ခြင်းဖြစ်ပါတယ်။

ပြန်လည်ဆန်းသစ်ပြီး တင်ပြတဲ့ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလမှာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ ကင်ပွန်းတောင်ကြံသုတေသနခြံမှာ ဒီပြကွက်ကို တောင်သူတွေဖိတ်ပြီး လက်တွေ့ပြခဲ့ပါတယ်။

အခြေခံဖြစ်တဲ့ နံ့စားပြောင်းချိုရဖို့အဓိကပါပဲ။ လုပ်ရမယ့်လုပ်ငန်းက နံ့စားပြောင်းချိုကနေပြီး ဓာတ်ဆီ (ဇီဝအီသနောနှင့်သကာရည်)ထုတ်တဲ့လုပ်ငန်းပါ။ ဒီလုပ်ငန်းက ခဲရာခဲဆစ်လည်းမဟုတ်တဲ့အပြင် လက်လှမ်းမီဆောင်ရွက်နိုင်ကြပါတယ်။ ထိုက်သင့်တဲ့အရင်းအနှီးလိုပါတယ်။ လိုအပ်တဲ့ပစ္စည်းက ပြောင်းရိုးက အရည်ထွက်လာဖို့ ကြိတ်လုံးလိုပါတယ်။ အချို့ရွာတွေမှာ အဆင်သင့်လုပ်ပြီးသားရှိပါတယ်။

နောက် တဆေး(Yeast)နှင့် အချဉ်ဖောက်ပြီး ပေါင်းဖိုနဲ့ပေါင်းပြီး ထုတ်လုပ်လိုက်ရင် ဓာတ်ဆီရတော့တာပါပဲ။

အခုဆိုရင် ကျေးရွာတွေမှာ အိမ်တိုင်းနီးပါး ဆိုင်ကယ်ရှိနေကြပါပြီ။ ကိုယ့်ဒေသအတွက် လိုအပ်တဲ့လောင်စာဓာတ်ဆီကိုရပြီဆိုရင် တိုးချဲ့ပြီးရောင်းကုန်အဖြစ် ထုတ်လုပ်နိုင်ကြပါမယ်။

နံ့စားပြောင်းချိုမှာ သကြားဓာတ်(Sucrose)အပါအဝင် ကာဗွန်ဟိုက်ဒရိတ်ဒြပ်ပေါင်းများပါဝင်တဲ့အတွက် သကြားနဲ့ ဇီဝအီသနောထုတ်ယူရရှိနိုင်ပါတယ်။ သကြားဓာတ်ပါဝင်မှုဟာ ကိုးရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိပါရှိပြီး သတ္တုဓာတ်ဆားများ၊ ပရိုတင်းများနှင့် အော်ဂဲနစ်အက်စစ်စတဲ့ဒြပ်ပေါင်းများ ပါဝင်ပါတယ်။ နံ့စားပြောင်းချိုတစ်ဧကက အပျစ် ဒီဂရီ ၇၀ ရာခိုင်နှုန်းရှိတဲ့ သကာရည် ၂၈၃ ဂါလန်ရရှိတဲ့အတွက် တန် ၁၀၀ ကြိတ်ဝါးရင် သကြားသုံးတန်က ငါးတန်ထိ ရရှိနိုင်စွမ်းရှိပါတယ်။ နံ့စားပြောင်းချိုစိုက်ပြီး သက်တမ်း သုံးလခွဲ၊ လေးလကြာရင် ခုတ်လို့ရပါပြီ။ အရိုးထွက် တစ်ဧက ၁၆ တန်မှ တန် ၂၀ အမြင့်ဆုံး တန် ၃၀ ထိ ထွက်ကြောင်း လေ့လာသိရှိရပါတယ်။

ဇီဝအီသနောထုတ်လုပ်ရင် တစ်ဧကမှာ ဂါလန် ၂၈၀ ရနိုင်ပြီး သကာရည်ထုတ်ရင် ဂါလန် ၅၄၀ ထိရရှိနိုင်ပါတယ်။ အနံ့ကိုခုတ်သိမ်းရင် အစေ့အဆန် ၂၈ တင်းထိ ထွက်နိုင်ပါတယ်။ အရိုးကိုကြိတ်ဝါးပြီးရတဲ့ကြိတ်ဖတ်ကလည်း အစိုချိန် ရှစ်တန်ထိထွက်ကြောင်း မှတ်တမ်းများအရ သိရပါတယ်။

ရရှိမယ့်အကျိုးအမြတ်ကတော့ နံ့စားပြောင်းချိုစိုက်ပြီး အီသနောထုတ်ရင် တစ်ဧကစိုက်ပျိုးစရိတ်နှင့် Bio Ethanol ချက်လုပ်မှုကုန်ကျစရိတ် နှစ်ခုပေါင်းပေါ်မှ အသားတင်အမြတ် ၆၀၀၇၅ ကျပ်မှ ၁၀၀၀၀၀ အထိရနိုင်ပါတယ်။

နံ့စားပြောင်းချိုစိုက်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ နေရာမှာ ယခုတင်ပြပါလုပ်ငန်းကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံးဆောင်ရွက်ရတာမဟုတ်တဲ့အတွက် အခြားတောင်သူလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြပါတယ်။

**တင်မြင့်(ညောင်ကန်)**

## ရန်းတောင်ခြေသို့ တတိယတစ်ခေါက်

**» » ကျောဖုံးမှ**

စံနေတော်မူမည့် ပွင့်တော်မူပြီး ဘုရားရှင်နှစ်ကျိပ်ရှစ်ဆူတို့၏ ရုပ်ပွားတော် ၂၈ ဆူကို ထားရှိကိုးကွယ်မည်ဖြစ်ပါသည်။ ၁၈ ပေအမြင့်ရှိ တံခွန်တိုင် ရှစ်တိုင်ကို စတီးလ်တိုင်များဖြင့် စိုက်ထူထားရှိရန်အတွက် ရန်ကုန်မြို့မှ ရိုးရာပန်းပညာရှင်မြန်မာမှုအဖွဲ့သို့ အပ်နှံထားပြီး ဟားခါးအရောက် မော်တော်ကားဖြင့် သယ်ယူမည်ဖြစ်သည်။

**တောင်တန်းသာသနာပြုစံကျောင်းတော်**

ချင်းပြည်နယ်တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သော ကျေးဇူးတော်ရှင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ထိုင်လျက်ရုပ်တုတော်ပုံကို ကုံလုံဆရာတော်ကြီးနှင့် သာမညဆရာတော်ကြီးတို့၏ ရုပ်တုတော်များကဲ့သို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပညာရှင်များထံ အပ်နှံပြီး ဇေတဝန်တောရကျောင်းဝင်းအတွင်း တည်ဆောက်ပြီးဖြစ်သော စံကျောင်းတော်တွင်ထားရှိ ပူဇော်မည်ဖြစ်သည်။ ယင်းရုပ်တုနှင့်အတူ ဆရာတော်ကြီး အသုံးပြုတော်မူခဲ့သော အသုံးအဆောင်ပစ္စည်းများကို ရဟန်းရှင်လူများ တွေ့မြင်ကြည့်ရှုနိုင်ရန် ထားရှိမည်ဖြစ်သည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ချင်းပြည်နယ် ခမ်းတိန်တောင်ပေါ်မှ မုံရွာမြို့အထိ ရဟတ်ယာဉ်ဖြင့် သယ်ယူ၍ အန္တိမစျာပနအခမ်းအနားကျင်းပပေးခဲ့သော ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)က ဆရာတော်ကြီး ကိုင်ဆောင်ခဲ့သည့် တောင်ဝှေးတစ်ချောင်း ပေးပို့လှူဒါန်းခဲ့သည်။ အလားတူ အခြားအလှူရှင်နှစ်ဦးထံမှ ပြန်လည်ပေးပို့လှူဒါန်းသည့် တောင်ဝှေးနှစ်ချောင်းကို ဆရာတော်အရှင်တေဇောသာရက လက်ခံရယူခဲ့သည်။ ဇေတဝန်တောရကျောင်း အဝင်လမ်းကတ္တရာခင်းရန်အတွက် လိုအပ်သော ကတ္တရာများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လှူဒါန်းခဲ့သည်။

## ပညာရေးမျှူးဖလား ဘောလုံးပြိုင်

**ဖားဆောင်း စက်တင်ဘာ ၂၀** ။ ။ ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်တွင် ဖားဆောင်းမြို့နယ် ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁၆ ရက်က ဖားဆောင်းမြို့နယ်မြေခံတပ် ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာမှ မူလတန်းကျောင်းသားများ ယှဉ်ပြိုင်ကစားကြရာ နန်းကစ်မူလတန်းကျောင်းသား လူငယ်များက ပထမတံခွန်စိုက်ဒိုင်းဆုကို ရရှိခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**




## သုံးမည်ရဆည်တမံ ကျိုးနီကန်

»» ရွှေဖုံးမှ

ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး(ဆည်မြောင်း)နှင့် ဆည်မြောင်းဦးစီးဌာနသို့ ကန်၏ လက်ရှိအခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး ဓာတ်ပုံမှတ်တမ်းနှင့်တကွ စနစ်တကျ အသေးစိတ်တွက်ချက်တင်ပြရန်၊ လမ်းညွှန်ခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ၁၆-၇-၂၀၁၄ ရက်တွင် ကျိုးနီကန်သို့ လာရောက်စစ်ဆေးပြီး ကျိုးနီကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို အထူးစီမံကိန်းအသွင်ဖြင့် ဆောင်ရွက်ကြရန် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးမကျမီနှင့် မိုးရာသီကုန်ဆုံးချိန် ပွင့်လင်းရာသီတို့တွင် သတ်မှတ်အချိန်ကာလတစ်နှစ်အတွင်း အပြီးဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ကျိုးနီကန်၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် လက်ရှိအခြေအနေများမှာ ကန်၏ ရေဆင်း ဧရိယာသည် ၆၈ စတုရန်းမိုင်ရှိပြီး အခြားသော ရေလှောင်ကန်များကဲ့သို့ ရေဝင်ချောင်းတစ်ခုတည်းအား ပိတ်၍ တစ်ဖက်ရပ်တည်ဆောက်ထားခြင်းမဟုတ်ဘဲ မြောက်ဘက်သို့ စီးဆင်းသည့် စမုံချောင်းအားပိတ်၍ လည်းကောင်း၊ တောင်ဘက်သို့စီးဆင်းသည့် နဝင်းချောင်းအား ပိတ်၍ လည်းကောင်း၊ ကန်ပေါင်နှစ်ခုဖြင့် ရေဝေကုန်းတန်းတစ်ခုတည်းပေါ်တွင် တည်ဆောက်ထားပြီး ထူးခြားသည့် နှစ်ဖက်ရပ်ကန်တစ်ခုဖြစ်ပါသည်။ ရေဝင်လမ်းကြောင်းမှာလည်း အရှေ့ဘက်နှင့် အနောက်ဘက်တို့မှ ဝင်ရောက်ကြပါသည်။ တောင်ဘက်ကန်ပေါင်၏ အလျားမှာ ၉၃၅၀ ပေ(၁ ဒသမ ၇၇ မိုင်)ရှိပြီး မြောက်ဘက်ကန်ပေါင်၏ အလျားမှာ ၁၃၂၀၀ ပေ(၂ ဒသမ ၅ မိုင်)ရှိပါသည်။ တာပေါင်အမြင့် ၁၅ ပေ၊ တာပေါင်ထိပ်ဝအကျယ် ၁၂ ပေ၊ ပျမ်းမျှရေအနက် ၄ ပေ ၆ လက်မ၊ ရေသိုလှောင်နိုင်မှုပမာဏ ၂၆၀၀ ဧကပေ(ရေဂါလန် သန်းပေါင်း ၇၀၇ သန်းခန့်)ရှိပါသည်။ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာမှာ ၁၅၂၅ ဧက ကျယ်ဝန်းပါသည်။ ရေပိုလွှဲအမျိုးအစားမှာ ကျောက်ပန်းရံဖြစ်ပြီး အကျယ်မှာ ပေ ၁၀၀ ရှိပါသည်။ ရေပိုလွှဲအရှည် ၅၈ ပေနှင့် ရေပိုလွှဲတံတားအကျယ်မှာ ၈ ပေရှိပါသည်။ ရေထုတ်ပေါက်အရွယ်အစားနှင့် အရေအတွက်မှာ ၃ ပေ× ၃ ဒသမ ၇၅ ပေ အရွယ်အစားသုံးပေါက်နှင့် ၃ ပေ× ၃ ဒသမ ၅ ပေ အရွယ်အစား နှစ်ပေါက်အသီးသီးရှိကြပါသည်။ အကျိုးပြုဧရိယာမှာ မိုးစပါး ဧက ၂၅၀၀ နှင့် နွေစပါး ဧက ၃၀၀ တို့ စိုက်ပျိုးနိုင်ပါသည်။ မိုးတွင်းကာလတွင် ရေဦးရေဝင်မြောင်းမတော်သည် ဝါးလုံးထိုးစီးဆင်းလေ့ရှိပြီး မြောင်းပေါင်တစ်လျှောက် တိုက်စားသဖြင့် ၂၀၀၆ ခုနှစ်က ကျိုးပေါက်ကြီး ငါးပေါက် ကျိုးပေါက်ခဲ့ပါသည်။

ကျိုးနီကန်လက်ရှိအခြေအနေမှာ နှစ်ပေါင်းများစွာ သဲနုန်းပို့ချမှုကြောင့် တိမ်ကောနေပြီး ရေသိုလှောင်နိုင်မှုပမာဏနည်းပါးခြင်း၊ ကန်ပေါင်များနိမ့်ကျပြီး တောင့်တင်းခိုင်မာမှုအားနည်းခြင်း၊ ရေဘေးကာကွယ်ရေးအတွက် အနောက်ဘက်ခြမ်းတွင် ရေကာတာပေါင်အသစ်လိုအပ်ခြင်း၊ ရေပိုလွှဲ၊ ရေထုတ်ပေါက်၊ လက်တံမြောင်းများထိပ်ရှိ ရေပေးအဆောက်အအုံများနှင့် ရေကျအဆောက်အအုံများ စသည်တို့သည် ဆွေးမြည့်ပျက်စီးပြီး ခေတ်မမီခြင်း၊ ရေဦးရေဝင်မြောင်းနှင့် လဲဖြူရေဝင်မြောင်းတို့တွင် သဲနုန်းဖမ်းတာတည်ဆောက်ပေးရန် လိုအပ်ခြင်း၊ ဆည်ရေသောက်စနစ်ရှိ လက်တံမြောင်းများ တိမ်ကောပျက်စီးနေပြီး ရေသယ်ယူမှုပမာဏနည်းပါးခြင်း စသည့်အချက်များသည် ကျိုးနီကန် အဆင့်မြှင့်တင်ပြုပြင်တူးဖော်ဆောင်ရွက်ရန် လိုအပ်သည့်အချက်များပင်ဖြစ်သည်။ ကျိုးနီကန်သဲနုန်းတူးဖော်ခြင်းကို အများဆုံးနေရာတွင် အနက်ရှစ်ပေနှင့် ပျမ်းမျှအားဖြင့် ငါးပေတူးရမည်ဖြစ်သည်။ သဲနုန်းတူးဖော်မှုပမာဏမှာ ကျင်းပေါင်း ၁၁ ဒသမ ၄၁ သိန်းဖြစ်သည်။ လက်ရှိတာပေါင်ကို အမြင့် ၁၅ ပေမှ ပေ ၂၀၊ တာပေါင်ထိပ်ဝအကျယ် ၁၂ ပေမှ ၂၄ ပေ၊ တာအတွင်းအပြင် ဆင်ခြေလျှော အချိုး ၁း ၂ ဒသမ ၅ ဖြင့် ပုံစံကျပြန်လည်မြေဖို့ပြီး တာပေါင်နှစ်ခုကို ပေါင်အားဖြည့်ခြင်းလုပ်ငန်း မြေသားဒေါက်ထောက်ခြင်း(Banquette) လုပ်ငန်းအပါအဝင် လုပ်ငန်းပမာဏမှာ မြေကြီးကျင်း ၁ ဒသမ ၇ သိန်းဖြစ်သည်။ ကန်၏အနောက်ဘက်ပိုင်း အလျားပေ ၈၀၀၀ ရှိ ကန်ပေါင်အသစ်မြေဖို့ခြင်းကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ မြေကြီးကျင်းပမာဏမှာ သုည ဒသမ ၉၅ သိန်းဖြစ်သဖြင့် စုစုပေါင်းဆောင်ရွက်ရမည့် သဲနုန်းအပါအဝင် မြေကြီးကျင်းပမာဏမှာ ၁၄ ဒသမ ၀၆ သိန်းဖြစ်သည်။ လက်ရှိသစ်သားတုံးချ ကျောက်ပန်းရံအမျိုးအစား ရေပိုလွှဲမှ သံမဏိရေတံခါးတပ် သံကူကွန်ကရစ်ရေပိုလွှဲအမျိုးအစားသို့ ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်သည်။

ရေပိုလွှဲအရှည်ကို ၅၈ ပေမှ ၈၈ ပေ တိုးချဲ့ဆောင်ရွက်မည့်အပြင် ရေပိုလွှဲတံတားအကျယ် မူလရှစ်ပေမှ ၁၀ ပေအကျယ်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်သည်။ ရေထုတ်ပေါက် ငါးပေါက် မြောင်းထိပ်ရေပေးအဆောက်အအုံများနှင့် ရေကျအဆောက်အအုံတို့ကို အထူးပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။ ဆည်ရေသောက်စနစ်အတွင်းရှိ အမှတ်(၁)မြောင်း မူလအကျယ် ခြောက်ပေမှ ၁၀ ပေ၊ အမှတ်(၂)မြောင်း လေးပေမှ ရှစ်ပေ၊ အမှတ်(၃)မြောင်း ခြောက်ပေမှ ရှစ်ပေ၊ အမှတ်(၄)မြောင်း နှစ်ပေမှ ရှစ်ပေ၊ အမှတ်(၅)မြောင်း နှစ်ပေမှ ရှစ်ပေ၊ လဲဖြူရေဝင်မြောင်း ပေ ၂၀ မှ ပေ ၃၀၊ ရေဦးရေဝင်မြောင်း ပေ ၃၀ မှ ၃၅ ပေ အသီးသီးချဲ့ထွင်ဆောင်ရွက်သွားမည်။ ထို့ပြင် ဆက်စပ်လုပ်ငန်းများဖြစ်သော ကန်ပေါင်အတွင်းဘက်လှိုင်းကာကျောက်ရိုးစီခြင်း၊ ကန်ပေါင်အပြင်ဘက်ပိုင်းတွင် မြက်စိုက်ကာကွယ်ခြင်း၊ ကန်ပေါင်ထိပ်တွင် ကျောက်စီရင်းတားနံရံများ(Parapets)နှင့် အရန်အတား တိုင်များ(Guard Posts) ပြုလုပ်စိုက်ထူခြင်းနှင့် ကန်ပေါင်ထိပ်မျက်နှာပြင်တစ်လျှောက် ကန့်ကားခင်းခြင်းလုပ်ငန်းများကိုပါ တစ်ပြိုင်တည်းဆောင်ရွက်သွားပါမည်။ လုပ်ငန်းအားလုံးကို စက်ယန္တရားမျိုးစုံ ၁၂၆ စီးဖြင့် စုပြုံပုံအောဆောင်ရွက်သွားမည်ဖြစ်သည်။

ကျိုးနီကန်အား အဆင့်မြှင့်တင်ပြုပြင်တူးဖော်ဆောင်ရွက်ပြီးစီးပါက ကန်ကျိုးပေါက်မှုအန္တရာယ်မှ ကင်းဝေးနိုင်စေမည်ဖြစ်သည်။ ရေသိုလှောင်နိုင်မှုပမာဏ ၈၁၀၀ ဧကပေ(ရေဂါလန်သန်းပေါင်း ၂၂၀၂ သန်းခန့်) ပိုမိုသိုလှောင်နိုင်သဖြင့် ဆည်ရေသောက်ဧရိယာတွင် မိုးစပါးဧရိယာ ဧက ၆၅၀၀ ကျော် စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်မည့်အပြင် နွေစပါးဧရိယာ ဧက ၁၇၀၀ ကျော်ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ကန်၏အနောက်ဘက်ခြမ်းတွင် ရေကာကန်ပေါင်အသစ် ထပ်မံတည်ဆောက်ပေးခြင်းကြောင့် ကန်အနီးရှိကျေးရွာ၊ ရပ်ကွက်၊ မြို့နေဒေသခံပြည်သူများနှင့် လယ်မြေဧရိယာများ ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။ ရမည်းသင်းမြို့သည် သောက်သုံးရေရှားပါးသောဒေသဖြစ်သဖြင့် သောက်သုံးရေဖူလုံစွာရရှိစေမည်ဖြစ်သည်။

ကန်အနီးအနားပတ်ဝန်းကျင် ဒေသခံကျေးရွာများရှိ ပြည်သူလူထုနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်သည်။ ကျိုးနီကန်သည် ရမည်းသင်းမြို့နှင့် ဆက်စပ်ကပ်လျက်တည်ရှိသဖြင့် မြို့ကျက်သရေဆောင် မင်္ဂလာကန်တော်ကြီးဖြစ်လာမည်ဖြစ်သည်။ ကန်ပေါင်တစ်လျှောက် ကန့်ကားခင်းပေးထားမည်ဖြစ်သဖြင့် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာချင်းဆက်လမ်းအဖြစ်တစ်သွယ်၊ ကုန်ထုတ်လမ်းအဖြစ် တစ်မျိုး အသုံးပြုနိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အရေးအားလုံး တိုးတက်မြင့်မားလာစေမည်ဖြစ်သည်။ ကန်အတွင်းသို့ ရေပျော်ငှက်များ ဝင်ရောက်နားခိုမည်ဖြစ်သဖြင့် ကန်၏ သဘာဝအလှဖြင့် ကြည်နူးဖွယ်ဖြစ်ရပါမည်။ အပန်းဖြေအနားယူလိုသူများနှင့် ကျန်းမာရေးလိုက်စားလိုသူများအတွက် နေရာကောင်းတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

သဘာဝရေချိုငါးများဖြစ်သည့် ငါးရံ့၊ ငါးခူ၊ ငါးဖယ်နှင့် ငါးခုံးမ စသည့် ငါးများပေါများသဖြင့် ငါးဖမ်းရေလုပ်သားများ အကျိုးစီးပွားဖြစ်ထွန်းပြီး ရမည်းသင်းမြို့၏သားငါးလိုအပ်မှုကို ပေါများစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ကန်အတွင်းတွင် ရေမှော်များဖြစ်ထွန်းသဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် အစားအစာအထောက်အပံ့များ ရရှိနိုင်စေမည်ဖြစ်သည်။ ခြောက်သွေ့သောအပူပိုင်းဒေသဖြစ်သဖြင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက်လည်း ကန်ရေကို အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ကန်ရေကြောင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အခြေအနေများကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ အကျိုးကျေးဇူး မြောက်မြားစွာရရှိမည့် ရမည်းသင်းမြို့နှင့် ကပ်လျက်တည်ရှိသော နှစ်ဖက်ရပ်ကျိုးနီကန်ကြီး အဆင့်မြှင့်တင်ပြုပြင်တူးဖော်ပြီးစီးပါက သုံးဖက်ရပ်ဆည်တမံ ကျိုးနီကန်အဖြစ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

---

# မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်တွေ့ဆောင်ရွက်နေသော ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်

အေးအေးကြူ
(ကျေးလက်ဦးစီး)

ပြည်သူတို့၏လူမှုစီးပွား ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှရှေ့ပြေးစီမံကိန်း(Pilot Project)အဖြစ် ကျေးရွာပေါင်း ၁၁၅၀ ရွာတွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်၊ အာဟာရပြည့်ဝစေရန် ဖြစ်ပါသည်။

### မြစိမ်းရောင်ကျေးရွာစီမံကိန်းရွေးချယ်မှု

စီမံကိန်းကျေးရွာများကို(Bottom Up)စနစ်ဖြင့် ခရိုင်/မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီ၊ ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများက ညှိနှိုင်းတိုင်ပင်ပြီး ဆင်းရဲသောကျေးရွာများတွင် မွေးမြူရေး၊ စိုက်ပျိုးရေး အကောင်အထည်ဖော်နိုင်မှု၊ တရားဥပဒေစိုးမိုးခြင်း(အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း) ကျေးရွာသူ ကျေးရွာသားများ၏ စိတ်အားထက်သန်မှု၊ ပညာရေးမြင့်မားရေးလိုလားအားပေးမှု၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာဆောင်ရွက်နိုင်မှုရှိသည့် ကျေးရွာများကို ပွင့်လင်းမြင်သာစွာဖြင့် ရွေးချယ်ပြီး သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြကာ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှတင်ပြသည့် ဆင်းရဲနွမ်းပါးသည့် ကျေးရွာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ရွေးချယ်အတည်ပြုပါသည်။



ဖားကူးအရှေ့ကျေးရွာတွင် အရင်းမပျောက်လည့်ပတ်ရန်ပုံငွေချေးငွေ(မြစိမ်းရောင်ကျေးရွာစီမံကိန်း)ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း(ပန်းပဲ) ဆောင်ရွက်နေစဉ်။

### မြစိမ်းရောင်ရန်ပုံငွေ

မြစိမ်းရောင်ရန်ပုံငွေအတွက် လိုအပ်သော ငွေကြေးပမာဏကို နိုင်ငံတော် အရအသုံးငွေစာရင်းမှ ခွင့်ပြုပေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ ခန့်မှန်းခြေဘတ်ဂျက်ရေးဆွဲပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေစာရင်းတွင်ထည့်သွင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြတောင်းခံရပါသည်။ ခွင့်ပြုဘဏ္ဍာငွေရရှိပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ရှိ မြစိမ်းရောင်စီမံကိန်းစာရင်းရှင်သို့ ချက်လက်မှတ်ဖြင့် လွှဲပြောင်းပေးပြီး နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် စီမံကိန်းအကောင်ထည်ဖော်မည့် ကျေးရွာများရှိမြို့နယ်များ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်းငွေစာရင်းစာရင်းရှင်မှတစ်ဆင့် စီမံကိန်းကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေစာရင်းရှင်သို့ လွှဲပြောင်းပေးရပါသည်။ မြစိမ်းရောင်ရန်ပုံငွေစာရင်းကိုလည်း ကျေးရွာအမည်တွဲပြီး မိမိဒေသရှိ မြန်မာ့စီးပွားရေးဘဏ်များမှာ စာရင်းဖွင့်အပ်နှံဆောင်ရွက်ကြရပါမည်။

သက်ဆိုင်ရာ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီတို့မှ သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်သည့် ချေးငွေအောင်သူကို ငွေချေးပေးပါသည်။ ချေးငွေအောင်သူများမှာလည်း မိမိရရှိသည့် ရင်းနှီးငွေများကို မိသားစုအတွက် ဝင်ငွေတိုးမည့်လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ရန်လိုအပ်ပါသည်။ မိမိအတွက်ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည့်လုပ်ငန်းဖြစ်ရပါမည်။

### မြစိမ်းရောင်ကျေးရွာစီမံကိန်း(အရင်းမပျောက်လှည့်ပတ်ရန်ပုံငွေ)ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းအမျိုးအစားများ

ဖော်ပြပါကျေးရွာများရှိ ဆင်းရဲနွမ်းပါးသည့် ကျေးရွာသူ ကျေးရွာသားများသည် မိသားစုစားဝတ်နေရေးအတွက် ရရှိသည့်ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေးကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိပေသည်။

ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများသည် ကိုယ်အားကိုယ်ကိုး ဝင်ငွေတိုးတက်ရေး၊ မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (အရင်းမပျောက်လှည့်ပတ်ရန်ပုံငွေ)ရေရှည်တည်တံ့ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ချေးငွေများကို မိမိကျွမ်းကျင်သည့် လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်မည်ဆိုပါက မိမိလူမှုစီးပွားဘဝ အမြန်ဆုံးတိုးတက်လာပြီး ဆင်းရဲချမ်းသာကွာဟမှုကျဉ်းမြောင်းသွားခြင်းကြောင့် မိမိတို့နိုင်ငံသည်လည်း LDC နိုင်ငံအဖြစ်မှအမြန်ဆုံး လွတ်မြောက်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ပါသည်။ ။

# ရုန်းတောင်ခြေသို့ ဒုတိယတစ်ခေါက်

**မြင့်စိုး(နတလ)**



**ဟားခါးမြို့အဝင်ည**

၁၉၉၈ ခုနှစ်တွင် ကျောင်းသားအားကစားပွဲတော်ကို အကြောင်းပြု၍ ချင်းပြည်နယ်၏ မြို့တော် ဟားခါး မြို့သို့ ပထမအကြိမ် ရောက်ဖြစ်သည်။ အားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် ပြခန်းများ ခင်းကျင်းပြသရမည်ဖြစ်ရာ ပြခန်းကိစ္စပြင်ဆင်ပြီးသည်နှင့် ကျန်အားလပ်ချိန်များကို ခွာရုံကျောင်းဆရာတော်ကြီးအား ဖူးမြော်ခြင်း၊ မြို့မပရိယတ္တိစာသင်တိုက်မှ ဆရာတော်များအား ဖူးမြော်ခြင်း၊ ရုန်းတောင်ပေါ်သို့ ခြေကျင်တက်၍ (ထိုစဉ်က ကားလမ်းမကောင်းသေးပါ) ဇေယျသိဒ္ဓိရုပ်ပွားတော်မြတ်ကြီးနှင့် ကကုသန်စေတီကို ဖူးမြော်ခြင်း၊ ရုန်းတောင်ပေါ်ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးခြင်း၊ ဟားခါးမြို့ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းတို့ဖြင့် ကုန်လွန်စေခဲ့ပါသည်။ အားကစားပွဲတော် စတင်သည်နှင့် ဦးဝမ္မသူးမောင်း အားကစားကွင်းကြီးထဲ၌ ကျင်းပသော ကျောင်းသားအားကစားနည်းအမျိုးမျိုးကို ကြည့်ရှုအားပေးခဲ့သည်။ ထိုပွဲတော်သို့ အနုပညာဖျော်ဖြေရေးတာဝန်ဖြင့် ရုပ်ရှင်မင်းသား ကျော်ရဲအောင်၊ ဝေဠုကျော်၊ ရုပ်ရှင်မင်းသမီး နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ တေးသံရှင် သီရိကိုကို၊ စိမ်းမို့မို့၊ သက်ငုံဖူးနှင့် မို့မို့ဇော်ဝင်းတို့ လာရောက်သီဆိုဖျော်ဖြေခဲ့ကြောင်း အမှတ်ရမိသည်။

၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၏ ခရီးစဉ်နှင့် ဒုတိယအကြိမ် ထပ်မံရောက်ခဲ့သည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က တက်ရောက်ဖူးမြော်ခဲ့သော ရုန်းတောင်ပေါ်ရှိ ဘုရားစေတီများရှိရာသို့ စိတ်ဖြင့် ရည်မှန်းဦးခိုက်ခဲ့ရသည်။ မရောက်ဖြစ်ခဲ့။ ယခု ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ရုံးလုပ်ငန်းတာဝန်ဖြင့် မုံရွာမှတစ်ဆင့် ဟားခါးမြို့သို့ ထွက်ခွာခဲ့သည်။ မုံရွာ-ဂန့်ဂေါ-ဟားခါးလမ်းသည် ၁၉၉၈ ခုနှစ်တွင် မြေလမ်းသာဖြစ်ပြီး ပွဲတော်လာ ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေစေရန် မြေညှိမြေထိုးပြုပြင်ပေးထားသော လမ်းဖြစ်သည်။ ယခု လမ်းပိုင်းနေရာ တော်တော်များများမှာ ကတ္တရာလမ်းဖြစ်နေပါပြီ။ မုံရွာမှ ညီငယ် ကိုအောင်ထွန်းခိုင်က ဂန့်ဂေါအထိ ပို့ပေးသည်။ ဂန့်ဂေါသို့ ဟားခါးမှ ကိုအောင်ဆန်းဦးက လာကြိုသည်။ သူနှင့်အတူ ထွက်ခွာလာရာ ဟားခါးမြို့သို့ ည ၉ နာရီခန့်တွင် ဝင်ရောက်ခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင်လကတည်းက ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်သော ဟားခါးမြို့အဝင် ညရှုခင်းသည်ကား မီးရောင်စုံတလက်လက်ဖြင့် လှချင်တိုင်းလှနေပါတော့သည်။

**တက်ရောက်ဖူးမြော်**

**သာသနာ့ပါလကုန်းမြေတော်**

ရုန်းတောင်ပေါ်ရှိ သာသနာ့ပါလကုန်းမြေ၌ တင့်တယ်သပ္ပာယ်စွာစံနေတော်မူသော ဇေယျသိဒ္ဓိရုပ်ပွားတော်၊ ကကုသန်စေတီတော်တို့ကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် တက်ရောက်ဖူးမြော်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဖူးမြော်ခဲ့စဉ်က ကကုသန်စေတီတော်မှာ တည်နေဆဲဖြစ်သည်။ ယခု ရွှေသင်္ကန်းကပ်လှူထားပြီး ဖြစ်သကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီအနီးရှိ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ရုပ်တုတော်ကိုလည်း ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်စွာ ဖူးမြော်ကန်တော့ခဲ့ရပါသည်။ ၎င်း သာသနာ့ပါလ ကုန်းမြေ၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်သော ဟားခါးမြို့ ခွာရုံကျောင်းဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒ၏ ကျောက်ဖြစ်ရုပ်ကြွင်း ရုပ်ကလပ်တော်ကိုလည်း ဖူးတွေ့ခဲ့ရသည်။ ခွာရုံဆိုသည်မှာ ခွာလွန်းကနေ ရွေ့လျားလာတဲ့ ဝေါဟာရဖြစ်ပြီး ရွာဟောင်းလို့ အမည်ရကြောင်း၊ ဘုန်းကြီး ဒီကိုစရောက်တော့ ကျောင်းမရှိလို့ နွားတင်းကုတ်လို နေရာမျိုးမှာ သီတင်းသုံးခဲ့ကြောင်း၊ နောက်မှ ရွာသားတွေက တစ်အိမ် တိုင်တစ်လုံးစုပြီး ကျောင်းဆောက်ပေးကြောင်း၊ ဖလမ်း၊ တီးတိန်ဘက်ကို ခြေကျင်ကြွပြီး သာသနာပြုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ဆွမ်းအခက်အခဲမဖြစ်ရအောင် ပြောင်းဖူးပေါက်ပေါက်တွေကို ဘုဉ်းပေးခဲ့ရကြောင်းစသည်ဖြင့် လွန်ခဲ့ တဲ့ ၁၆ နှစ်ခန့်က မိန့်ကြားသံကို ပြန်လည်ကြားယောင်မိပါသည်။

**ငြိမ်းချမ်းရေးစေတီတော်**

နိုင်ငံကျော်ဓမ္မကထိက ဒေါက်တာ အရှင်တေဇောသာရ သီတင်းသုံးရာ ဇေတဝန်တောရကျောင်းဝင်းအတွင်း၌ ကမ္ဘာလုံးငြိမ်းချမ်းရေးစေတီတော်ကို တည်ထားလျက်ရှိရာ လာမည့်သီတင်းကျွတ်လပြည့်နေ့၌ ထီးတော်တင်လှူနိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် ဟားခါးခရီးစဉ်အတွင်း ဆရာတော်ကျောင်းသို့ လာရောက်ဖူးမြော်စဉ် ဆရာတော်၏ သာသနာပြုခရီးစဉ်များ၌ ငြိမ်းချမ်းရေးဆိုင်ရာ တရားဓမ္မများ ချီးမြှင့်ဟောကြားပေးပါရန် လျှောက်ထားချက်အရ တရားဓမ္မများ ချီးမြှင့်ဟောကြားခဲ့ရုံမျှမက တစ်ကမ္ဘာလုံးအေးငြိမ်းကြစေဖို့ ရည်သန်လျက်ယင်းစေတီကို တည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးစေတီသည် ဉာဏ်တော် ၁၈ တောင်ရှိပြီး စေတီပတ်လည် အုတ်တံတိုင်းတွင် ပလ္လင်အကျယ် သုံးပေခံ၍ မုဒြာလက်တော်ဟန်အမျိုးမျိုးဖြင့် စာမျက်နှာ ၆ သို့ »»

## မြေကြီးက ရွှေသီးပြီ

**လွိုင်လင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်နှင့် ရှစ်မိုင်ခန့်အကွာ မိုးနဲမြို့သို့အထွက် ကားလမ်းနံဘေးရှိ လွိုင်စန့်ကျေးရွာလေးတွင်(ယင်းကြား) တိုင်းရင်းသားများနေထိုင်လျက်ရှိရာ အဆိုပါတိုင်းရင်းသားများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်စားသောက်လျက်ရှိကြသည်။

ယခု မိုးရာသီအချိန်တွင် ပြောင်း၊ ဂျင်း၊ ပဲ၊ တောင်ယာစပါး၊ နာနတ် အစရှိသည့် သီးနှံများအား စိုက်ပျိုးလျက်ရှိကာ ထိုသီးနှံများထဲမှ နာနတ်သီးအကြောင်း ပြည်သူအများသိရှိနိုင်စေရန် တင်ပြလိုက်ရပါသည်။

နာနတ်ပင်စိုက်ပျိုးမည်ဆိုပါက မိုးမကျမီကြိုတင်ကာ မြေအသင့်ပြင်ထားရပြီး မြေအနေအထားပေါ် မူတည်၍ တစ်ဖြောင့်တည်း အရှည်လိုက် ကျင်းနက်တူးရကာ တစ်မြောင်းနှင့်တစ်မြောင်း လေးပေခွာ၍ တူးရသည်။ အနံ သုံးပေ၊ အောက်အနက် သုံးပေအထိတူးရပြီး စိုက်တော့မည်ဆိုပါက မြောင်းနက်ထဲတွင် မြေကိုဖွပြီး တစ်ပင်နှင့်တစ်ပင် တစ်ပေအကွာ ကျင်းများ တန်းစီကာစိုက်ပျိုးရသည်။ အပင်ကြီးမှခွဲထွက်သော သားတတ်များစိုက်ပျိုးပါက တစ်နှစ်အတွင်း အသီးများပြီး အလုံးထွားကြိုင်းမှုမရှိပါ။ နာနတ်စိုက်ပျိုးရာတွင် နွားချေးများများထည့်စိုက်လေ အသီးချိုလေဖြစ်သည်။ ပုလဲမြေသြဇာများများထည့်စိုက်ပါက အလုံးလှပြီး အပင်ကြီးထွားမှုသန်ကာ အချိုနည်းပြီး အချဉ်ဘက်ပါသည်။ နာနတ်သီးပင်သည် နှင်းခါးမှလွဲ၍ မည်သည့်ရာသီဥတုမျိုးမှမကြောက်ပါ။

ပထမစစိုက်စိုက်ခြင်းနှစ် အပင် ၁၀၀ စိုက်လျှင် နောက်နှစ်အလုံး ၃၀၀ ဝန်းကျင်ထွက်ရှိပြီး တစ်ဧကလျှင် အလုံး ၇၀၀၀မှ ၈၀၀၀ အထိထွက်ရှိ၍ နောက်နှစ်များတွင် သားတက်များက လိုက်သီးကာ တစ်ဧကအလုံး ၁၀၀၀၀ ကျော်ထွက်ရှိသည်။

ဇွန်၊ ဇူလိုင်လများတွင် နာနတ်ဖြိုင်ဖြိုင်ထွက်သောကြောင့် ထော်လာဂျီများဖြင့် နမ့်စန်မြို့အတွင်းသို့ နေ့စဉ်နှင့်အမျှ



အစီးပေါင်းများစွာ သွားရောက်ရောင်းချခြင်းဖြင့်လည်းကောင်း၊ ပွဲစားကုန်သည်ကြီးများက ကားကြီးများဖြင့် ရွာခြံအရောက်ကားထိုးကာ ညအိပ်ဝယ်ယူကြပြီး မြို့ကြီးများသို့ တိုက်ရိုက်ပို့ဆောင်၍ တစ်လုံးလျှင် ကျပ် ၂၀၀ ခန့်ရရှိသဖြင့် မြေကြီးက ရွှေသီးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းသန်း (IPRD)**





## စမ်းချောင်းမြို့နယ်၊ ... သာသနာရေးဆိုင်ရာ ... [illegible]

[illegible]

---

## ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ် ဆိုခြင်း

ဦးသိန်းဆွေ + ဒေါ်ခင်မာရီ ၊ ဦးစောမောင်မောင် ၊ ဒေါ်ခင်နီတာထွန်း

[illegible]

---

## ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ် ဆိုခြင်း

မနှင်းဆီ ၊ မစန်း ၊ မမြင့် ၊ မအေး ၊ မသိင်္ဂီ

ညီအစ်မတစ်စုမိသားစုကောင်းမှု

[illegible]

---

## ကျောက်ပန်းတောင်း ခင်စိုးဦး

# ရွှေသာသူ့ရွှေသာသား

CD/DVD ထွက်ပြီ

[illegible]

---



# ရွှေရည်ဦး



■ ...

"ရွှေရည်ဦး" ...

Ph:09-5010081, ☎:01-246814, 254711, 387566

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ချုပ်ဆိုပေးထားသော အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်း လျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| | ဦးအောင်စိန် [၁၂/လမန(နိုင်)၁၀၈၅၁၀] | အဆောက်အအုံမိတ္တူမှန် လျှောက်ထားခြင်း | တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၂၅)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## နှစ်ဦးသဘောတူကွာရှင်းပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် ဦးထွန်းဝင်း[၉/မလန(နိုင်)၀၀၇၇၃၇]နှင့် ဒေါ်ငွေစန္ဒာ(ခ)ဒေါ်ထက်ထက်[၁၂/လမန(နိုင်)၁၃၈၂၃၉]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၈-၉-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ အကြွင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် ဒေါ်ငွေစန္ဒာ(ခ)မထက်ထက်နှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးထွန်းဝင်း[၉/မလန(နိုင်)၀၀၇၇၃၇]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၁၃၆)၊ မြေကွက်တည်နေရာအမှတ်(၁၃၆)၊ (၂၃)စက်မှုဇုန်ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမောင်စိန်[၁၂/ကတတ(နိုင်)၀၂၃၀၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်စိန်(ဖခင်)နှင့်ဒေါ်ဂနေစမား(မိခင်)တို့ ကွယ်လွန်သဖြင့် (၁) ဦးဘာဘူရေဆင်(ခ)ဦးသိန်းလွင်[၁၂/ပဗတ(နိုင်)၀၁၁၂၂၀]၊ (၂) ဦးဆလူးဝမ်း(ခ)ဦးလှအောင်[၁၂/ပဗတ(နိုင်)၀၁၁၂၁၂]၊ (၃) ဦးဗာစကရင်နာ(ခ)ဦးဇိုးမြင့်[၁၂/ပဗတ(နိုင်)၀၁၀၄၃၇](၄)ဦးရာဂျူးကူးမား(ခ)ဦးအေးကြူ[၁၂/ပဗတ(နိုင်)၀၁၁၂၂၂]၊ (၅)ဦးစိန်လွင်[၁၂/ပဗတ(နိုင်)၀၁၁၂၁၉]၊ (၆) ဦးမောင်မောင်သန်း[၁၂/ပဗတ(နိုင်)၀၁၁၂၂၃]တို့က ကွယ်လွန်သူတို့၏ သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဆေးစက်)၊ မြေကွက်အမှတ်(၄၉၆)၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ (၂)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးသော်ဒါ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်၊ ဦးသော်ဒါ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြရီ[၁၂/ဒပန(နိုင်)၀၀၂၈၃၅]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခွေးရောင်းမည်

Alsation ၂-လ

Chuihuahua ၅-လ(အမ)

ခွေးမျိုးစုံ မှာယူနိုင်သည်။

**Ph:09-420267148**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ | အခန်းတံခါး | ၂ သိန်း |
| ၃။ | ရေချိုးခန်း | ၃ သိန်း |
| ၄။ | ကုဋီတစ်ခန်း | ၅ သိန်း |
| ၅။ | အဝင်တံခါးမကြီးတစ်စုံ | ၇ သိန်း |
| ၆။ | သံကူကွန်ကရစ် လှေကားတစ်စုံ | ၉ သိန်း |
| ၇။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ | ရေစက်တစ်လုံး | ၁၉ သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ သိန်း |
| ၁၁။ | မုခ်ဦး | ၃၀ သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀ သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

## “ခင်နီဒီ” ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ

**အကောင်းဆုံးဝန်ဆောင်မှုများကို ခံစားရင်း ခင်နဒီနှင့် ခရီးသွားကြပါစို့။**
**(သီတင်းကျွတ်ကျောင်းပိတ်ရက် အထူးခရီးစဉ်)**

ခရီးစဉ်(၁) - ဇင်းကျိုက်ရေတံခွန်၊ မဲလံဆံတော်ရှင်စေတီ၊ သထုံရွှေစာရံဘုရား၊ အလံတစ်ရာဘုရား၊ နှီးဘုရား၊ ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် ဆရာတော်ဖူး၊ ကျောက်ပိရဟန္တာ---
ဘုရားဖူးခရီးစဉ်
Oct 7-8 (၁ ညအိပ် ၂ ရက်ခရီး)

ခရီးစဉ်(၂) - ခရီးစဉ်(၁)+ ဆံတော်ရှင် ကျိုးထီးရိုးစေတီ၊ ပဲခူးရွှေမော်ဓောဘုရားနှင့် ပဲခူးဘုရားစုံ၊ ဘုရားဖူးခရီးစဉ်
Oct -7-9(သီတင်းကျွတ်လပြည့်ည မီးထွန်းပွဲအပါအဝင် ၂ ညအိပ် ၃ ရက်ခရီး)

ခရီးစဉ်(၃) - ပျော်ရွှင်ကြည်နူးဖွယ်ရာ ချောင်းသာခရီးစဉ်။
Oct 10-12 (ကမ်းခြေည မီးပုံပွဲနှင့်အတူ ၂ ညအိပ် ၃ ရက်ခရီး)

**ဖုန်း-၀၉-၅၁၄၇၇၇၁၊ ၀၉-၃၃၅၄၅၉၀၉၊ ၀၉-၃၃၄၉၂၂၀၉**

## တရားစခန်းများဖွင့်လှစ်မည်

(ဓမ္မာစရိယ M.A, Ph.D.Thesis University of Kolkata)

## Professor

Ph.D( Tantra & Sastra )(Kol-India)

0950-10735, 0973-207174, 377990

## စိမ့်(ပညာရေး)

## ရှမ်းမင်းသမီးကလေး ဓာတ်မွန်လှ

## ဗုဒ္ဓဓမ္မနှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေးနှင့် မြတ်ဗုဒ္ဓ၏ ဓမ္မများသည် မည်သို့ပတ်သက်သနည်း။ လွတ်လပ်စွာ ကိုးကွယ်ခွင့်ဟူသော စကားလုံးကို မြတ်ဗုဒ္ဓက အဘယ်ထိ ညွှန်ပြခဲ့သနည်း။ လူ့အခွင့်အရေးနှင့် လူသားတို့၏ အခန်းကဏ္ဍအကြောင်း စသည့်အချက်အလက်စုံလင်စွာတို့ဖြင့် တင်ပြထားသည့် ဒေါက်တာဘုန်းသူရိန်၏ ဗုဒ္ဓဓမ္မနှင့် လူ့အခွင့်အရေး အပိုင်း(၁)စာအုပ်ကို ဇမ္ဗူဒီပစာပေ၊ အမှတ်-၉၇၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၆၅၃ တွင် ဝယ်ယူရရှိနိုင်ပါသည်။

## ဗုဒ္ဓဘာသာဇာစ်မြစ်

ဗုဒ္ဓဘာသာ အဘယ်ကြောင့် ပေါ်ပေါက်လာသနည်း

တန်းခိုးရှင်တစ်ဦး၏ စေခိုင်းခြင်းကြောင့်လား(သို့) ဖန်ဆင်းခြင်းကြောင့်လား။

ဗုဒ္ဓဘာသာ အခန်းကဏ္ဍ? လူ့တန်းဖိုးနှင့် ဂုဏ်သိက္ခာ ဘယ်အဆင့်ထိရှိသနည်း စသည်ဖြင့် အချက်အလက်စုံလင်စွာတို့ဖြင့် တင်ပြထားသည့် ဒေါက်တာဘုန်းသူရိန်၏ဗုဒ္ဓဘာသာဇာစ်မြစ် စာအုပ်ကို ဇမ္ဗူဒီပစာပေ၊ အမှတ်-၉၇၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၆၅၃ တွင် ဝယ်ယူရရှိနိုင်ပါသည်။

## အထက(၂)လသာ
## ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သမီးကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ၂၃-၉-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် မြည်လာခန်းမ၌ ကျင်းပပြုလုပ်ပါမည်။ အစမ်းလေ့ကျင့်ပွဲကို ၂၂-၉-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ပြုလုပ်ပါမည်။

**မှတ်ချက်** ။ ။ ဆုပေးပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံပြည့်ဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်။

**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၂)လသာ**

## Columbus Vocational Education Centre (CVEC)

(1)Introductory course to Inbound Tour operations in Myanmar

Tour Company

Tour Company

Basic knowledge of Tourism Industry

Tour destination attraction Facility

operation Basic knowledge

- Hotel Inspection

- Tour Company
- Tour Company
- Tour Guide
- Hotel
- Company NGO
- Travel Section
- Travel Journalist

No(45) ဖုန်း- 215868, 09250293831

## EUGENIASTAR Tours & Travels

**အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း**

- တောင်ကြီး (တန်ဆောင်တိုင်ပွဲ) (7 Oct,31Oct) အင်းလေး-ထမ်စမ်းဂူ-ပင်းတယ
- ထားဝယ်ရှင်ကိုးရှင်- (7 Oct,5 Nov) ကမ်ချနာပူရီ(ယိုးဒယား)
- နေပြည်တော်-ပင်လောင်း-လွိုင်ကော်(7 Oct,5 Nov)
- ပြည်(ရွှေဆံတော်)-အကောက်တောင်-မကွေး(မြသလွန်)- မင်းဘူး (နဂါးပွတ်တောင်)(7 Oct,5 Nov)
- ဘားအံ (ကော့ကွန်းဂူ)(7 Oct,5 Nov) မော်လမြိုင်-မုဒုံ
- စစ်ကိုင်း-မြောင်မြို့ -(7 Oct,5 Nov) (ကျောက်ကလေး၊ ကျောက်နဂါး)-မုံရွာ(ဘောဓိတစ်ထောင်၊ မိုးညှင်းသမ္ဗုဒ္ဓေ
- ချောင်းသာ/ငွေဆောင်(7 Oct,5 Nov) ပုပ္ပါး-ပုဂံ-ပခုက္ကူ(7 Oct,5 Nov)

**လက်မှတ်များကိုအိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။**
**အထက်ပါခရီးစဉ်များကို ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။**

## အထက-ကျော်ကြား အောင်လံမြို့နယ်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## ကန့်ကွက်နိုင်ပါကြောင်း

## ကန့်ကွက်နိုင်ပါကြောင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၉၃၂၊ မြေကွက်တည်နေရာအမှတ်-၁၂၂၊ ပုလဲရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမည်ပေါက် ဦးဇော်ဝင်း(AC-၀၀၁၃၅၈) နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်း (တရားရှုံး)ကိုယ်စား ဘီလစ် ဒေါ်ကြည်ကြည်စန်း[၁၄/လမန(နိုင်)၀၀၄၁၅၂]မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားမကြီးမှုအမှတ်-၅၈/၁၄(၇-၇-၁၄)၊ တရားမဇာရီအမှတ်-၁၈/၁၄(၂၄-၇-၁၄)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၂၄၃)၊ မြေကွက်တည်နေရာအမှတ်(၂၄၃)၊ အောင်တံခွန်လမ်း(၂၉) ရပ်ကွက်၊ ဒဂုံသစ်မြောက်ပိုင်း ဦးညွန့်စိန် (J/ RGN-021259) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်စိန် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်စန်းရီ[၁၂/ဥကတ(နိုင်)၀၇၁၈၅၇]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

